# ကြေးမုံ

The Mirror Daily

၁၉၅၇ ဇပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်၊ တနင်္ဂနွေနေ့။ Sunday, 8 August 2021 ၁၀၄၅၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အာဆီယံ၏ စုပေါင်းအင်အားဖြင့် ကိုဗစ်-၁၉ ၏ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်မည်ဟု ယုံကြည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ**
**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ**
**(၅၄)နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့တွင် ပြည်သူများသို့**
**ပေးပို့သည့် သဝဏ်လွှာ**

**၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၈ ရက်**

ယနေ့သည် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)ကို တည်ထောင်ခဲ့သည့် (၅၄)နှစ်မြောက်နှစ်ပတ်လည် အခါသမယဖြစ်ပါသည်။ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုနှင့် စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အတူတကွသာယာဝပြောမှု၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုတို့နှင့် ထာဝရပြည့်စုံသော ဒေသတစ်ခုအတွင်း အတူတကွပေါင်းစည်းနေထိုင်ကြရန် တူညီသည့်ဆန္ဒဖြင့် အာဆီယံအသင်းကြီးကို တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ ယခုကဲ့သို့ မင်္ဂလာရှိသည့် အခါသမယတွင် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ပြည်သူအပေါင်းနှင့် အာဆီယံဒေသတွင်းရှိ ပြည်သူတစ်ရပ်လုံး ကောင်းကျိုးချမ်းသာမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ယခုအချိန်သည် အာဆီယံ၏အောင်မြင်မှုများနှင့် ယနေ့မိမိတို့ မြင်တွေ့နေရသည့် အာဆီယံအသင်းကြီးအဖြစ်သို့ ရောက်ရှိအောင် မည်သို့ဖြတ်သန်းခဲ့ရသည်ဆိုသည်ကို မိမိတို့အနေဖြင့် သတိချပ်ရမည့် အချိန်အခါကောင်းဖြစ်ပါသည်။ နိုင်ငံ ( ၅ ) နိုင်ငံဖြင့် ဖွဲ့စည်းခဲ့သည့် "အသင်းအဖွဲ့" တစ်ခုအဖြစ်မှ ယနေ့ အာဆီယံသည် အဖွဲ့ဝင်(၁၀)နိုင်ငံလုံး အပြည့်အဝပါဝင်သည့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ကိုဗစ်-၁၉ ရောဂါကာကွယ်ရန် တိုင်းရင်းဆေးထုတ်လုပ်နိုင်ရေး လုပ်ဆောင်လျက်ရှိ
# ယခုလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုကို ထက်ဝက်ကျဆင်းအောင် လုပ်ဆောင်သွားမည်

နေပြည်တော် ဩဂုတ် ၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁၃/၂၀၂၁)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❃

ကြေးမုံ

## ကိုဗစ်ရောဂါသဘာဝကို သတိမူနေထိုင်လုပ်ကိုင်

ကိုဗစ်-၁၉ ရောဂါဗိုင်းရပ်စ်ပိုး၏သဘောသဘာဝသည်ပရိယာယ်မာယာများလှသည်။ အကြမ်းဖျင်းအားဖြင့် နေရာမရွေး၊ လူမျိုးမရွေး၊ အဆင့်အတန်းမရွေး ရောဂါဖြစ်နေကြသည်ကိုတွေ့ရသည်။ ရောဂါပိုးမကူးစက်အောင် အထူးဂရုစိုက်နေသည့်ကြားမှ ရောဂါဖြစ်ချင်လျှင် ဖြစ်သွားနိုင်သည်ကို တွေ့ရသည်။ ထို့ကြောင့် မည်သည့်အခြေအနေတွင် ရှိသည်ဖြစ်စေ ရောဂါပိုးမကူးစက်အောင် ရောဂါပိုးသဘာဝနှင့် ရောဂါကူးစက်မှုကို ခံနိုင်ရည်ရှိအောင် အထူးသတိမူနေထိုင်လုပ်ကိုင်ကြရမည်ဖြစ်သည်။

ယခုအခါတွင် နိုင်ငံတစ်ဝန်း၌ ကာကွယ်ဆေးများကို သက်ဆိုင်ရာအစုလိုက် ရောဂါကူးစက်မှုမရှိစေရန် စနစ်တကျထိုးနှံပေးနိုင်ရေးအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးကော်မတီများက ကြပ်ကြပ်မတ်မတ် ဆောင်ရွက်နေသည်။ ထိုသို့ဆောင်ရွက်သောကြောင့် ကာကွယ်ဆေးထိုးပြီးသောပြည်သူများ ရောဂါကူးစက်မှုခံနိုင်ရည်နှင့်ပတ်သက်သည့် အကျိုးကျေးဇူးများကို သိလာရသည်။ ကိုဗစ်- ၁၉ ရောဂါသည် တစ်ကမ္ဘာလုံးပျံ့နှံ့နေပြီး မည်သူမဆို၊ မည်သည့်နေရာမဆို ပြန့်ပွားနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ အကယ်၍ ရောဂါပိုးသည် လူတစ်ဦးသို့ ရောက်ရှိနိုင်ခြေရှိပြီဆိုပါက ကာကွယ်ဆေးမထိုးထားသူများတွင် ကူးစက်နိုင်သည့်ရက်မှာ ရှစ်ရက်ကျော်ရှိနိုင်ပြီး ကာကွယ်ဆေးထိုးထားသူတွင် နှစ်ရက်၊ သုံးရက်နှင့် ရောဂါကို ဖယ်ရှားတွန်းလှန်နိုင်သည်။

ကိုဗစ်-၁၉ ရောဂါ ပထမလှိုင်းနှင့် ဒုတိယလှိုင်းကာလက ရောဂါပိုးကူးစက်မှုနှုန်းထက် ယခုကူးစက်မှုဒယ်လ်တာပိုးက ပို၍လျင်မြန်စွာကူးစက်နေသည်။ ယခင်က အလွန်ကူးစက်မြန်သော ဆားစ်၊ မားစ်၊ အီဘိုလာ၊ ရာသီတုပ်ကွေး၊ ကျောက်ရောဂါပိုးများထက် ယခုဒယ်လ်တာပိုးသည် ကူးစက်မြန်ပြီး လူတို့ကို ဒုက္ခပေးမှုလည်း ပိုမိုများကြောင်း တွေ့ရှိထားကြသည်။ ရေကျောက်ရောဂါပိုးနှင့်ဆိုလျှင် ကူးစက်မှု တန်းတူရှိပြီး ဝက်သက်ရောဂါပိုးမှာမူ ဒယ်လ်တာပိုးထက် ပိုမိုကူးစက်မှုမြန်သည်။ ကိုဗစ်-၁၉ ရောဂါကို ဖြစ်စေနိုင်သော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါပိုးများစွာရှိသော်လည်း လူကိုကူးစက်နိုင်သော မျိုးနွယ်များတွင် ဆားစ်၊ မားစ်နှင့် ယခုကိုဗစ်-၁၉ ရောဂါပိုးသည် အဆိုးဆုံးဖြစ်သည်။

ကာကွယ်ဆေးထိုးပြီးသွားသူများအနေဖြင့် နှာခေါင်းနှင့်လည်ချောင်းတွင် ရောဂါပိုးရောက်ပြီဟု ခန္ဓာကိုယ်က အချက်ပေးသောအခါ နှာခေါင်းနှင့်လည်ချောင်းတွင် ရှိပြီးသား ကိုယ်ခံစွမ်းအားစစ်သည်များက ရောဂါပိုးကို လာရောက်တိုက်ခိုက်ကြပါသည်။ အစပိုင်း တစ်ရက်၊ နှစ်ရက်ခန့်တွင် ရောဂါပိုးကို လုံလောက်အောင် တိုက်ခိုက်နိုင်စွမ်းမရှိသော်လည်း နောက်ပိုင်းတွင် ခန္ဓာကိုယ်မှ ကိုယ်ခံစွမ်းအားများက စုပေါင်းတိုက်ခိုက်သောအခါ အဆုတ်သို့ ရောက်ရှိဒုက္ခပေးနိုင်သည့် ဝေဒနာခံစားရမှုဖြစ်လာသည့်အခြေအနေ မဖြစ်တော့ပေ။ သာမန် နှာစေး၊ ချောင်းဆိုး၊ ဖျားနာလောက်ရုံနှင့် ပြီးပြတ်သွားနိုင်သည်။ အစောပိုင်းနှစ်ရက်တွင် အခြားသူများသို့ ကူးစက်မှုရှိနိုင်သဖြင့် လူများနှင့်တွေ့ဆုံသောအခါ ပါးစပ်နှာခေါင်းစည်းတပ်ရန် သတိပေးထားသည်။

သို့သော် ကာကွယ်ဆေးသည် လူတစ်ဦးကို လုံးဝကာကွယ်နိုင်သည့်ဆေးတော့ မဟုတ်ပေ။ လူတစ်ဦးအနေဖြင့် ၎င်းတွင် နဂိုကတည်းက သွေးတိုး၊ ဆီးချို၊ နှလုံး၊ ကျောက်ကပ်၊ ကင်ဆာနှင့် ကိုယ်ခံအားကျဆင်းနေသော ရောဂါအခံများရှိနေခြင်း၊ အသက်အရွယ်ကြီးရင့်နေခြင်း၊ ရောဂါတစ်မျိုးမျိုးကို ဖြစ်စေနိုင်သည့်၊ ဆိုးရွားစေနိုင်သည့်အကြောင်းရင်းများရှိနေမည်ဆိုပါက ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးထားသော်လည်း အသက်သေဆုံးမှုအနည်းငယ်ရှိနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ ထို့ကြောင့် ကာကွယ်ဆေးထိုးခြင်းအပြင် မိမိတို့တွင် ရောဂါအခံများ နည်းပါးအောင်၊ နေထိုင်စားသောက်၊ လုပ်ကိုင်မှုများ မှန်ကန်အောင် အစဉ်အမြဲသတိထားရမည်ဖြစ်သည်။

ယခုအခါတွင် မိမိတို့ထံသို့ မည်သည့်အချိန် တံခါးလာခေါက်မည်မှန်းမသိသည့် ရောဂါဖြစ်ပွားနေသောအခါတွင် မိမိကိုယ်ကို ရောဂါကင်းဝေးအောင် နေထိုင်ခြင်း၊ ရောဂါရှိပါကလည်း ရှိသည့်ရောဂါသက်သာစေရန် အထူးဂရုစိုက်နေထိုင်ခြင်း၊ မိမိတို့၏ ကိုယ်ခံအား အထူးကောင်းမွန်အောင် အမြဲဆောင်ရွက်ခြင်း၊ မည်သို့သော အခြေအနေရောက်ရောက် မိမိတို့၏စိတ်ဓာတ်ကြံ့ခိုင်အောင်၊ ကိုဗစ်ရောဂါကို အထူးစိုးရိမ်ကြောက်လန့်ခြင်းမဖြစ်အောင် သတိထားနေထိုင်ကြရမည်ဖြစ်သည်။ အိပ်ရေးဝအောင် အိပ်စက်ခြင်း၊ အစားအစာအာဟာရမျှတအောင် စားသောက်ခြင်း၊ စိတ်ချမ်းသာအောင်နေထိုင်ခြင်း၊ လောဘ၊ ဒေါသ၊ မောဟများကို အတတ်နိုင်ဆုံး လျှော့ချနေထိုင်ခြင်းတို့ကို ပြုလုပ်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူများအနေဖြင့် အလွန်ကူးစက်မြန်သော ကိုဗစ်-၁၉ ရောဂါ၏ သဘောသဘာဝကို သိရှိနားလည်ထားနိုင်အောင် လေ့လာထားကြပြီး ရောဂါကူးစက်ခြင်းမခံရအောင်၊ အကယ်၍ ကူးစက်ခံရမှုရှိလာလျှင်လည်း ခုခံတွန်းလှန်နိုင်အောင် ကြိုးစားအားထုတ်သွားရမည်ဖြစ်ပါကြောင်း။ ။

## UMFCCI မှ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆေးဝါးများ ဈေးကွက်အတွင်း ပြတ်လပ်မှုမရှိစေရေးနှင့် ပြည်ပမှတင်သွင်းရာတွင် အဆင်ပြေချောမွေ့စေရေးဆိုင်ရာများ အရှိန်မြှင့်ဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၇**

ကိုဗစ်-၁၉ ရောဂါ ကာကွယ် ကုသဆေးရရှိရေး၊ ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေး၊ ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုများ နည်းလမ်းတကျရရှိရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) သည် သက်ဆိုင်ရာကော်မတီများ၊ ဌာနများ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သည်များ၊ အသင်းအဖွဲ့ ကိုယ်စားလှယ်များနှင့် အရှိန်မြှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဇူလိုင် ၂၅ ရက်၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ဆေးဝါးများ ဈေးကွက်အတွင်း ပြတ်လပ်မှုမရှိစေရေးနှင့် ပြည်ပမှတင်သွင်းရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် အသင်းချုပ်မှ အထွေထွေ အတွင်းရေးမှူးချုပ် ဦးအေးဝင်း ခေါင်းဆောင်သော UMFCCI Task Force ကို စတင်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

Task Force သည် ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ကုသရေးနှင့်သက်ဆိုင်သည့် ဆေးဝါးများ၊ ဆေးပစ္စည်းကိရိယာများ တင်သွင်းရာတွင် အခက်အခဲများအား ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးခြင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)သို့ One-Time Permit များ လျှောက်ထားရာတွင် လက်ခံဆောင်ရွက်ပေးခြင်း၊ သက်ဆိုင်ရာဌာနအသီးသီးနှင့် ချိတ်ဆက်ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ပေးလျက်ရှိသည်။

အဆိုပါ Task Force ရုံးအဖွဲ့ကို အသင်းချုပ်ရုံး မြေညီထပ်တွင် နေ့စဉ် ဖွင့်လှစ်ထားရှိပြီး ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများ တင်သွင်းထုတ်လုပ် ဖြန့်ဖြူးရောင်းချနေသည့် လုပ်ငန်းရှင်များအား ကူညီဆောင်ရွက်ပေးလျက်ရှိရာ ဖုန်းနံပါတ် ၀၉-၆၇၇၇၂၇၄၀၃, ၀၉-၆၇၇၇၂၇၄၀၄, ၀၉-၆၇၇၇၂၇၄၀၅ တို့ကို ဆက်သွယ်နိုင်ကြောင်း သိရသည်။ **မောင်ခနေ**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေး ထုတ်ပေးလျက်ရှိ



**နေပြည်တော် ဩဂုတ် ၇**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ကုသရေး ပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ်ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဩဂုတ် ၇ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီ ၇၀ မှ Claxo 60 Injection ၁၀၀၀၀၊ Enoxaparin Injection ၂၅၀၀၀၊ Flow Meter ၃၄၁၆ ခု၊ Hundifier ၆၁ ခု၊ Oxygen Mask အခုရေ ၁၄၁၀၊ Oximeter ၄၄၆၀၊ Oxygen Concentrator ၂၅၀၇ ခု၊ Oxygen Regulator ၂၅၄၁ ခု၊ Oxygen Terminal ၁၄ ခု၊ Remdigen Infusion ၃၀၀၀၊ ရန်ကုန်ဆိပ်ကမ်းများတွင် ကိုဗစ်-၁၉ ကာကွယ်ကုသဆေးနှင့် အခြားဆေးမျိုးစုံ ၃၈၄၈၅ ဒသမ ၂၅ ကီလိုဂရမ်၊ နယ်စပ် (မူဆယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီ၊ တာချီလိတ်၊ မြဝတီ) တွင် ကုမ္ပဏီ ၆၀ ခုမှ Hand Antiseptic Rinse Free Gel နှစ်ပုံး၊ Liquid Oxygen ၁၄၆၂၅ ဒသမ ၁ ကုဗမီတာ၊ Disposable Mask ၁၅၈၉၂၇ ကီလိုဂရမ်၊ Spary Bottle 100 ml ၅၅၄၅ ခု၊ Glucose And Sodium Chloride Injection ၂၇၀၀၀ ကီလိုဂရမ်၊ Oxygen Mask အခုရေ ၃၄၄၅၀၊ Glove အစုံ ၁၅၄၀၀၊ ဘီတာဆိုက်ဘာမတ်ထရင်းဆေးရည် ၇၂ ပုံး၊ Rice တန် ၅၀၊ Oxygen Concentrator ၁၁၆၃ ခု၊ Flow Meter ၁၁၆၇၀၊ PPE Gown ၄၆၇၄၂ ခု၊ Oximeter ၅၀၀၀၊ Oxygen Cylinder Trolley ၂၀၀၊ Oxygen Plant တစ်ခု၊ Goggle ၅၄၀၊ Thermometer ၅၄၀၊ Disposable Cap ၁၈၄၀၀၊ Oxygen Cylinder ၈၄၅၆ ခုတို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အငယ်တန်း | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | သုတေသန | - ဒေါ်ဇင်မာဝင့် |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | စာပြင် | - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာမျက်နှာဖွဲ့စည်းမှုနှင့် | - ဦးတင်ထွန်းတာ၊ ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | ဒီဇိုင်း | |
| အကြီးတန်း | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦး |
| သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း | | |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ကာကွယ်ဆေးထိုးနှံခြင်းတွေ ဆောင်ရွက်နေချိန်မှာ ကျန်းမာရေးအသိရှိရှိနဲ့ သွားရောက်ထိုးနှံကြဖို့ အသိပေးလို

မြန်မာပြည်တွင်းမှာပဲ ကာကွယ်ဆေးထုတ်လုပ်နိုင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနှစ်ကုန်ပိုင်းမှာဆိုရင် တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ ကာကွယ်ဆေးလွှမ်းခြုံမှု ၅၀ ရာခိုင်နှုန်းရှိမယ်လို့ ခန့်မှန်းထားပါတယ်။ ကိုဗစ်-၁၉ ကူးစက်မှုဟာ ကမ္ဘာ့ဒေသအသီးသီးမှာ ကြီးမား ကျယ်ပြန့်စွာဖြစ်နေတဲ့အတွက် ကာကွယ်ရေးနဲ့ ကုသဆေးများရရှိရေးကိုလည်း နိုင်ငံတိုင်းကကြိုးစားနေရပါတယ်။ ဒါ့ကြောင့် ပြည်သူတွေအနေနဲ့ မိမိမြို့နယ်၊ ဒေသအတွင်း အခုလို ကာကွယ်ဆေးထိုးနှံခြင်းတွေ ဆောင်ရွက်နေချိန်မှာ ကျန်းမာရေးအသိရှိရှိနဲ့ သွားရောက်ထိုးနှံကြဖို့ အသိပေးလိုပါတယ်။

( ၁-၈-၂၀၂၂ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၆)လပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

☆ အာဆီယံမှ

ဒေသဆိုင်ရာအဖွဲ့အစည်း "အသိုက်အဝန်း" တစ်ခုအဖြစ်သို့ တိုးတက်ပြောင်းလဲလာခဲ့ပြီးဖြစ်ပါသည်။ အမှန်တကယ်အားဖြင့် ယင်းအခြေအနေသို့ လွယ်လွယ်ကူကူဖြင့် ရောက်ရှိလာခဲ့ခြင်းမဟုတ်ပါ။ အာဆီယံအနေဖြင့် ဖြတ်သန်းခဲ့ရသည့် ခရီးတစ်လျှောက် ငွေကြေးအကျပ်အတည်း ပြဿနာမှသည် ယနေ့ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါအထိ အခက်အခဲ စိန်ခေါ်မှုပေါင်းများစွာကို ရင်ဆိုင်ကျော်ဖြတ်ခဲ့ရပါသည်။

ရာစုနှစ်တစ်ဝက်ကျော်ကြာ ဖြတ်သန်းလာခဲ့ပြီးနောက် အာဆီယံသည် အခက်အခဲများကြားမှ အောင်မြင်မှုများစွာကိုလည်း ဆွတ်ခူးနိုင်ခဲ့ပြီး အာဆီယံ၏ စုပေါင်းအင်အားကပင် ယင်းစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် အာဆီယံအတွက် နည်းလမ်းများကို ဖော်ဆောင်ပေးနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ သို့ရာတွင် မိမိတို့အနေဖြင့် ဆောင်ရွက်ရမည့် တာဝန်များ များစွာကျန်ရှိနေဆဲဖြစ်ပါသည်။ **"မတူကွဲပြားမှုများအကြား စည်းလုံးညီညွတ်မှု"** ဟူသော အာဆီယံ၏ ဝိသေသလက္ခဏာကို ထိန်းသိမ်းရန်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

အာဆီယံအသင်းကြီးကို စတင်တည်ထောင်ခဲ့သည့် ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့မှစ၍ အာဆီယံသည် စည်းမျဉ်းကို အခြေခံသည့် ဒေသဆိုင်ရာ အဖွဲ့အစည်းတစ်ခုအဖြစ် အောင်မြင်စွာတိုးတက်ပြောင်းလဲလာနိုင်သကဲ့သို့ အာဆီယံပဋိညာဉ်စာတမ်းတွင် ပြဋ္ဌာန်းထားသည့် ရည်မှန်းချက်များ၊ မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း ဥပဒေနှင့်အညီ ရပ်တည်နိုင်ခဲ့ပါသည်။ မဟာဗျူဟာအရ ပြိုင်ဆိုင်မှုများကြီးမားလာခြင်းနှင့် နိုင်ငံများအကြား အကျိုးစီးပွားကွဲပြားလာမှုများနှင့်အတူ အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲလာသည့် ဒေသတွင်းဖြစ်ပေါ်လာသည့် ယန္တရားအသစ်တွင် အာဆီယံပဋိညာဉ်စာတမ်းနှင့် အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်(TAC)ပါ အခြေခံမူများသည် နိုင်ငံအချင်းချင်းအကြား ဆက်ဆံရာ၌ အရေးပါသည့် အခြေခံမူများအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်ပြီး အာဆီယံ၏ စည်းလုံးညီညွတ်မှုစိတ်ဓာတ်နှင့် ဆွေးနွေးညှိနှိုင်းခြင်းနှင့် တူညီဆန္ဒ (2C)ကို အခြေခံသည့် အာဆီယံနည်းလမ်းတို့ကို ဆက်လက်ထိန်းသိမ်းသွားရမည် ဖြစ်ပါသည်။

TAC တွင် ပါဝင်လက်မှတ်ရေးထိုးလိုသည့်နိုင်ငံများ များပြားလာသကဲ့သို့ အာဆီယံနှင့် မိတ်ဖက်ဆက်ဆံရေး ထူထောင်လိုသည့် နိုင်ငံအရေအတွက်လည်း တိုးမြင့်လျက်ရှိသည့်အပေါ် မိမိတို့အနေဖြင့် အားတက်မိပါသည်။ ယင်းသို့ တိုးတက်များပြားလာခြင်းမှာ အခြားနိုင်ငံများက အာဆီယံ၏ စံတန်ဖိုးများအပေါ် ထားရှိသည့် ယုံကြည်ချက်ခိုင်မာမှုနှင့် လေးစားမှုကို ထင်ဟပ်ပြသနေခြင်းဖြစ်ပါသည်။ တစ်ဖက်တွင်လည်း အာဆီယံအနေဖြင့် ၎င်း၏မိတ်ဖက်နိုင်ငံများနှင့် ဆက်ဆံရေးတိုးမြှင့်ခြင်း၊ ဥပမာအားဖြင့် အာဆီယံ-ဥရောပသမဂ္ဂ ဆွေးနွေးဖက်ဆက်ဆံရေးကို မဟာဗျူဟာမိတ်ဖက် ဆက်ဆံရေးအဆင့်သို့ တိုးမြှင့်ခြင်းကဲ့သို့သော အခြေအနေများသည်လည်း မိတ်ဖက်နိုင်ငံများအပေါ် အာဆီယံ၏တန်ဖိုးထားမှုကို သက်သေပြနေခြင်းဖြစ်ပါသည်။ မိမိတို့အနေဖြင့် ပြင်ပမိတ်ဖက်နိုင်ငံများနှင့် ဆက်ဆံရာတွင် အာဆီယံဗဟိုပြုမှုနှင့် စည်းလုံးညီညွတ်မှုကို အလေးထားလျက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အာဆီယံအနေဖြင့် ကမ္ဘာကြီးနှင့် ပိုမိုထိတွေ့ဆောင်ရွက်နိုင်ရန် တတိယနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၌ အာဆီယံကော်မတီများကို ဖွဲ့စည်းထားရှိဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်ထိ ကမ္ဘာ့မြို့တော်များနှင့် အခြားအရေးပါသည့်မြို့ကြီးများတွင် အာဆီယံကော်မတီပေါင်း (၅၄)ခုကို တရားဝင်ဖွဲ့စည်းထားရှိပြီးဖြစ်ပါသည်။ အဆိုပါကော်မတီများသည် အာဆီယံ၏ အကျိုးစီးပွားနှင့် ဝိသေသလက္ခဏာကို မြှင့်တင်ရန်အတွက်လည်းကောင်း၊ သက်ဆိုင်ရာ အိမ်ရှင်နိုင်ငံများနှင့် နီးကပ်စွာထိတွေ့ဆက်ဆံမှုများမှတစ်ဆင့် အာဆီယံ၏ ပြင်ပမိတ်ဖက်ဆက်ဆံရေး ခိုင်မာအားကောင်းစေရန်အတွက်လည်းကောင်း၊ အာဆီယံနှင့် အခြားကမ္ဘာ့နိုင်ငံများကို ပေါင်းကူးချိတ်ဆက်ပေးရန်အတွက်လည်းကောင်း ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါသည် မိမိတို့အားလုံး လက်ရှိ နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုဖြစ်သည့်အားလျော်စွာ အာဆီယံအနေဖြင့် ဒေသတွင်း ရောဂါပိုးပြန့်ပွားမှုတိုက်ဖျက်ရေးနှင့် ကိုဗစ်-၁၉ ကြောင့် ဘက်ပေါင်းစုံမှ ဖြစ်ပေါ်လာမည့်ဆိုးကျိုးများမှ အမြန်ဆုံးပြန်လည်ထူထောင်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အာဆီယံ၏ စုပေါင်းအင်အားဖြင့် ကိုဗစ်-၁၉ ၏ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်မည်ဟု မိမိတို့အနေဖြင့် ယုံကြည်ပါသည်။ တာဝန်ယူမှုရှိသော အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့်လည်း ၂၀၂၂ ခုနှစ် အာဆီယံဥက္ကဋ္ဌမှချမှတ်ထားသည့် **"သာယာဝပြောသော အာဆီယံသို့ အပြန်အလှန်ဖေးမကူညီမှုဖြင့် အတူတကွ ပြင်ဆင်ဆောင်ရွက်ကြပါစို့"** ဟူသော ဆောင်ပုဒ်နှင့်အညီ အာဆီယံနှင့် လက်တွဲဆောင်ရွက်လျက်ရှိပြီး အာဆီယံ ကိုဗစ်-၁၉ တုံ့ပြန်ရေးရန်ပုံငွေသို့ မြန်မာနိုင်ငံမှ အမေရိကန်ဒေါ်လာ တစ်သိန်း ထည့်ဝင်လှူဒါန်းထားပြီးဖြစ်ပါသည်။ အာဆီယံအနေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းများအားလုံး ပြီးမြောက်ပါက အကျိုးကျေးဇူးများကို ပြည်သူများလက်ထဲသို့ အမြန်ဆုံးပေးအပ်နိုင်မည်ဖြစ်ပါသည်။

လက်ရှိ ကိုဗစ်-၁၉ ကပ်ရောဂါ၏ စိန်ခေါ်မှုများကို မိမိတို့အနေဖြင့် အာရုံစိုက်ဆောင်ရွက်နေသကဲ့သို့ ဒေသတွင်း ပေါင်းစည်းရေးလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ဒေသတွင်း ပေါင်းစည်းရေးလုပ်ငန်းသည် အာဆီယံအသိုက်အဝန်းတည်ဆောက်မှု အောင်မြင်ရေးအပြင် နိုင်ငံတကာအသိုက်အဝန်းတစ်ခုလုံးအတွက် ပိုမိုကောင်းမွန်သည့်အနာဂတ်ကို ဖန်တီးပေးနိုင်ရေးအတွက် အဓိကအရေးပါသည့် အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါသည်။

အာဆီယံကို တည်ထောင်ခဲ့သည့် ပုဂ္ဂိုလ်ကြီးများ၏ အမြော်အမြင်ကြီးမားမှုနှင့် ရည်ရွယ်ချက်များသည် အာဆီယံကို စည်းမျဉ်းကိုအခြေခံ၍ ခိုင်မာအားကောင်းပြီး အောင်မြင်ကြွယ်ဝသည့် ဒေသဆိုင်ရာ အဖွဲ့အစည်းကြီးတစ်ရပ်အဖြစ် ပေါ်ထွန်းလာစေရေးအတွက် လမ်းကြောင်းများ ချမှတ်ပေးခဲ့ပါသည်။ အနာဂတ်အာဆီယံကို မည်သို့ပုံဖော်ရေးသားမည်ဆိုသည်မှာ ယနေ့ အာဆီယံပြည်သူများအပေါ် မူတည်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအသိုက်အဝန်းတည်ဆောက်ရေးနှင့် ဒေသတွင်းပေါင်းစည်းရေး လုပ်ငန်းများ အောင်မြင်စေရေးအတွက် အာဆီယံနှင့်အတူ လက်တွဲဆောင်ရွက်သွားရန် ခိုင်မာစွာသန္နိဋ္ဌာန် ချမှတ်ထားပါသည်။ ယခုအချိန်သည် အာဆီယံအသိုက်အဝန်းအတွင်း တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဖေးမကူညီမှုဝေဆောင်ရွက်ကြရမည့်အချိန်ဖြစ်ပါသည်။ အာဆီယံ၏ ရည်မှန်းချက်များကို ဖော်ဆောင်ရာတွင် ပြည်သူများအနေဖြင့်လည်း မိမိတို့နှင့်အတူ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြပါရန် အခွင့်ကြုံခိုက် တိုက်တွန်းအပ်ပါသည်။

❖ **လက်ရှိ ကိုဗစ်-၁၉ ကပ်ရောဂါ၏ စိန်ခေါ်မှုများကို မိမိတို့အနေဖြင့် အာရုံစိုက်ဆောင်ရွက်နေသကဲ့သို့ ဒေသတွင်း ပေါင်းစည်းရေးလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားရမည်**

❖ **ဒေသတွင်း ပေါင်းစည်းရေးလုပ်ငန်းသည် အာဆီယံအသိုက်အဝန်း တည်ဆောက်မှု အောင်မြင်ရေးအပြင် နိုင်ငံတကာ အသိုက်အဝန်းတစ်ခုလုံးအတွက် ပိုမိုကောင်းမွန်သည့် အနာဂတ်ကို ဖန်တီးပေးနိုင်ရေးအတွက် အဓိကအရေးပါသည့် အစိတ်အပိုင်းတစ်ရပ်ဖြစ်**

**ကိုဗစ်-၁၉ ကပ်ရောဂါသည် မိမိတို့အားလုံး လက်ရှိနဖူးတွေ့ ဒူးတွေ့ရင်ဆိုင်နေရသည့် စိန်ခေါ်မှုဖြစ်သည့်အားလျော်စွာ အာဆီယံအနေဖြင့် ဒေသတွင်း ရောဂါပိုးပြန့်ပွားမှု တိုက်ဖျက်ရေးနှင့် ကိုဗစ်-၁၉ရောဂါကြောင့် ဘက်ပေါင်းစုံမှဖြစ်ပေါ်လာမည့် ဆိုးကျိုးများမှ အမြန်ဆုံးပြန်လည်ထူထောင်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်**



ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ရှင်းလင်းဆွေးနွေးတင်ပြစဉ်။



ကောင်စီအဖွဲ့ဝင် ဦးသိန်းညွန့် ရှင်းလင်းဆွေးနွေးတင်ပြစဉ်။



ကောင်စီအဖွဲ့ဝင် ဦးခင်မောင်ဆွေ ရှင်းလင်းဆွေးနွေးတင်ပြစဉ်။



ကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင် ရှင်းလင်းဆွေးနွေးတင်ပြစဉ်။

**ကူးစက်မှုနှုန်းလျှော့ချနိုင်ရန်အတွက် ရုံးပိတ်ရက်များ သတ်မှတ်ပေးခဲ့ကြောင်း၊ တတိယလှိုင်းစတင်ဖြစ်ပွားသည့် ဇူလိုင်လဆန်းတွင် ကူးစက်မှုနှုန်းများ မြန်ဆန်ခဲ့ပြီး သေဆုံးမှုများလည်း မြင့်တက်မှုများရှိခဲ့ကြောင်း၊ အသွားအလာများ ကန့်သတ်ခြင်းနှင့် စည်းကမ်းထိန်းချုပ်ခြင်းများ ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် ကူးစက်မှုနှင့်သေဆုံးမှုများ တဖြည်းဖြည်းလျော့ကျလာကြောင်း၊ ထိုကဲ့သို့ ကျဆင်းလာခြင်းမှာ ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်ခြင်းကြောင့်ဖြစ်**

✻ ရှေ့ဖုံးမှ

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့ တက်ရောက်ကြသည်။

### တည်ငြိမ်မှုရှိလာပြီ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုအခါ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနှုန်း မြင့်မားလျက်ရှိသော်လည်း မျက်ခြည်မပြတ်ဆောင်ရွက်နေသလို နိုင်ငံလုံခြုံရေးနှင့် နိုင်ငံရေးအခြေအနေအားလုံးအား စနစ်တကျစီမံဆောင်ရွက်လျက်ရှိကြောင်း၊ အချို့သော အကြမ်းဖက်တိုက်ခိုက်မှုများမှအပ တည်ငြိမ်မှုရှိလာပြီဖြစ်ကြောင်း၊ အဆိုပါအကြမ်းဖက်မှုများနှင့်ပတ်သက်၍လည်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုကြောင့် ယခုဩဂုတ်လမှစ၍ မရှိသလောက်ဖြစ်လာပြီဖြစ်ကြောင်း။

လုပ်ငန်းတာဝန်ခွဲဝေမှုနှင့် စီမံခန့်ခွဲမှုရေးတို့နှင့်ပတ်သက်၍ ရပ်ကျေးအဖွဲ့များ၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးနှင့် ပြည်ထောင်စုအဆင့်အုပ်ချုပ်ရေးအဖွဲ့အစည်းများ အဆင့်ဆင့်ရှိကြောင်း၊ တပ်မတော်တွင်လည်း အလားတူပင် အဆင့်ဆင့်ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများစီမံခန့်ခွဲမှုဆောင်ရွက်ရာတွင် အဆင့်များကို ကျော်လွန်၍ တိုက်ရိုက်စီမံဆောင်ရွက်ခြင်းကြောင့် အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်များ ကျဆင်းလာနိုင်ကြောင်း၊ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် အဆင့်ဆင့် တာဝန်ယူဆောင်ရွက်ကြရန်လိုကြောင်း၊ လိုအပ်ချက် တင်ပြဆောင်ရွက်နိုင်သလို စီမံခန့်ခွဲနိုင်ခွင့်ပေးထားကြောင်း၊ စီမံခန့်ခွဲရေးနယ်ပယ်တွင် မိမိသဘောဆန္ဒဖြင့် မူဝါဒနှင့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ကျော်လွန်ဆောင်ရွက်၍ မရသကဲ့သို့ ခွင့်ပြု၍လည်း မရကြောင်း၊ လုပ်ပိုင်ခွင့်အရဆောင်ရွက်သည့် ကိစ္စရပ်များကို ခွင့်ပြုပေးထားကြောင်း၊ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် အောင်မြင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်အား အောင်မြင်အောင် ဆောင်ရွက်ရန်လိုပြီး ယင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အခြေခံမူဖြစ်ကြောင်း၊ နိုင်ငံ၏ပကတိအခြေအနေနှင့် ကိုက်ညီသည့် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များအား ချမှတ်ထားခြင်းဖြစ်သဖြင့် ခိုင်ခိုင်မာမာဖြင့် ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို မှန်ကန်စွာ လျှောက်လှမ်းနိုင်ရေးသည် မိမိတို့၏ အဓိကရည်မှန်းချက်ဖြစ်ပြီး အခိုင်အမာ အာမခံချက်ပေးထားကြောင်း။

### လျော့ကျလာ

ကိုဗစ်-၁၉ နှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၌ ပထမလှိုင်းနှင့် ဒုတိယလှိုင်းတွင် ထိခိုက်မှုနည်းပါးခဲ့သော်လည်း တတိယလှိုင်းတွင် ဖြစ်ပွားမှုနှုန်းမြင့်တက်လာကြောင်း၊ ရောဂါကူးစက်မှုသည် ပြည်သူများ၏ သွားလာမှုနှင့် စည်းကမ်းလိုက်နာမှုအပေါ်တွင် မူတည်သဖြင့် စာသင်ကျောင်းများ ယာယီပိတ်ခြင်း၊ သွားလာမှုကန့်သတ်ခြင်းများအား တင်းကျပ်ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင်သာမက အခြားနိုင်ငံများတွင်လည်း ကူးစက်မှုနှုန်းမြင့်မားပြီး သေဆုံးမှုနှုန်းများ မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ကူးစက်မှုနှုန်း လျှော့ချနိုင်ရန်အတွက် ရုံးပိတ်ရက်များ သတ်မှတ်ပေးခဲ့ကြောင်း၊ တတိယလှိုင်း စတင်ဖြစ်ပွားသည့် ဇူလိုင်လဆန်းတွင် ကူးစက်မှုနှုန်းများမြန်ဆန်ခဲ့ပြီး သေဆုံးမှုများလည်း မြင့်တက်မှုများရှိခဲ့ကြောင်း၊ အသွားအလာများ ကန့်သတ်ခြင်းနှင့် စည်းကမ်းထိန်းချုပ်ခြင်းများ ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် ကူးစက်မှုနှင့်သေဆုံးမှုများ တဖြည်းဖြည်း လျော့ကျလာကြောင်း၊ ထိုကဲ့သို့ ကျဆင်းလာခြင်းမှာ ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်ခြင်းကြောင့်ဖြစ်ကြောင်း၊ အလားတူ လိုအပ်ချက်များဖြစ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် ကုသဆေးများ၊ အောက်ဆီဂျင်ရရှိရေးကိစ္စရပ်များအား ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ လူပုဂ္ဂိုလ်တစ်ဦးမှအစ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုကြောင့် ကုသမှုအပိုင်းတွင် ထိထိရောက်ရောက်ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

ကိုဗစ်-၁၉ ကာကွယ်ဆေးနှင့်ပတ်သက်၍လည်း အိန္ဒိယနိုင်ငံတစ်နိုင်ငံတည်းကသာမက တရုတ်နိုင်ငံ၊ ရုရှားနိုင်ငံနှင့် အခြားနိုင်ငံများမှလည်း ဝယ်ယူ၍ ပြည်သူများအား ထိုးနှံပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး ဆက်လက်ရရှိရေးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ကာကွယ်ဆေးများရရှိအောင် ဆောင်ရွက်ပေးသည့် နိုင်ငံများနှင့် လူပုဂ္ဂိုလ်များအားလည်း ကျေးဇူးတင်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါသည် ကာလတစ်ခုအထိ ဆက်လက်ဖြစ်ပွားနေနိုင်သဖြင့် အမြဲမပြတ်သတိထား ဆောင်ရွက်နေရန်လိုကြောင်း၊ လူတစ်ဦးချင်းသည် ကျန်းမာရေးနှင့် ညီညွတ်သည့် လှုပ်ရှားသွားလာမှုများရှိရန် လိုအပ်သည်ဟု ကျန်းမာရေးဆိုင်ရာ အဖွဲ့အစည်းများက အသိပေးထုတ်ပြန်ထားကြောင်း၊ အောက်ဆီဂျင်ရရှိရေးအတွက်လည်း ဆောင်ရွက်လျက်ရှိပြီး တစ်နိုင်ငံလုံးရှိ အောက်ဆီဂျင်ထုတ်လုပ်၍ ရနိုင်သည့် စက်ရုံများအားလုံးမှ အမြဲမပြတ်ထုတ်လုပ်၍ ပြည်သူများ လိုအပ်သည့်အချိန်တွင် အချိန်မီရရှိရေး ဆောင်ရွက်နေရန်လိုကြောင်း၊ အလားတူ ကာကွယ်ဆေးနှင့်ပတ်သက်၍ ပြည်သူများ စဉ်ဆက်မပြတ် ထိုးနှံနိုင်ရေး ဆောင်ရွက်နေရန်လိုပြီး ကုသဆေးများလည်း အမြဲမပြတ်ရရှိရေး ပြည်ပမှတင်သွင်းနေရန် လိုအပ်သကဲ့သို့ ပြည်တွင်း၌လည်း လုံလောက်စွာထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေရန်လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးအတွက် တွေ့ဆုံ၊ ဆွေးနွေးမှုများ အမြဲမပြတ်ပြုလုပ်၍ စဉ်ဆက်မပြတ် စီမံဆောင်ရွက်ပေးလျက်ရှိပြီး အဆက်မပြတ်အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ Quarantine Center များကိုလည်း တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိပြီး ဆေးရုံများတွင်လည်း ပြင်ဆင်မှုများ အမြဲမပြတ်ဆောင်ရွက်နေရန်လိုကြောင်း။

### ပြန်လည်ခေါ်ယူရန်လို

ယခုကာလအတွင်း အကြောင်းအမျိုးမျိုးဖြင့် ပြည်ပနိုင်ငံများတွင် ရောက်ရှိနေကြသည့် မိမိတို့နိုင်ငံသားများအား ဖြစ်နိုင်သမျှပြန်လည်ခေါ်ယူရန်လိုကြောင်း၊ အိမ်နီးချင်းနိုင်ငံများသို့ ရောက်ရှိနေသူများကိုလည်း ပြန်လည်ခေါ်ယူခဲ့ရာ ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၆ ရက်အထိ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံနယ်စပ်များမှ ပြန်လည်ဝင်ရောက်လာသူ ၆၂၀၉ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီး ယင်းတို့အနက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရသူများကိုလည်း ဆေးရုံများတွင် ကုသပေးထားကြောင်း၊ အလားတူ အခြားနိုင်ငံများသို့ ရောက်ရှိနေသူများအား ပြန်လည်ခေါ်ယူနိုင်ရေးအတွက်လည်း Relief Flight များပြေးဆွဲခွင့်များ ခွင့်ပြုပေးထားကြောင်း၊ အနီးစပ်ဆုံးနိုင်ငံများမှ အမြန်ဆုံးပြန်လည်ခေါ်ယူနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း။

ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဦးတည်ချက်များတွင်လည်း ထည့်သွင်းထားကြောင်း၊ EAO များနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA) ပေါ်တွင် အခြေခံ၍ ငြိမ်းချမ်းရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အရေးပေါ်အခြေအနေ ကြေညာပြီး တာဝန်ပေးရာတွင် တပ်မတော်ကို တာဝန်ပေးအပ်ခံရခြင်းဖြစ်ကြောင်း၊ တပ်မတော်သည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ကို လက်မှတ်ရေးထိုးထားသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)သည် EAO များက အဆိုပြုသည့် ကိစ္စရပ်များကို အခြေခံ၍ ညှိနှိုင်းဆောင်ရွက်ရာမှ ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် NCA လမ်းကြောင်းပေါ်တွင် ရပ်တည်၍ ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားသည့် အဖွဲ့အစည်းများမှအပ မည်သည့်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းဖြင့်မဆို တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံငြိမ်းချမ်းရေးရမှ တည်ငြိမ်အေးချမ်းမှုဖြစ်ပေါ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ သို့မှသာ ပြည်သူများ၏ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် တည်ငြိမ်စွာဖြင့် လျှောက်လှမ်းနိုင်မည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်များရှိသည့် ဒေသများအတွက်လည်း ကိုဗစ်-၁၉ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးနှင့်ပတ်သက်၍ လိုအပ်သည်များ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအနေဖြင့်လည်း ငြိမ်းချမ်းရေး အမှန်တကယ်လိုချင်ပါက ငြိမ်းချမ်းရေးကို အခြေခံသည့် အပြုအမူ၊ အပြောဆို၊ အလုပ်အကိုင်များ ရှိရန်လိုကြောင်း၊ NCA တွင် လက်မှတ်ရေးထိုးထားခြင်းမရှိသည့် အဖွဲ့များအနေဖြင့်လည်း NCA ပါ အချက်များအား ထိန်းသိမ်းဆောင်ရွက်မည်ဆိုပါက ငြိမ်းချမ်းရေးအပေါ်တွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဒီမိုကရေစီအပေါ်တွင် ပူးပေါင်းဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ လက်မှတ်ထိုးခြင်း မထိုးခြင်းထက် ပူးပေါင်းဆောင်ရွက်မှု၊ လိုက်နာဆောင်ရွက်မှု အပြည့်ရှိရန်လိုကြောင်း၊ ဆက်လက်၍ တရားဝင်လက်မှတ်ရေးထိုးပြီး ဒီမိုကရေစီစနစ် မှန်မှန်ကန်ကန် အကောင်အထည်ဖော်ဆောင်ရွက်ရေးသည် အရေးကြီးကြောင်း၊ မိမိတို့နိုင်ငံအတွင်း ဒီမိုကရေစီသည် တစ်ပြေးညီဖြစ်ရန်လိုကြောင်း၊ မတူညီမှုများရှိပါက နိုင်ငံရေးအရ ငြိမ်းချမ်းရေး၊ လုံခြုံရေးအရ ငြိမ်းချမ်းရေးများ ရရှိမည်မဟုတ်သဖြင့် တူညီမှုများရှိအောင် ကြိုးစားဆောင်ရွက်ရန် လိုကြောင်း၊ ထို့ကြောင့် ပြည်နယ်နှင့်တိုင်းဒေသကြီးကွာဟမှုများ၊ ကျေးလက်၊ မြို့ပြကွာဟမှုများကို တတ်နိုင်သမျှ လျှော့ချနိုင်ရန်လိုကြောင်း၊ ငြိမ်းချမ်းရေးတွင် ပါးစပ်ကပြောနေ၍ မရဘဲ လက်တွေ့လိုက်ပါ လုပ်ဆောင်ရန်နှင့် ကတိကဝတ်များ တည်ရန်လိုကြောင်း၊ ကိုယ်တိုင်လည်း ကြိုးစားအားထုတ်ရန်လိုကြောင်း။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် စီးပွားရေးအရ ထိခိုက်မှုများရှိသဖြင့် ရှေ့လုပ်ငန်းစဉ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်ဟု ထည့်သွင်းထားကြောင်း၊ စားရေးသည် အရေးကြီးသဖြင့် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ကြောင်း၊ နိုင်ငံတွင်း စားရေရိက္ခာပေါများရန်၊ ပြည်သူများ ဝင်ငွေရှိနေရန်လိုကြောင်း၊ **စာမျက်နှာ ၅ သို့** ✪

❂ စာမျက်နှာ ၄ မှ

ဝင်ငွေရှိမှသာ စားရေး၊ ဝတ်ရေး၊ နေရေးများကို ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများတွင် မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ခြင်းမရှိဘဲ မသမာသည့်နည်းဖြင့် ဆောင်ရွက်မှုများသည် ဥပဒေအား ချိုးဖောက်ခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ သယံဇာတပစ္စည်းများအား ခိုးထုတ်ရောင်းချခြင်း၊ ကျွဲ၊ နွားမှောင်ခိုများ ဆောင်ရွက်ခြင်းနှင့် ပြည်ပမှ မှောင်ခိုပစ္စည်းများ တင်သွင်းခြင်းသည် နိုင်ငံအတွက် နစ်နာမှုပင်ဖြစ်ကြောင်း၊ နိုင်ငံစီးပွားရေး တိုးတက်ရေးအတွက် သမ္မာအာဇီဝနည်းဖြစ်သည့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးခြင်း၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးခြင်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရောင်းကုန်ပစ္စည်းများ အချိန်နှင့်တစ်ပြေးညီ တင်ပို့ရောင်းချနိုင်ရန်အတွက် ဈေးကွက်လိုအပ်ချက်ရှိသည့်ပစ္စည်း၊ အရည်အသွေးပြည့်မီသည့် ပစ္စည်းဖြစ်ရန်လိုကြောင်း၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေးအတွက် လိုအပ်သည်များ နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

**ခွင့်ပြုပေးထား**

ဘဏ်များနှင့်ပတ်သက်၍ ဖေဖော်ဝါရီလအတွင်း အခက်အခဲများမရှိခဲ့သော်လည်း နောက်ပိုင်းတွင် ငွေကြေးများထုတ်ယူမှုများပြားပြီး ပြန်သွင်းမှုမရှိခဲ့ကြောင်း၊ နိုင်ငံစီးပွားရေးအတွက် ဘဏ်လုပ်ငန်းစနစ် ပြိုလဲမသွားအောင် ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း၊ အချို့နိုင်ငံများတွင် E banking စနစ်၊ ကတ်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော်လည်း မိမိတို့နိုင်ငံတွင် ငွေစက္ကူစနစ်ကို အဓိကထားဆောင်ရွက်နေကြကြောင်း၊ CDM ပြုလုပ်မှုများကြောင့် ဘဏ်ဝန်ထမ်းအခက်အခဲဖြစ်ပေါ်ခဲ့ကြောင်း၊ ဇူလိုင်လအတွင်း အထိုက်အလျောက် ပြန်လည်တည်ငြိမ်လာပြီဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ငွေကြေးထုတ်ယူမှုများအား ခွင့်ပြုပေးထားကြောင်း။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ မဲစာရင်းများ ပြန်လည်စိစစ်ခဲ့မှုနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် သေချာစွာစိစစ်ရန် အသစ်ဖွဲ့စည်းထားသည့် ရွေးကောက်ပွဲကော်မရှင်အား တာဝန်ပေးအပ်ခဲ့ကြောင်း၊ ဇူလိုင် ၂၆ ရက်တွင် အပြီးသတ်ကြေညာချက်ထုတ်ပြန်ခဲ့ကြောင်း၊ ပြည်နယ်နှင့်တိုင်းအလိုက် လူဦးရေအရ၊ မဲစာရင်းအရ၊ မဲလက်မှတ်အရ ကွာခြားမှုများကို စိစစ်ခဲ့ကြောင်း၊ ထောင်ဂဏန်းမှ သောင်းဂဏန်းအထိ ကြီးမားသည့် မဲစာရင်းအရမှားယွင်းမှု၊ မဲလက်မှတ်အရမှားယွင်းမှုများ ဖြစ်ပေါ်ခဲ့သည့် ရွေးကောက်ပွဲသည် တရားမျှတသည့် ရွေးကောက်ပွဲမဖြစ်နိုင်ကြောင်း၊ အထွေထွေရွေးကောက်ပွဲသည် သမ္မတရွေးချယ်သည့် ရွေးကောက်ခံကိုယ်စားလှယ်များဖြစ်ပြီး သမ္မတက အစိုးရအဖွဲ့ဖွဲ့စည်းခြင်း၊ တရားသူကြီးများစသည်ဖြင့် အတည်ပြုခန့်အပ်ရခြင်း ဖြစ်ကြောင်း၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေပြုရေးတို့ကို ဆောင်ရွက်ရသူများဖြစ်သဖြင့် မဲစာရင်းမှားယွင်းမှုများဖြင့် ရွေးချယ်ခံရခြင်းသည် တရားမျှတမှုမရှိကြောင်း၊ မဲစာရင်းစိစစ်တွေ့ရှိမှုများအား ရှင်းလင်းပေးရန်အတွက် ပြောကြားခဲ့သော်လည်း ရှင်းလင်းပေးမှုမရှိခဲ့ကြောင်း၊ မဲစာရင်းမှားယွင်းမှုများနှင့်ပတ်သက်၍ နိုင်ငံတကာမှ ကိုယ်စားလှယ်များ၊ သံတမန်များကို ဖိတ်ခေါ်၍ အထောက်အထားများနှင့်တကွ ပြသသွားမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် မဲစာရင်းမှားယွင်းမှုများ ဖြစ်ပေါ်ချိန် ဒီဇင်ဘာလနှင့် ဇန်နဝါရီလတို့တွင် တွေ့ဆုံဆွေးနွေးရေး လမ်းကြောင်းပေါ်တွင် ဆောင်ရွက်ခဲ့သော်လည်း ၎င်းတို့အနေဖြင့် ငြင်းပယ်ခဲ့ပြီး နောက်ပိုင်းတွင် နိုင်ငံတော်အပေါ်ဆန့်ကျင်ရေးလုပ်ငန်းများဆောင်ရွက်လာခဲ့ကြောင်း၊ မိမိတို့အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုပင် NCA လမ်းကြောင်းပေါ်မှ ဖိတ်ခေါ်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံရေးပါတီများအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှတစ်ဆင့် ဖိတ်ခေါ်ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ယခင်အစိုးရမှ တာဝန်ရှိသူများအား နိုင်ငံရေးအရ အရေးယူဆောင်ရွက်ခြင်းမဟုတ်ဘဲ ဥပဒေချိုးဖောက်သည့် ပြစ်မှုများကြောင့်သာ အရေးယူဆောင်ရွက်ခြင်းဖြစ်ကြောင်း။

အာဆီယံဆက်ဆံရေးနှင့်ပတ်သက်၍ ဧပြီ ၂၄ ရက်တွင် အာဆီယံထိပ်သီးအစည်းအဝေး၌ မိမိအနေဖြင့် မြန်မာနိုင်ငံ၏အခြေအနေများအား ရှင်းလင်းပြောကြားခဲ့ပြီး အာဆီယံသဘောတူညီချက် (၅)ရပ် ထုတ်ပြန်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံမူဘောင်အတွင်းမှသာ ဆောင်ရွက်မည်ဟု ပြောကြားခဲ့ပြီး နိုင်ငံ၏တည်ငြိမ်အေးချမ်းမှုအပေါ်တွင် မူတည်၍ ဆောင်ရွက်သွားမည်ဟုပါဝင်ကြောင်း၊ အာဆီယံအထူးကိုယ်စားလှယ်ခန့်အပ်ရန်အတွက် အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဟောင်းများနှင့် ထိုင်းနိုင်ငံမှ ဒုတိယနိုင်ငံခြားရေးဝန်ကြီးဟောင်းတို့အား အဆိုပြုခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ထိုင်းနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးအား အဆိုပြုခဲ့သော်လည်း အာဆီယံဥက္ကဋ္ဌ ဘရူနိုင်းဘုရင်မှ ၎င်းတို့နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးအား အာဆီယံကိုယ်စားလှယ်အဖြစ် ကမ်းလှမ်းလာသည့်အတွက် မိမိအနေဖြင့် သဘောတူညီမှုပေးခဲ့ကြောင်း။

**ပြောင်းလဲမည်မဟုတ်**

မိမိတို့အနေဖြင့် အာဆီယံမူဘောင်အတွင်းမှသာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတကာဆက်ဆံရေး လမ်းကြောင်းပေါ်တွင် မှန်မှန်ကန်ကန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ငြိမ်းချမ်းစွာအတူယှဉ်တွဲရေးမူကြီး (၅)ရပ်အပေါ်တွင် အခြေခံပြီး လွတ်လပ်၍တက်ကြွသော နိုင်ငံခြားရေးမူဝါဒ၊ နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက် ဆက်ဆံရေးမူဝါဒများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့၏ရပ်တည်ချက်အား မည်သည့်အချိန်တွင်မှ ပြောင်းလဲမည်မဟုတ်ဘဲ မူဘောင်အတွင်းမှသာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ စောဒန်နီယယ်နှင့် ဒေါက်တာဗညားအောင်မိုးတို့က

**မိမိတို့အနေဖြင့် အာဆီယံမူဘောင်အတွင်းမှသာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတကာဆက်ဆံရေးလမ်းကြောင်းပေါ်တွင် မှန်မှန်ကန်ကန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ငြိမ်းချမ်းစွာအတူယှဉ်တွဲရေးမူကြီး (၅)ရပ်အပေါ်တွင် အခြေခံပြီး လွတ်လပ်၍တက်ကြွသော နိုင်ငံခြားရေးမူဝါဒ၊ နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက် ဆက်ဆံရေးမူဝါဒများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့၏ရပ်တည်ချက်အား မည်သည့်အချိန်တွင်မှ ပြောင်းလဲမည်မဟုတ်ဘဲ မူဘောင်အတွင်းမှသာ ဆက်လက်ဆောင်ရွက်သွားမည်**

**မိမိတို့သည် ယာယီဆောင်ရွက်ရသည့်အဖွဲ့အစည်းဖြစ်ပြီး အစိုးရ၏လုပ်ငန်းများကို အဆင်ပြေအောင် အကောင်အထည်ဖော်ဆောင်ရွက်နေရကြောင်း၊ ကဏ္ဍအသစ်များကို တိုးချဲ့ဆောင်ရွက်ရာတွင် အဘက်ဘက်က စဉ်းစားဆောင်ရွက်ရကြောင်း၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ မဲမသမာမှုကြောင့် ဖြစ်ပေါ်လာသည့် ဆူပူမှုများနှင့် အကြမ်းဖက်မှုများကိုလည်း ဖြေရှင်းဆောင်ရွက်နေရ**

အမျိုးသားလုံခြုံရေးအက်ဥပဒေ အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းရေး၊ အကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေးနှင့် သတင်းပေးသူများအား ထိုက်သင့်သည့် ဆုကြေးချီးမြှင့်ပေးရေး၊ စက်သုံးဆီတင်သွင်းရေးနှင့်ပတ်သက်၍ ပြည်ပနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများ ခေါ်ယူဆောင်ရွက်ရေး၊ ပြည်တွင်း၌ စက်ရုံတည်ဆောက်ပြီး လောင်စာဆီထုတ်လုပ်နိုင်ရန် ဆောင်ရွက်ရေး၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး၊ သဘာဝဓာတ်ငွေ့နှင့် ရေနံကဏ္ဍတွင် ကုမ္ပဏီများကို တင်ဒါခေါ်ယူ၍ လုပ်ကွက်သစ်များဖော်ဆောင်ရေး၊ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေချိန်တွင် အခြေခံလူတန်းစားများ ကြုံတွေ့နေရသည့် စားဝတ်နေရေးအခက်အခဲကို သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှ ပံ့ပိုးကူညီဆောင်ရွက်ပေးရေး၊ မြေယာသိမ်းဆည်းမှုများနှင့်စပ်လျဉ်း၍ တောင်သူများ၏ နစ်နာမှုကိုရှေးရှု၍ ဖြေရှင်းဆောင်ရွက်ပေးရေး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် တိုင်းရင်းဆေးဝါးထုတ်လုပ်နိုင်ရေး၊ ကျန်းမာရေးကဏ္ဍအတွက် အရေးတကြီးလိုအပ်သည့် အောက်ဆီဂျင်ထုတ်လုပ်သည့်စက်ရုံများ မြို့နယ်အလိုက် တည်ဆောက်ပေးရေး၊ လူငယ်များအား အခြေခံကြက်ခြေနီသူနာပြုသင်တန်းပေးရေး၊ တိုက်ပွဲရှောင်ပြည်သူများ ကူညီထောက်ပံ့ရေး၊ ကျန်းမာရေးဝန်ထမ်းများဖြစ်သည့် ဆရာဝန်၊ ဆရာမများ၊ သူနာပြုများနှင့် ၎င်းတို့၏ မိသားစုဝင်များအား ဦးစားပေး၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရေး၊ သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသည့် ပြည်သူများအား လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးရေး၊ ကယားပြည်နယ်အတွက် လိုအပ်လျက်ရှိသည့် ဆရာဝန်နှင့် သူနာပြုများ ခန့်အပ်ပေးရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အမျိုးသားလုံခြုံရေးအက်ဥပဒေရေးဆွဲနိုင်ရေးကို ပြန်လည်စိစစ်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်သမားများ ဖမ်းဆီးမိရေးနှင့် သတင်းပေးသူများအား ထိုက်သင့်သည့် ဆုငွေချီးမြှင့်ရေးကို လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းမြှင့်တင်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်လျက်ရှိကြောင်း၊ လယ်ယာမြေပြဿနာများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စနစ်တကျ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် တိုင်းရင်းဆေးထုတ်လုပ်နိုင်ရေးကို သက်ဆိုင်ရာ သုတေသနဌာနများက လုပ်ဆောင်လျက်ရှိကြောင်း၊ မြို့နယ်အလိုက် အောက်ဆီဂျင်စက်ရုံများ တည်ဆောက်ရေးကို ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထက်ဝက်ကျဆင်းအောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့် ရောဂါကူးစက်မှုလျော့ချနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း။

ကယားပြည်နယ်အတွက် လိုအပ်သည့် ကျန်းမာရေးဝန်ထမ်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ တိုင်းပြည်ဝင်ငွေပေါ် မူတည်ပြီး ဆောင်ရွက်ရကြောင်း၊ လတ်တလောကာလတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ အဆက်သွယ်မပြတ်စေရေး ပြည်သူများ ခရီးသွားနိုင်ရေးအတွက် မီးရထားနှင့် လေကြောင်းခရီးစဉ်အချို့ကို အရှုံးခံပြေးဆွဲပေးလျက်ရှိကြောင်း၊ ပြီးခဲ့သည့် ၅ နှစ်တာကာလအတွင်း မြန်မာတို့၏ယဉ်ကျေးမှုနှင့် စရိုက်လက္ခဏာများ ဖျက်ဆီးခံခဲ့ရကြောင်း၊ မြန်မာ့လူ့အဖွဲ့အစည်းသည် အမျိုးသားယဉ်ကျေးမှုအပေါ်အခြေခံသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ နိုင်ငံသားများ၏ စိတ်ပိုင်းဆိုင်ရာ ရပ်တည်မှုတွင် အားကစားကဏ္ဍသည် အရေးကြီးကြောင်း၊ သို့ဖြစ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် အားကစားရုံများ၊ အားကစားကွင်းများနှင့် ရေကူးကန်များတည်ဆောက်ပေးရန် စီစဉ်လျက်ရှိကြောင်း။


ကျန်းမာရေးဝန်ထမ်းများနှင့် နေ့စဉ်ထိတွေ့နေရသည့် မိသားစုဝင်များကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသွားမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ပြင်ဆင်ဆောင်ရွက်ထားပြီး သယ်ယူပို့ဆောင်ရေးအတွက်လည်း ပြင်ဆင်ဆောင်ရွက်ထားကြောင်း၊ မိမိတို့အနေဖြင့် တိုင်းရင်းသားများ စိတ်ပိုင်းဆိုင်ရာ အားငယ်မှုမရှိအောင် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ကျေးလက်နှင့် မြို့ပြ၊ ဆင်းရဲ၊ ချမ်းသာ ကွာဟမှုလျော့ချနိုင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့သည် ယာယီဆောင်ရွက်ရသည့် အဖွဲ့အစည်းဖြစ်ပြီး အစိုးရ၏လုပ်ငန်းများကို အဆင်ပြေအောင် အကောင်အထည်ဖော်ဆောင်ရွက်နေရကြောင်း၊ ကဏ္ဍအသစ်များကို တိုးချဲ့ဆောင်ရွက်ရာတွင် အဘက်ဘက်က စဉ်းစားဆောင်ရွက်ရကြောင်း၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ မဲမသမာမှုကြောင့် ဖြစ်ပေါ်လာသည့် ဆူပူမှုများနှင့် အကြမ်းဖက်မှုများကိုလည်း ဖြေရှင်းဆောင်ရွက်နေရကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သွားရမည်ဖြစ်ပြီး တည်ငြိမ်အေးချမ်းရေးကိုလည်း အဓိကဦးစားပေးလုပ်ဆောင်နေကြောင်း၊ အထူးသဖြင့် နိုင်ငံရေးတည်ငြိမ်မှုရရှိအောင် ဆောင်ရွက်နေကြောင်း၊ အိမ်စောင့်အစိုးရသည် တိုင်းပြည်ကို ခေတ္တတာဝန်ယူထိန်းသိမ်းပေးသည့်အစိုးရဖြစ်ပြီး အရေးပေါ်ကာလကုန်ဆုံးသည့်အခါ ဥပဒေနှင့်အညီ ရွေးကောက်ပွဲပြန်လည်ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲရလဒ်ဖြင့် ထွက်ပေါ်လာမည့် အစိုးရအား နိုင်ငံတာဝန်ကို အခြေခံဥပဒေနှင့်အညီ လွှဲပြောင်းပေးအပ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အိမ်စောင့်အစိုးရအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်သည့် မူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အဓိကအားဖြင့် စီးပွားရေးကဏ္ဍအား အလေးပေးဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ကောင်စီဝင်များအနေဖြင့် တစ်ဦးချင်းစီ၏ အတွေ့အကြုံပေါ်အခြေခံပြီး လုပ်ငန်းများကို စဉ်းစားဆောင်ရွက်ရာတွင် ပြည်ထောင်စုကို လွှမ်းခြုံစဉ်းစား၍ နိုင်ငံတော်၏အကျိုးကို ဦးတည်ဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပေါင်းစည်းညီညွတ် မိတ်ဝတ်ရင်းခံ အာဆီယံ

မောင်မျိုးအောင်(ပန်းရော)



**စိတ်ဓာတ်ညီညွတ်သူတို့၏အကျင့်သည် ချမ်းသာခြင်း၏အကြောင်းဖြစ်သည်ဟု ဗုဒ္ဓမြတ်စွာဘုရားက ဟောကြားတော်မူခဲ့သည်။ စည်းလုံးညီညွတ်မှုသည် လူသားတို့၏အသက်ဖြစ်သကဲ့သို့ လူသားအားလုံး၏ရတနာတစ်ပါးလည်းဖြစ်သည်။ ညီညွတ်မှုအင်အားဖြင့် အရာရာကိုအောင်မြင်နိုင်သကဲ့သို့ အခက်အခဲပေါင်းစုံကိုလည်း တွန်းလှန်နိုင်ပေသည်။ အတိတ်ကာလများတွင် လူသားများသည် အစုအစည်း၊ အသင်းအပင်းနှင့်နေထိုင်တတ်ပြီး အရောင်အသွေး၊ ဘာသာစကား၊ ကိုးကွယ်မှု အယူဝါဒတူသူချင်းသာ ပေါင်းသင်းဆက်ဆံ စုစည်းနေထိုင်တတ်ကြသည်။ ခေတ်စနစ်ပြောင်းလဲလာမှုအရ ယနေ့ကမ္ဘာတွင် လူတစ်ဦးတစ်ယောက်တည်း၊ တစ်နိုင်ငံတည်း အထီးကျန်ရပ်တည်၍ မရနိုင်တော့သဖြင့် ပေါင်းသင်းဆက်ဆံမှုနယ်ပယ်ကျယ်ဝန်းလာပြီး ပထဝီနယ်ပယ်ဒေသအလိုက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ကဏ္ဍစုံများအရ ဒေသအတွင်းနိုင်ငံများအချင်းချင်း ချစ်ကြည်ရင်းနှီးစွာဖြင့် ရည်ရွယ်ချက်တူညီသည့် နိုင်ငံများစုစည်းပြီး ခိုင်မာသောအစုအဖွဲ့ဖွဲ့စည်း၍ မိတ်ဖွဲ့ပေါင်းသင်းဆက်ဆံနေထိုင်လျက်ရှိကြပေသည်။**

**အာဆီယံ(ASEAN)အဖွဲ့အစည်း**

ကမ္ဘာပေါ်ရှိနိုင်ငံ့ခေါင်းဆောင်များသည် နိုင်ငံတွင်းမှသည် ဒေသတွင်း၊ ထိုမှသည် ကမ္ဘာတစ်ဝန်း တည်ငြိမ်အေးချမ်းဖွံ့ဖြိုးရေးသို့ လျှောက်လှမ်းပုံဖော်နိုင်ရန် ဒေသအတွင်း နိုင်ငံများအချင်းချင်း၊ မိတ်ဖက်နိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ အပြန်အလှန်အကူအညီပေးနိုင်ရေးတို့အတွက်အသင်းအဖွဲ့မျိုးစုံတည်ထောင်လာခဲ့ကြသည်။ အသင်းအဖွဲ့ဟုခေါ်ရာတွင်လည်း နယ်မြေဒေသကို အခြေခံ၍ ဖွဲ့စည်းမှုတူညီသည့် နိုင်ငံရေး၊ စစ်ရေးရည်ရွယ်ချက်ကို အခြေခံ၍ဖွဲ့စည်းမှု၊ စီးပွားရေးအရ ဖွဲ့စည်းမှု၊ ဘာသာရေးအရအခြေခံဖွဲ့စည်းမှု အစရှိသည့်ဖွဲ့စည်းမှု ပုံသဏ္ဌာန်များကွဲပြား၍ ဖွဲ့စည်းထူထောင်ခဲ့ကြပါသည်။ ထိုအထဲတွင် အာရှတိုက်၏ အရှေ့တောင်ပိုင်းရှိ မတူကွဲပြားသည့်အဖွဲ့ဝင်နိုင်ငံများ တစ်နည်းဆိုရသော်“အင်ဒိုချိုင်းနားကျွန်းဆွယ်” ပေါ်ရှိ နိုင်ငံများနှင့် ၎င်းတို့၏ ကမ်းလွန်ပင်လယ်ပြင်တွင်ရှိသော ကျွန်းစုနိုင်ငံများကို စုစည်းပူးပေါင်းဖွဲ့စည်းထားသည့် အာဆီယံ(ASEAN)အဖွဲ့အစည်းတစ်ခုသည်လည်း အပါအဝင်ဖြစ်သည်။ အာဆီယံဆိုသည်မှာ အရှေ့တောင်အာရှနိုင်ငံများအသင်း (Association of South East Asia Nations) ပင်ဖြစ်ပြီး ဒေသတွင်းနိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်လည်းဖြစ်သည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း(ASEAN)ကြီး၏ အန္တိမရည်မှန်းချက်မှာ တစုတစည်းတည်းသော အရှေ့တောင်အာရှနိုင်ငံများအသင်းကို ထူထောင်ရန်ဖြစ်သည်။ အရှေ့တောင်အာရှဒေသသည် ရှေးနှစ်ပေါင်းများစွာကပင် မင်းနေပြည်တော်များ ထူထောင်၍ ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ်ပိုင်ယဉ်ကျေးမှုများဖြင့် နေထိုင်လာခဲ့ကြသော်လည်း သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ ဘာသာအယူဝါဒ၊ လူမျိုးစု၊ ရိုးရာဓလေ့နှင့် ဘာသာစကား စသည်ဖြင့်ကဏ္ဍများစွာတွင် တူညီမှုအချို့ရှိသော်လည်း ကွဲပြားခြားနားမှုအရလည်း ရှိနေခဲ့သောဒေသဖြစ်သည်။ အာဆီယံဒေသတွင်းဖြစ်သည့်အတွက် တူညီသောရာသီဥတု၊ သဘာဝပေါက်ပင်၊ တောတောင်၊ မြစ်ချောင်း စသည့်ပထဝီအနေအထားအခြေအနေများကြောင့် ဆင်တူသောအသက်မွေးဝမ်းကျောင်းမှု၊ တူညီသော နေထိုင်စားသောက်မှုနှင့် နီးစပ်သောဝတ်စားဆင်ယင်မှုများလည်း ရှိနေခဲ့ကြသည်မှာ ပကတိအရှိတရားပင်ဖြစ်ပါသည်။ ၁၆ ရာစုခန့်မှစ၍ ဒတ်ချ်၊ ပေါ်တူဂီ၊ ပြင်သစ်၊ စပိန်၊ ဗြိတိန်နှင့်အမေရိကန် စသောအနောက်အုပ်စုနယ်ချဲ့များသည် ကမ္ဘာ့အရှေ့ခြမ်းနှင့် အနောက်ခြမ်းကို ဆက်သွယ်ရာတွင် အဓိကလမ်းကြောင်းပေါ်၌ တည်ရှိနေသော အရှေ့တောင်အာရှဒေသသို့ရောက်ရှိလာပြီး နယ်ချဲ့အုပ်စိုးခဲ့ကြရာ အရှေ့တောင်အာရှဒေသတွင် နိုင်ငံများသည်ကွဲပြားခြားနားသော ကိုလိုနီနယ်ချဲ့များလက်အောက်သို့ ကျရောက်ခဲ့ကြသည်။

ထိုသို့ကွဲပြားသော ကိုလိုနီလက်အောက်ခံဘဝတွင် အရှေ့တောင်အာရှနိုင်ငံများသည် ကိုလိုနီနိုင်ငံများ၏ လွှမ်းမိုးမှုများအရ ယဉ်ကျေးမှု၊ ဘာသာရေး၊ နေထိုင်စားသောက်မှု၊ ဘာသာစကား၊ ပညာရေးစနစ်စသည်တို့၌ ထပ်မံကွဲပြားခဲ့ကြပြန်သည်။ နယ်ချဲ့အသီးသီးတို့၏ ကွဲပြားသောလက်အောက်ခံနိုင်ငံများအဖြစ် ရောက်ရှိခဲ့ရချိန်များဘဝတွင် အရှေ့တောင်

**အာဆီယံအသင်းကြီးအနေဖြင့် ယခုကဲ့သို့ အောင်မြင်မှုရရှိလာပြီး နှစ်ပေါင်းများစွာတည်တံ့နေနိုင်ခြင်းမှာ အကြောင်းအရင်း အများအပြားပါဝင်သည်။ ၎င်းတို့မှာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ခြင်း၊ တစ်နိုင်ငံ၏ ပြည်တွင်းရေးကို တစ်နိုင်ငံက ဝင်ရောက်စွက်ဖက်မှုမပြုခြင်း၊ အငြင်းပွားခြိမ်းခြောက်ခြင်းကို ရှောင်ကြဉ်ခြင်း၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ အာဆီယံဆိုင်ရာ အစည်းအဝေးများမှ သဘောတူညီမှုရရှိပြီး စုပေါင်းအကောင်အထည်ဖော်ခြင်းစသည့် အကြောင်းအရင်းတို့ကြောင့်ဖြစ်**

အာရှနိုင်ငံများအချင်းချင်း အဆက်အဆံမရှိသလောက်နည်းပါးခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်နောက်ပိုင်း အရှေ့တောင်အာရှနိုင်ငံများ လွတ်လပ်ရေးရလာကြသည့်အခါတွင်လည်း ကိုလိုနီအမွေဆိုးများကြောင့် မိမိတို့ဒေသတွင်းနိုင်ငံများ၏ အရေးအကြောင်းထက် ဥရောပနှင့် အမေရိကဒေသရှိအကြောင်းအရာများကိုသာ ပိုမိုအကျွမ်းတဝင်ရှိခဲ့ကြသည်။ ထို့ကြောင့်ပင် အရှေ့တောင်အာရှဒေသမှ ခေါင်းဆောင်များသည် စစ်အေးတိုက်ပွဲကာလအတွင်း အားပြိုင်နိုင်ငံရေးအုပ်စုများအကြား ဘက်လိုက်ပါဝင်မှုမရှိဘဲ မိမိတို့ဒေသအတွင်း စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုတို့တွင် ဖွံ့ဖြိုးတိုးတက်လာစေရန် ပူးပေါင်းဆောင်ရွက်ကြိုးပမ်းမြှင့်တင်ခြင်းဖြင့် ဒေသတွင်းလုံခြုံမှုကိုပါ တည်ဆောက်ရန် ကြိုးပမ်းလာခဲ့ကြသည်။

**ရာစုနှစ်ဝက်ကျော်(၄၅ နှစ်အတွင်း)သို့ ရောက်ရှိခဲ့**

၁၉၆၇ ခုနှစ်ဩဂုတ်လ ၈ ရက်တွင် ဗန်ကောက်မြို့၌ အာဆီယံကြေညာစာတမ်းအား ထုတ်ပြန်၍ “တစုတစည်းတည်းသော အရှေ့တောင်အာရှဒေသကို ထူထောင်ရန်”ဟူသော အန္တိမရည်မှန်းချက်ဖြင့် အရှေ့တောင်အာရှနိုင်ငံများအသင်း(ASEAN)ကြီးကို စတင်ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ အသင်းကြီးစတင်ဖွဲ့စည်းတည်ထောင်စဉ်က ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် စင်ကာပူနိုင်ငံတို့ဖြင့် ဖွဲ့စည်းခဲ့သည်။ ဒေသတွင်းနိုင်ငံများအချင်းချင်း၏ ပူးပေါင်းဆောင်ရွက်မှု စိတ်ဓာတ်နှင့်ငြိမ်းချမ်းသော၊ သာယာဝပြောသော၊ ညီညွတ်ပေါင်းစည်းသော အာဆီယံဒေသအဖြစ် တည်ဆောက်ရန် ရည်မှန်းချက်တို့ဖြင့် မွေးဖွားလာခဲ့သော အရှေ့တောင်အာရှနိုင်ငံများအသင်းကြီး (ASEAN) ထူထောင်လာခဲ့သည်မှာ ယနေ့ဆိုလျှင်ရာစုနှစ်ဝက်ကျော်(၄၅ နှစ်အတွင်း)သို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ အသင်းကြီး၏ရည်ရွယ်ချက်မှာ ဒေသတွင်းငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းရန်၊ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေးနှင့်လူမှုရေး၊ ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုမြှင့်တင်ရန်၊ ရည်ရွယ်ချက်နှင့်ရည်မှန်းချက်ချင်း တူညီသည့်နိုင်ငံတကာနှင့် ဒေသတွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် စသည့် ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

**နယ်ပယ်အလိုက်၊ ကဏ္ဍအလိုက် ဖွဲ့စည်းပါဝင်**

အရှေ့တောင်အာရှနိုင်ငံများ အသင်းကြီး (ASEAN)၏ အဖွဲ့အစည်းများတွင် အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံတော်အကြီးအကဲများ သို့မဟုတ် အစိုးရအဖွဲ့အကြီးအကဲများ ပါဝင်သော အာဆီယံထိပ်သီးအစည်းအဝေး၊ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ ပါဝင်သော အာဆီယံလုပ်ငန်းပေါင်းစပ်ညှိနှိုင်းရေးကောင်စီ၊ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုစသော အသိုက်အဝန်း သုံးရပ်ပါဝင်သည့် အာဆီယံအသိုက်အဝန်းကောင်စီများ၊ အာဆီယံဝန်ကြီးအဆင့် ကဏ္ဍအလိုက် အဖွဲ့အစည်းများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အာဆီယံအမြဲတမ်းကိုယ်စားလှယ်များကော်မတီ၊ အာဆီယံအမျိုးသားအဆင့်အတွင်းရေးမှူးရုံး၊ အာဆီယံလူ့အခွင့်အရေးဆိုင်ရာအဖွဲ့နှင့် အာဆီယံဖောင်ဒေးရှင်းစသည်ဖြင့် နယ်ပယ်အလိုက်၊ ကဏ္ဍအလိုက် ဖွဲ့စည်းပါဝင်လျက်ရှိသည်။

အာဆီယံ၏ လက်ရှိလှုပ်ရှားဆောင်ရွက်မှုများတွင်လည်း အဖွဲ့ဝင်နိုင်ငံများမှ ပြည်သူလူထုများ၏ ထောက်ခံချက်များကိုလည်းရရှိထားကာ အားလုံးပါဝင်သည့် စည်းမျဉ်းကိုအခြေခံ၍ ပြည်သူကိုမျက်နှာမူဗဟိုပြုသည့်တစ်ခုတည်းသော အသိုက်အဝန်းဖြစ်လာစေရန် ဒေသတွင်းအသွင်ကူးပြောင်းမှုများတွင် အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရှိလာခဲ့ပြီဖြစ်သည်။ အာဆီယံအသင်းကြီးအနေဖြင့် ယခုကဲ့သို့ အောင်မြင်မှုရရှိလာပြီး နှစ်ပေါင်းများစွာတည်တံ့နေနိုင်ခြင်းမှာ အကြောင်းအရင်း အများအပြားပါဝင်သည်။ ၎င်းတို့မှာ တစ်နိုင်ငံနှင့်တစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ခြင်း၊ တစ်နိုင်ငံ၏ပြည်တွင်းရေးကို တစ်နိုင်ငံက ဝင်ရောက်စွက်ဖက်မှုမပြုခြင်း၊ အငြင်းပွားခြိမ်းခြောက်ခြင်းကို ရှောင်ကြဉ်ခြင်း၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ အာဆီယံဆိုင်ရာ အစည်းအဝေးများမှ သဘောတူညီမှုရရှိပြီး စုပေါင်းအကောင်အထည်ဖော်ခြင်းစသည့် အကြောင်းအရင်းတို့ကြောင့်ဖြစ်သည်။ ထိုသို့ရည်ရွယ်ချက်များ မှန်ကန်ကောင်းမွန်ခြင်း၊ လုပ်ငန်းစဉ်များသည်လည်း လက်တွေ့ဘဝအားအကျိုးပြုခြင်း စသည်တို့ကြောင့် အာဆီယံအသင်းကြီးအပေါ် ဒေသတွင်းနိုင်ငံသားများ၏ ယုံကြည်အားထားခြင်းကိုခံရလေသည်။ ထိုသို့အပြုသဘောဆောင် တိုးတက်မှုစွမ်းဆောင်ရည်များကြောင့် ၁၉၈၄ ခုနှစ်တွင် ဘရူနိုင်းနိုင်ငံ၊ ၁၉၉၅ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၊ ၁၉၉၇ ခုနှစ်တွင် လာအိုနှင့်မြန်မာနိုင်ငံ၊ ၁၉၉၉ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံတို့သည် အာဆီယံမိသားစုတွင် ပါဝင်ခဲ့ကြသည်။

**အာဆီယံမိသားစုတွင် ပါဝင်ရန်ကြိုးစား**

မြန်မာနိုင်ငံမပါဝင်မီက အာဆီယံအသင်းကြီးတွင်အဖွဲ့ဝင်အဖြစ် ခုနစ်နိုင်ငံသာရှိခဲ့ရာ အရှေ့တောင်အာရှ ၁၀ နိုင်ငံလုံးမပါဝင်သရွေ့ အာဆီယံသည် ပြီးပြည့်စုံခြင်းမရှိသကဲ့သို့ အရှေ့တောင်အာရှဒေသတစ်ခုလုံးကိုလည်း အစစ်အမှန်ကိုယ်စားပြုနိုင်ခြင်းလည်း ရှိမည်မဟုတ်ပေ။ အာဆီယံစတင်ဖွဲ့စည်းစဉ်ကပင် မြန်မာနိုင်ငံအား အာဆီယံအဖွဲ့ဝင်ဖြစ်ရေးကို စတင်ဖွဲ့စည်းသူများက အလေးထားကြိုးပမ်းခဲ့ပြီး ကိုယ်စားလှယ်အဖွဲ့ပေါင်းများစွာရန်ကုန်သို့စေလွှတ်၍ဆွဲဆောင်ခဲ့ကြ၏။ ထိုအချိန်ကာလက ကမ္ဘာ့စစ်အေးတိုက်ပွဲ အရှိန်အဟုန်ပြင်းထန်လျက်ရှိပြီး ဗီယက်နမ်စစ်ပွဲ၏ရိုက်ခတ်မှုသည် အထွတ်အထိပ်သို့ ရောက်ရှိနေချိန်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သောနိုင်ငံခြားရေးမူဝါဒကို တိကျစွာလိုက်နာကျင့်သုံးလျက်ရှိခြင်းကြောင့် အာဆီယံအဖွဲ့ဝင်ဖြစ်လာရန်အဆင်သင့်မဖြစ်နိုင်ခဲ့ပေ။ သို့သော် ကမ္ဘာ့နိုင်ငံရေးဖြစ်စဉ် ပြောင်းလဲလာမှုနှင့်အတူ ဒေသအတွင်းချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစွာတည်ဆောက်နိုင်ရန် ရည်ရွယ်လျက် အာဆီယံမိသားစုတွင် ပါဝင်ရန်ကြိုးစားခဲ့သည်။

တပ်မတော်အစိုးရလက်ထက်တွင် မြန်မာနိုင်ငံသည် ၁၉၉၄ ခုနှစ် ဇူလိုင်လတွင် ထိုင်းနိုင်ငံဘန်ကောက်မြို့၌ ကျင်းပခဲ့သော (၂၇)ကြိမ်မြောက် ဝန်ကြီးအဆင့်အစည်းအဝေးတွင် အိမ်ရှင်ထိုင်းနိုင်ငံ၏ဧည့်သည်အဖြစ်တက်ရောက်ခဲ့ခြင်းဖြင့် အာဆီယံနှင့်ပထမဆုံးထိတွေ့မှုကိုစတင်ခဲ့သည်။ ၁၉၉၅ ခုနှစ် ဇူလိုင်လတွင် ဘရူနိုင်းနိုင်ငံ၌ကျင်းပခဲ့သော(၂၈)ကြိမ်မြောက် ဝန်ကြီးအဆင့်အစည်းအဝေးတွင်လည်း ထိုင်းနိုင်ငံ၏ ဧည့်သည်အဖြစ်ထပ်မံတက်ရောက်ကာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ **စာမျက်နှာ ၇ သို့** ○

○ စာမျက်နှာ ၆ မှ

၎င်းအပြင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့တွင် လေ့လာသူဖြစ်လိုကြောင်းကိုပါ တစ်ပါတည်း လျှောက်ထားခဲ့သည်။ ထိုအခြေအနေများသည် မြန်မာနိုင်ငံ၏ အာဆီယံအဖွဲ့ဝင်အဖြစ် ဝင်ရောက်ရေး ပထမခြေလှမ်းများပင် ဖြစ်သည်။

**အာဆီယံတင်းပြည့်အဖွဲ့ဝင်အဖြစ်လက်ခံခဲ့**

၁၉၉၆ ခုနှစ် ဇူလိုင်လတွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ကျင်းပသော (၂၉)ကြိမ်မြောက် ဝန်ကြီးအဆင့်အစည်းအဝေးတွင် မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့လေ့လာသူနိုင်ငံအဖြစ် ပါဝင်တက်ရောက်ခဲ့ပြီး အစည်းအဝေးအပြီး၌ အာဆီယံဒေသဆိုင်ရာအစည်းအဝေးတွင် အဖွဲ့ဝင်ဖြစ်လာခဲ့သည်။ ထိုသို့ အရှေ့တောင်အာရှဒေသအတွင်းရှိ နိုင်ငံများ အားလုံးတညီတညွတ်တည်း ပူးပေါင်းပါဝင်ရန် လမ်းစပွင့်လာသည့်အချိန်တွင် “မြန်မာနိုင်ငံကို အာဆီယံအဖွဲ့ဝင်အဖြစ် လက်မခံသင့်ကြောင်း၊ မြန်မာနိုင်ငံစီးပွားရေးသည် အာဆီယံစိတ်ကြိုက်ပုံစံလည်း မဟုတ်သေးကြောင်း” ဖြင့် အရှေ့တောင်အာရှဒေသအကျိုးကို လိုလားသယောင်နှင့် ဖျက်လိုဖျက်ဆီးဟစ်ကြွေးသူ ပြည်တွင်း၊ ပြည်ပ၊ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းအချို့လည်း ရှိခဲ့သည်။ သို့သော်လည်း ၁၉၉၇ ခုနှစ် ဇူလိုင် ၁၀ ရက်တွင် ကျင်းပခဲ့သည့် အာဆီယံဝန်ကြီးအဆင့် အထူးအစည်းအဝေးတွင် မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့အား မူလသဘောတူထားသည့်အတိုင်း အာဆီယံအဖွဲ့ဝင်အဖြစ် လက်ခံရန် သဘောတူခဲ့ကြသည်။ ထို့ကြောင့် ၁၉၉၇ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် မလေးရှားနိုင်ငံ ဆူဗန်ဂျားယားမြို့၌ ကျင်းပသော အာဆီယံအဖွဲ့ဝင်သစ်များ လက်ခံသည့်အခမ်းအနားတွင် မြန်မာနိုင်ငံအား အာဆီယံတင်းပြည့်အဖွဲ့ဝင်အဖြစ်လက်ခံခဲ့သည်။ ထိုသို့မှန်ကန်သော ခြေလှမ်း၊ ခိုင်မာသောစိတ်ဓာတ်တို့ဖြင့် မြန်မာသည် အာဆီယံမိသားစုဝင်ဖြစ်လာခဲ့သည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်ဖြစ်လာခဲ့ပြီးနောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္နိုင်းမြို့၌ ၁၉၉၈ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှ ၁၆ ရက်အထိကျင်းပခဲ့သည့် ဆဋ္ဌမအကြိမ်အာဆီယံ ပုံမှန်ထိပ်သီးညီလာခံသို့ အဖွဲ့ဝင်နိုင်ငံအဖြစ် ပထမဆုံးအကြိမ် တက်ရောက်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးတက်ရောက်သည့် ထိပ်သီးညီလာခံဖြစ်သော်လည်း ဒေသဆိုင်ရာအကျိုးစီးပွားနှင့် မြန်မာနိုင်ငံ၏ အကျိုးစီးပွားကို အခြေခံလျက် အာဆီယံအသင်းကြီး ပိုမိုထက်မြက် ထိရောက်စေရေးအတွက် တက်ကြွစွာပါဝင်လှုပ်ရှားဆွေးနွေးနိုင်ခဲ့သည်။ ဒေသတွင်းကြုံတွေ့နေရသော စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာအခက်အခဲများကို ကိုင်တွယ်ဖြေရှင်းရန်နည်းလမ်းများ၊ မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များကိုလည်း အခြားအသင်းဝင်နိုင်ငံများနှင့်အတူ စုပေါင်းအဖြေရှာနိုင်ခဲ့သည်။ အထူးသဖြင့် ဒေသပြင်ပရှိ ဝေဖန်ရေးသမားများက အာဆီယံအသင်းကြီးနှင့် လုပ်နည်းလုပ်ဟန်များကို ပုတ်ခတ်တိုက်ခိုက်နေစဉ် မြန်မာနိုင်ငံအနေဖြင့် စိတ်တူကိုယ်တူနိုင်ငံများနှင့်လက်တွဲပြီး အာဆီယံအသင်းကြီး၏အခြေခံမူများ၊ အာဆီယံမိသားစုစိတ်ဓာတ်နှင့်နည်းစနစ်များကို ထိရောက်စွာကာကွယ်နိုင်ခဲ့သည်။ ထိုအစည်းအဝေးမှသည် ဒေသတွင်း နိုင်ငံ့ခေါင်းဆောင်များအကြား ပုဂ္ဂိုလ်ရေးခင်မင်မှုကို တည်ဆောက်နိုင်သကဲ့သို့ ဒေသတွင်းနိုင်ငံအသီးသီး၏ ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မြဲစေရေးတို့ကိုလည်း တည်ဆောက်နိုင်ခဲ့သည်။ ထို့ကြောင့်လည်း အာဆီယံသည်ဒေသတွင်း ပေါင်းစည်းရေး ကြိုးပမ်းနေသည့် အဖွဲ့အစည်းများ အနက် အောင်မြင်မှုအရှိဆုံး အဖွဲ့အစည်းတစ်ရပ် အဖြစ် ကမ္ဘာ့နိုင်ငံများအကြား စံနမူနာထားလက်ခံရသည့် အဖွဲ့အစည်းကြီးအဖြစ်လည်း ရပ်တည်နိုင်ခဲ့ပေသည်။




**❖ ဒေသပြင်ပရှိ ဝေဖန်ရေးသမားများက အာဆီယံအသင်းကြီးနှင့် လုပ်နည်းလုပ်ဟန်များကို ပုတ်ခတ်တိုက်ခိုက်နေစဉ် မြန်မာနိုင်ငံအနေဖြင့် စိတ်တူကိုယ်တူနိုင်ငံများနှင့်လက်တွဲပြီး အာဆီယံအသင်းကြီး၏အခြေခံမူများ၊ အာဆီယံမိသားစု စိတ်ဓာတ်နှင့် နည်းစနစ်များကို ထိရောက်စွာကာကွယ်နိုင်ခဲ့သည်။ ထိုအစည်းအဝေးမှသည် ဒေသတွင်းနိုင်ငံ့ခေါင်းဆောင်များအကြား ပုဂ္ဂိုလ်ရေးခင်မင်မှုကို တည်ဆောက်နိုင်သကဲ့သို့ ဒေသတွင်းနိုင်ငံအသီးသီး၏ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရေးတို့ကိုလည်း တည်ဆောက်နိုင်ခဲ့**

**❖ ထို့ကြောင့်လည်း အာဆီယံသည်ဒေသတွင်းပေါင်းစည်းရေး ကြိုးပမ်းနေသည့် အဖွဲ့အစည်းများအနက် အောင်မြင်မှုအရှိဆုံး အဖွဲ့အစည်းတစ်ရပ်အဖြစ် ကမ္ဘာ့နိုင်ငံများအကြား စံနမူနာထားလက်ခံရသည့် အဖွဲ့အစည်းကြီးအဖြစ်လည်း ရပ်တည်နိုင်ခဲ့**

**အာဆီယံဥက္ကဋ္ဌ ရာထူးတာဝန်ကို ထမ်းဆောင်နိုင်ခဲ့**

အာဆီယံသည် နိုင်ငံရေးအရ စည်းလုံးညီညွတ်မှု၊ စီးပွားရေးအရ ပေါင်းစည်းနိုင်မှု၊ လူမှုရေးအရ တာဝန်ယူတတ်မှုများကိုဆောင်ရွက်ရန် မျှော်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပေသည်။ ၁၉၉၇ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင်ဖြစ်လာခဲ့သည့် မြန်မာနိုင်ငံသည် နှစ်ပေါင်း ၁၇ နှစ်ကြာပြီးနောက် သမိုင်းပေးတာဝန်တစ်ရပ်ဖြစ်သည့် အာဆီယံဥက္ကဋ္ဌ ရာထူးတာဝန်ကို ၂၀၁၄ ခုနှစ်တွင် အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့သည်။ မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့စဉ် (၂၃)ကြိမ်မြောက်အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးကြီးနှစ်ခုအပါအဝင် နိုင်ငံတော်အကြီးအကဲအဆင့်အစည်းအဝေးပေါင်း ၁၂ ခု၊ ဝန်ကြီးအဆင့်အစည်းအဝေးပေါင်း ၃၄ ခု၊ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် လုပ်ငန်းအဖွဲ့အစည်းအဝေးပေါင်း ၈၉ ခု စုစုပေါင်းအစည်းအဝေး ၁၃၅ ခုအား အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး အာဆီယံနိုင်ငံများမှ နိုင်ငံ့အကြီးအကဲများ၏ တူညီသောဆန္ဒဖြင့် ၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ နေပြည်တော်ကြေညာချက်အပါအဝင် ကြေညာချက် ၃၄ ချက်ကို ထုတ်ပြန်နိုင်ခဲ့သည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီးနောက် အာဆီယံကချမှတ်ခဲ့သည့် စံနှုန်းများ၊ စည်းမျဉ်းများကိုလိုက်နာဆောင်ရွက်ခဲ့သည့် တက်ကြွသည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။ အာဆီယံအဖွဲ့ကြီးသည်လည်း မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးခက်ခဲနေချိန်များတွင် အတူတကွရပ်တည်ပေးခဲ့သည့်နည်းတူ တိုးတက်ပြောင်းလဲလာသည့် မြန်မာနိုင်ငံအခြေအနေများကိုလည်း ဝမ်းပန်းတသာ ကြိုဆိုနေလျက်ရှိသည့်အဖွဲ့အစည်းတစ်ခုပင်ဖြစ်သည်။ အာဆီယံဒေသအတွင်း ချစ်ကြည်ရင်းနှီးမှုတိုးတက်မြင့်မားလာခြင်းသည် ဒေသတွင်းခေါင်းဆောင်များ၏ စစ်မှန်သော အားထုတ်ကြိုးပမ်းမှု၏ရလဒ်များပင်ဖြစ်သည်။ အာဆီယံသည် အင်အားကြီးနိုင်ငံများ၏ ပြိုင်ဆိုင်မှုနှင့် ကြီးစိုးမှုများ စိမ့်ဝင်ပျံ့နှံ့မလာစေရေးအတွက် ဒေသအတွင်း နိုင်ငံရေးနှင့် စီးပွားရေးတည်ငြိမ်မှုကို ထိန်းသိမ်းကာကွယ်ဆောင်ရွက်လျက်ရှိပြီး ဒေသတွင်းနိုင်ငံအချင်းချင်း ဖြစ်ပေါ်လာသောသဘောထားကွဲလွဲမှုများကို ငြိမ်းချမ်းစွာညှိနှိုင်းဖြေရှင်းပေးလျက်ရှိသည့် အဘက်ဘက်မှတိုးတက်လျက်ရှိသော အဖွဲ့ကြီးအဖြစ် ရပ်တည်လျက်ရှိသည်။

**အင်ဒိုပစိဖိတ်ဒေသတွင်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်**

အရှေ့အာရှနှင့် တောင်အာရှကမ်းရိုးတန်းဒေသများနှင့် တစ်ဆက်တည်း ကမ်းလွန်ပင်လယ်ပြင်များ အပါအဝင် အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာကြီး နှစ်ခုကို ပထဝီနိုင်ငံရေးဒေသကြီးတစ်ခုအဖြစ် ပေါင်းစည်းစဉ်းစားသည့် ထိပ်တန်းအရေးပါသော အင်ဒိုပစိဖိတ်ဒေသတွင်လည်း အာဆီယံအသင်းကြီး၏အချက်အချာကျမှုသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ အာဆီယံဗဟိုချက်ဖြစ်မှုကို ထိန်းသိမ်းခြင်းသည် အာဆီယံအားအောင်မြင်သော ဒေသတွင်း အဖွဲ့အစည်းတစ်ခု ဖြစ်လာစေရန်နှင့် နိုင်ငံတကာနယ်ပယ်တွင်ဝင်ဆံ့မှုရှိနေစေရန်အတွက် အရေးပါလှသည်။ အာဆီယံဗဟိုချက်ဖြစ်မှုမှတစ်ဆင့် စည်းမျဉ်းများကိုအခြေခံသော ဒေသတွင်းတည်ငြိမ်မှုကိုမြှင့်တင်ပြီး နိုင်ငံများအကြား ပဋိပက္ခဖြစ်မှု အလားအလာများကို လျော့နည်းစေရန် ဆောင်ရွက်ရမည်ဖြစ်သည်။ ဆန်းသစ်လာသောဒေသအတွင်း ပထဝီနိုင်ငံရေးအားပြိုင်မှု အခင်းအကျင်းတွင် အာဆီယံ၏စည်းလုံးညီညွတ်မှုနှင့် အာဆီယံ လည်ပတ်မှုပုံစံများအပေါ် ဝေဖန်မှုများနှင့်စိုးရိမ်ပူပန်မှုများလည်း ထွက်ပေါ်လျက်ရှိသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကြုံတွေ့ရသော လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ စိန်ခေါ်မှုများ ကွဲပြားခြားနားသည့်အလျောက် အကျိုးစီးပွားနှင့် ဦးစားပေးဆောင်ရွက်မှုအခန်းကဏ္ဍလည်း ကွဲပြားလျက်ရှိသည်။ အဖွဲ့ဝင်နိုင်ငံအသီးသီးသည် ပြည်တွင်းရေးရာကိစ္စများကိုသာ အလေးထားဖြေရှင်းရန် လိုလားမှုသည် အာဆီယံအသင်းကြီး၏ ဗဟိုချက်ဖြစ်မှုအပေါ် ကြီးမားသောအကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေမည်ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ် ဧပြီ ၂၄ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ကျင်းပသော အာဆီယံနိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တက်ရောက်ခဲ့ပြီး အစည်းအဝေးတွင် ၂၀၂၅ ခုနှစ်အလွန် ကမ္ဘာ့အသိုက်အဝန်းအတွင်း၌ အာဆီယံအသိုက်အဝန်းအနေဖြင့် စုစည်းညီညွတ်မှုရှိပြီး စစ်မှန်သည့် စုပေါင်းအင်အားစုဖြစ်စေရေး ပိုမိုကြိုးပမ်းအားထုတ်ရမည်ဖြစ်ကြောင်း၊ ယနေ့ခေတ်တွင် ပထဝီနိုင်ငံရေး ပြောင်းလဲလာခြင်း၊ အယူဝါဒ ကွဲပြားလာခြင်းနှင့် မဟာမိတ်နိုင်ငံသစ်များဖွဲ့စည်းလာခြင်း စသည့် ကမ္ဘာ့ဇာတ်ခုံအပေါ် နိုင်ငံရေးအခင်းအကျင်း စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်နေကြရသောကြောင့် အာဆီယံအဖွဲ့ကြီးအနေဖြင့် စည်းလုံးညီညွတ်မှု၊ အပြန်အလှန်ယုံကြည်လေးစားမှုတို့ဖြင့် ရင်ဆိုင်ကျော်လွှားသွားရမည် ဖြစ်ကြောင်း၊ အာဆီယံ၏ အဓိကအခြေခံမူများဖြစ်သည့် တန်းတူညီမျှမှု၊ အပြန်အလှန်လေးစားမှု၊ နိုင်ငံတစ်နိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်မှုနှင့် အာဆီယံ၏ဆောင်ပုဒ်ဖြစ်သည့် “မျှဝေခြင်းနှင့်စောင့်ရှောက်ခြင်း” အပြင် အာဆီယံက ကျင့်သုံးလျက်ရှိသည့် “တူညီဆန္ဒ” ဖြင့် ဆုံးဖြတ်ချက်ချခြင်းနည်းလမ်းတို့ကို ဆက်လက်ထိန်းသိမ်းထားရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံပဋိညာဉ်စာတမ်းနှင့် အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး စာချုပ်(TAC)ပါ အခြေခံမူများနှင့်အညီ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ချမှတ်ကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်ကို အာဆီယံနိုင်ငံများသို့ အသိပေးလိုကြောင်းတို့ကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့ကြောင့် အာဆီယံအသင်းကြီးသည် ရရှိပြီးသောအောင်မြင်မှုများကို အစဉ်တစိုက် ဆက်လက်ထိန်းသိမ်းမြှင့်တင်ရန်အတွက် အာဆီယံဗဟိုချက်ဖြစ်မှုကို ပိုမိုခိုင်မာအားကောင်းစေရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများက အားထုတ်ကြိုးပမ်းရမည်သာဖြစ်ပါသည်။

**ကမ္ဘာ့အလယ်တွင် တောက်ပလျက်ရှိ**

ယနေ့ကမ္ဘာကြီး၏ နေရာဒေသအသီးသီးတွင် ပဋိပက္ခမျိုးစုံ ပေါ်ပေါက်လျက်ရှိနေသော်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ညီညွတ်မှုစွမ်းအား၊ ပေါင်းစည်းမှု စွမ်းအင်တို့ကြောင့် ဒေသတွင်းတည်ငြိမ်မှုရလဒ်ကို ကမ္ဘာသို့ပြသလျက်ရှိနေသကဲ့သို့ တည်ငြိမ်မှု၊ အေးချမ်းသာယာမှု၊ စည်းလုံးညီညွတ်မှု၊ စွမ်းရည်ထက်မြက်မှု၊ သန့်ရှင်းစင်ကြယ်မှု၊ သာယာဝပြောမှုနှင့် ခိုင်မြဲစွာလက်တွဲဆောင်ရွက်သွားမည်ဆိုသည့် မျှော်မှန်းချက်တို့ကို ဖော်ညွှန်းပြသထားသော အပြာရောင်အောက်ခံ၊ အဖြူရောင်စက်ဝိုင်းအတွင်းရှိ အနီရောင်နောက်ခံပါ အဝါရောင်စပါးနှံအစည်း သင်္ကေတဖြင့် အာဆီယံကိုယ်စားပြုအလံသည်လည်း ကမ္ဘာ့အလယ်တွင် တောက်ပလျက်ရှိနေပေသည်။ အနာဂတ်တွင်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏စည်းလုံးညီညွတ်မှုကိုပြသပြီး ခင်မင်ရင်းနှီးမှုဖြင့် ခိုင်မြဲစွာလက်တွဲဆောင်ရွက်သွားမည်ဆိုပါက ဒေသတွင်း တည်ငြိမ်အေးချမ်းကာ ဖွံ့ဖြိုးသာယာဝစေသည်မှာ မလွဲဧကန်ပင်ဖြစ်ပေသည်။ ။

# နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် (၂၈)ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာဖိုရမ်သို့ ပါဝင်တက်ရောက်

နေပြည်တော် သြဂုတ် ၇

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ယမန်နေ့ညနေ ၅ နာရီခွဲတွင်စတင်၍ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည့် (၂၈)ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာဖိုရမ်သို့ နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်သည်။

(၂၈)ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာဖိုရမ်ကို ဘရူနိုင်းနိုင်ငံခြားရေးဝန်ကြီး(၂) Dato Erywan Pehin Yusof က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အာဆီယံဒေသဆိုင်ရာဖိုရမ်(အေအာရ်အက်ဖ်) အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဝန်ကြီးများက ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များနှင့် အနာဂတ်ပူးပေါင်းဆောင်ရွက်မှု အလားအလာများကို အမြင်ချင်းဖလှယ်ခဲ့ကြသည်။



### ပြောကြား

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဒေသတွင်းနိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ ဘုံအကျိုးစီးပွားနှင့် အရေးကိစ္စများတွင် အပြုသဘောဆောင်သည့်ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန် အဓိကဖိုရမ်တစ်ခုဖြစ်သည့် အေအာရ်အက်ဖ်သည် အလွန်အရေးကြီးကြောင်း၊ အေအာရ်အက်ဖ် ပေါင်းစည်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ဦးစားပေးကဏ္ဍခုနစ်ခုပါဝင်သော အေအာရ်အက်ဖ်၏ အနာဂတ်လုပ်ငန်းစဉ်ဖြစ်သည့် အေအာရ်အက်ဖ်မျှော်မှန်းချက်စာတမ်းအား အကောင်အထည်ဖော်ခြင်းဆိုင်ရာ ဟန္ဒိုင်းလုပ်ငန်းစီမံချက် အကောင်အထည်ဖော်ခြင်း၏ တိုးတက်မှုများအပေါ် အားရကျေနပ်ကြောင်း၊ ယင်းဦးစားပေးနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်းသည် ယုံကြည်မှုတည်ဆောက်ရေးလုပ်ငန်းစဉ်များနှင့် သံတမန်နည်းလမ်းအရ ကြိုတင်ကာကွယ်ခြင်းကို အားပေးမြှင့်တင်နိုင်မည်ဖြစ်ပြီး အေအာရ်အက်ဖ်ကို အားလုံးငြိမ်းချမ်းစေပြီး ပိုမိုဦးစီးဦးဆောင်ပြုနိုင်သည့်ဖိုရမ် ဖြစ်လာစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သြဂုတ် ၆ ရက်တွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့က ပူးတွဲဥက္ကဋ္ဌအဖြစ် ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် ပြုလုပ်ခဲ့သည့် (၁၄)ကြိမ်မြောက် အေအာရ်အက်ဖ်ကျွမ်းကျင်သူများအစည်းအဝေးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းကို အစည်းအဝေးသို့ အသိပေးပြောကြားခဲ့သည်။

ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် အရေးပေါ်အခြေအနေ ကြေညာခဲ့ရသည့်အကြောင်းရင်း၊ အာဆီယံနိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေး၏ တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော် ဆောင်ရွက်နေသည့်အခြေအနေ၊ သြဂုတ် ၄ ရက်က အထူးကိုယ်စားလှယ် ခန့်အပ်ခဲ့ခြင်းကိစ္စ၊ မြန်မာနိုင်ငံအနေဖြင့် အထူးကိုယ်စားလှယ်နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒရှိမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ အေအာရ်အက်ဖ်အဖွဲ့ဝင်နိုင်ငံများက အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ခန့်အပ်ခြင်းကို ကြိုဆိုကြရာ၌ ၎င်းတို့၏ပံ့ပိုးမှုများသည် အာဆီယံတူညီဆန္ဒ(၅)ချက်နှင့် မြန်မာနိုင်ငံမှ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်တို့ကို အထောက်အကူဖြစ်စေရန် အလေးပေးပြောကြားခဲ့ပြီး ယင်းထက် ကျော်လွန်ဆောင်ရွက်မှုများသည် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်နှင့် မြန်မာနိုင်ငံတို့အတွက် အကူအညီဖြစ်မည်မဟုတ်ကြောင်း၊ အဓိပ္ပာယ်ပြည့်ဝသည့်နိုင်ငံရေး ဆွေးနွေးမှု (meaningful political dialogue) ဆောင်ရွက်ရန်ကိစ္စတွင် နိုင်ငံအတွင်း အကြမ်းဖက်မှုများ ကျူးလွန်နေသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် တရားမဝင်အသင်းအဖွဲ့များ မပါ(မပါ)ဝင်သင့်ကြောင်း ထောက်ပြပြောဆိုခဲ့သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက NUG နှင့် CRPH ကဲ့သို့ တရားမဝင်အဖွဲ့အစည်းများ၊ အကြမ်းဖက်အုပ်စုများထံမှ ငွေကြေးအကူအညီနှင့် အထောက်အပံ့များ ရယူထားသည့် People Defense Force (PDF) မှ အကြမ်းဖက်မှုလုပ်ရပ်များ ကျူးလွန်နေခြင်းကို အေအာရ်အက်ဖ်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ရှုတ်ချသင့်ကြောင်း ပြောကြားခဲ့သည်။

### တိုက်တွန်းပြောကြားစေလို

ရခိုင်ပြည်နယ်ကိစ္စနှင့်ပတ်သက်၍ အာဆီယံပဏာမဆန်းစစ်လေ့လာရေးအဖွဲ့၏ အစီရင်ခံစာပါ အကြံပြုချက်များကို အကောင်အထည်ဖော်ရာတွင် အာဆီယံနှင့်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ၏ကတိကဝတ်ကို ထပ်လောင်းပြောကြားခဲ့ပြီး နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် အောင်မြင်စေရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှုကို အလေးထားပြောကြားလိုကြောင်းနှင့် အာဆီယံဒေသဆိုင်ရာဖိုရမ် အဖွဲ့ဝင်နိုင်ငံများအနေဖြင့်လည်း နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွင် မြန်မာနိုင်ငံနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို တိုက်တွန်းပြောကြားစေလိုကြောင်း မေတ္တာရပ်ခံခဲ့သည်။

အဆိုပါ (၂၈)ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာဖိုရမ်သို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိကြီးများလည်း တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး ဒလရေပေးဝေရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် သြဂုတ် ၇

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ယနေ့နံနက် ၈ နာရီတွင် တွံတေးမြို့နယ် ပိတ်စွယ်ကျေးရွာအုပ်စု ဘုရားကြီးစုကျေးရွာ ဒလရေသန့်စင်စက်ရုံ တည်ဆောက်ရေးလုပ်ငန်းနေရာသို့ ရောက်ရှိရာ အင်ဂျင်နီယာဌာန (ရေပေးဝေရေးနှင့်သန့်ရှင်းမှု) ဌာနမှူး ဦးမြင့်ဇော်သန်းက ဘုရားကြီးအနီး မြေဧရိယာ ၁၉ ဒသမ ၈၄ ဧကတွင် တွံတေးတူးမြောင်းမှ ရေကိုရယူမည့် ရေယူအဆောက်အအုံ၊ သဲရေစစ်ကန်၊ ရေစုကန်၊ ရေသန့်စင်စက်ရုံများ တည်ဆောက်ရန်အတွက် မြေသားလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ တွံတေး-ဒလကားလမ်းမှ ဘုရားကြီးအထိ အရှည်ပေ ၉၅၀၀ မြေသားလမ်း တိုးချဲ့ခြင်းနှင့် ကွန်ကရစ်လမ်းခင်းကျင်းနေမှုလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က လိုအပ်သည်များ မှာကြားသည်။



### ကြည့်ရှုစစ်ဆေး

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ရန်ကုန်ပေါက်ကျေးရွာအနီး ရန်ကုန်ပေါက်ရေပေးဝေရေးစခန်းအတွင်း ရေတွန်းစက်ရုံ၊ ရေစုကန်၊ အဝီစိတွင်း၊ ရေချိုတွင်းများ၊ ဝန်ထမ်းလိုင်းခန်းနှင့် Nano Filter ဖြင့် ရေသန့်စင်မှုစနစ် စမ်းသပ်တပ်ဆင်သုတေသနဆောင်ရွက်ရန် အဆောက်အအုံဆောက်လုပ်နေမှုကိုလည်းကောင်း၊ တွံတေး-ဒလကားလမ်းမပေါ်ရှိ တာကြီးကျေးရွာအနီး မြေဧရိယာ ၂ ဒသမ ၂ ဧကတွင် ရေပေးဝေရေးဇုန်(၁၀)၏ ရေဂါလန် သုံးသန်းဆံ့ ရေစုကန်တည်ဆောက်ရေး စီမံကိန်းမြေသားလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဈေးများနှင့် ကုန်စည်ပွဲရုံများ စီမံခန့်ခွဲရေးဌာန ကမာကဆစ်ဈေးတွင် ပြည်သူလူထုအတွင်း ကိုဗစ်-၁၉ ရောဂါကင်းစင်စေရေးအတွက် လူသွားလူလာထူထပ်သည့်နေရာများတွင် ချိတ်ဆွဲစိုက်ထူနိုင်ရန် အသိပညာပေးဗီနိုင်းပိုစတာများနှင့် နှာခေါင်းစည်းများကို တောင်ပိုင်းခရိုင် စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် ဒလမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ပြီး ကုန်ဈေးနှုန်းအခြေအနေနှင့် ရောင်းဝယ်ဖောက်ကားနေမှုကိုလည်းကောင်း၊ ဒလရေပေးဝေရေးလုပ်ငန်းအတွက် ဒလ-တွံတေးလမ်းတစ်လျှောက် 630 mm HDPE Pipe ဆက်သွယ်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ ဒလမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံကာ စည်ပင်ဝန်ထမ်းများအနေဖြင့် မြေပြင်လုပ်ငန်းများ ဆောင်ရွက်နေရခြင်းကြောင့် ကျန်းမာရေးနှင့်လုံခြုံရေးအားဂရုစိုက်ဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ကမ္ဘာ့အပူချိန်လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့

# အများပြည်သူအလုပ်ပိတ်ရက်ကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ထိရောက်စွာ ဟန့်တားနိုင်ရေးအတွက် စည်းကမ်းချက်များနှင့်အညီ နေထိုင်၊ ဆောင်ရွက်ရန် အသိပေးကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ**
**အသိပေးကြေညာချက်**
**၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၅ ရက်**
**(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၇ ရက်)**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၇-၈-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၂၄/၂၀၂၁ ဖြင့် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့မှ ၁၅ ရက်နေ့အထိအား တစ်ဆက်တစ်စပ်တည်း အများပြည်သူ အလုပ်ပိတ်ရက်အဖြစ် သတ်မှတ်ကြေညာခဲ့ပါသည်။

၂။ အဆိုပါ အများပြည်သူအလုပ်ပိတ်ရက်ကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ထိရောက်စွာ ဟန့်တားနိုင်ရေးအတွက် အောက်ပါစည်းကမ်းချက်များနှင့်အညီ နေထိုင်၊ ဆောင်ရွက်ရန်ဖြစ်သည်-

(က) မိမိတို့၏နေအိမ် သို့မဟုတ် အဆောင်များတွင်သာ နေထိုင်ရန်နှင့် တာဝန်နှင့် နာရေးမှအပ ခရီးသွားလာခြင်း လုံးဝမပြုလုပ်ရန်၊

(ခ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ယင်း၏လက်အောက်ခံ အစိုးရဘဏ်၊ ပုဂ္ဂလိကဘဏ်များအား ယခင်ရုံးဖွင့်ရက်များအတိုင်း ဖွင့်လှစ်ရန်၊

(ဂ) ကုန်ထုတ်စွမ်းအားမကျဆင်းစေရေးအတွက် အလုပ်သမားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် စက်ရုံ၊ အလုပ်ရုံများအား ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်ရန်၊

(ဃ) သက်ဆိုင်ရာဌာနအသီးသီး၏ မဖြစ်မနေဆောင်ရွက်ရမည့် အရေးကြီးရုံးလုပ်ငန်းများ လစ်ဟင်းမှု မရှိစေရေး work from home နည်းလမ်းဖြင့်လည်းကောင်း၊ အခြားသင့်လျော်သည့် နည်းလမ်းများဖြင့်လည်းကောင်း စီမံဆောင်ရွက်ရန်၊

(င) မရှိမဖြစ် အခြေခံလိုအပ်ချက်များဖြစ်သော စက်သုံးဆီ၊ သောက်သုံးရေသန့်၊ သား၊ ငါးနှင့် အခြေခံစားသောက်ကုန်များ ရောင်းချသည့်ဆိုင်များသာ ဖွင့်လှစ်ရောင်းချရန်၊

(စ) ဆေးဝါးနှင့်ဆေးပစ္စည်းကိရိယာများ ရောင်းချသည့်ဆိုင်များ၊ ဆေးကုမ္ပဏီများ ဖွင့်လှစ်ရောင်းချရန်၊

(ဆ) စားသောက်ဆိုင်များအနေဖြင့် ပါဆယ်စနစ်(take away) ဖြင့်သာ ရောင်းချရန်၊

(ဇ) ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်၊ (အစိုးရဆေးရုံများ၊ ပုဂ္ဂလိကဆေးရုံများနှင့် ဆေးခန်းများ)

(ဈ) မဖြစ်မနေ နေအိမ်မှ ထွက်ခွာသွားရောက်ရမည့်ကိစ္စရပ်များ ပေါ်ပေါက်ပါက ပါးစပ်၊ နှာခေါင်းစည်း (Mask) အပါအဝင် လိုအပ်သော ရောဂါကာကွယ်ရေးအစီအမံများ မဖြစ်မနေဝတ်ဆင်ရန်၊

(ည) မဖြစ်မနေ ခရီးသွားလာရမည့်ပုဂ္ဂိုလ်များ အဆင်ပြေချောမွေ့စေရေးအတွက် ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းတို့နှင့်ပတ်သက်သော စက်တပ်ယာဉ်များ ပြေးဆွဲနိုင်ရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ပြေးဆွဲသွားလာခွင့်ပြုရန်၊

(ဋ) ကုန်စည်စီးဆင်းမှုအဆင်ပြေချောမွေ့စေရေးအတွက် ကုန်တင်ယာဉ်များ သွားလာမှုစံသတ်မှတ်ချက် Standard Operating Procedure (SOP) အတိုင်း လိုက်နာဆောင်ရွက်ရန်၊

(ဌ) ကုန်တင်ကုန်ချဆိပ်ကမ်းများကို ဆက်လက်ဖွင့်လှစ်ဆောင်ရွက်ရန်၊

(ဍ) Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီနှင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ဆိုင်ရာ စည်းကမ်းချက်များကို တိကျစွာလိုက်နာရန်။

၃။ အထက်ပါစည်းကမ်းချက်များအား လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါသည်။

# အခြေခံပညာကျောင်းများအား ရက်သတ္တ(၁)ပတ် ဆက်လက်၍ ယာယီပိတ်ထားမည်ဖြစ်ကြောင်း အသိပေးကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ**
**အသိပေးကြေညာချက်**
**၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၅ ရက်**
**(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၇ ရက်)**

လက်ရှိအခြေအနေအရ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ဆက်လက်ဟန့်တားထိန်းချုပ်ရန် လိုအပ်သည့်အတွက် အခြေခံပညာကျောင်းများ (ပုဂ္ဂလိကကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေး ကျောင်းများအပါအဝင်)အား ၉-၈-၂၀၂၁ ရက်နေ့မှ ၁၅-၈-၂၀၂၁ ရက်နေ့အထိ ရက်သတ္တ(၁)ပတ် ဆက်လက်၍ ယာယီပိတ်ထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၇**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ပွဲကို စက်တင်ဘာ ၇ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ယနေ့တွင် အသိပေးကြေညာထားသည်။

**သီးသန့်ထပ်မံကြေညာသွားမည်**

အဆိုပါစာတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအသစ် ဖွဲ့စည်းရေးအတွက် ကိုယ်စားလှယ်လောင်း အဆိုပြုလွှာများ တင်သွင်းနိုင်ရန် ဇူလိုင် ၁ ရက်က နိုင်ငံပိုင်သတင်းစာများတွင် ဖိတ်ခေါ်ထားရှိခဲ့ပြီး အဆိုပြုလွှာများကို ဇူလိုင် ၃၀ ရက်အတွင်း ပြန်လည်တင်သွင်းရန် သတ်မှတ်ခဲ့ကြောင်း၊ ရွေးကောက်တင်မြှောက်ခံမည့် ကောင်စီဝင်လောင်း အမည်စာရင်းအား သီးသန့်ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

**ကျင်းပသွားမည်**

ထို့ပြင် သတင်းမီဒီယာနည်းဥပဒေများ ၉၊ နည်းဥပဒေခွဲ(က) (ခ)အရ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ပွဲကို ၂၀၂၁ ခုနှစ် စက်တင်ဘာ ၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း အမှတ် (၂၂၈) ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံဝင်း ပထမထပ် စုဝေးခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်ဟု ဖော်ပြပါရှိသည်။ **သတင်းစဉ်**



# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် လူမှုကူညီရေးအသင်းနှင့် ယူနန်ပြည်နယ်ပြည်သူများက အောက်ဆီဂျင်အရည်များ ပေးအပ်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၇**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီအထူးကုဆေးရုံကြီးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် လူမှုကူညီရေးအသင်းနှင့် ယူနန်ပြည်နယ်ပြည်သူများက လှူဒါန်းသည့် အောက်ဆီဂျင်အရည် တန်ချိန် ၂၅၀ လှူဒါန်းပေးအပ်ပွဲသို့ တက်ရောက်သည်။

ရောက်ရှိလာသည့် အောက်ဆီဂျင်အရည်များကို မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီဆေးရုံကြီးရှိ ဖိအားမြင့် အောက်ဆီဂျင်သိုလှောင်ကန်အတွင်းသို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျွမ်းကျင်သူ နည်းပညာရှင်အဖွဲ့က ဖြည့်သွင်းပေးရန် ပြင်ဆင်နေသည့်အခြေအနေကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထူးလွင်က ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လုပ်ငန်းများအဆင်ပြေချောမွေ့စေရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယူနန်ပြည်နယ်မှလှူဒါန်းသည့် အောက်ဆီဂျင်အရည်တန်ချိန် ၂၅၀ အနက် ကနဦး ၂၅ တန် သယ်ဆောင်လာသော မော်တော်ယာဉ်သည် မြန်မာနိုင်ငံ တရုတ်ကုန်သည်ကြီးများအသင်းချုပ်၏ စီစဉ်မှုဖြင့် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး လှူဒါန်းမှုများအတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မြန်မာနိုင်ငံတရုတ်ကုန်သည်ကြီးများအသင်းချုပ်ဥက္ကဋ္ဌ ဦးအိုင်ထွန်း၊ ရန်ကုန်ယူနန်ဘုံကျောင်း အမြဲတမ်းဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဦးရုံးမူတို့အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယူနန်ပြည်နယ်မှလှူဒါန်းသည့် အောက်ဆီဂျင် အရည်များကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် ပြည်သူ့ဆေးရုံကြီးများနှင့် ကိုဗစ် -၁၉ ရောဂါ ကုသရေးစင်တာများသို့ စဉ်ဆက်မပြတ် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်းနှင့် ယနေ့ရောက်ရှိလာသည့် အောက်ဆီဂျင်အရည်များကို မြောက်ဥက္ကလာပဆေးရုံကြီး၊ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး (JICA) နှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးများသို့ ဆက်လက်ဖြည့်သွင်းပေးမည် ဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန် /ဆက်)**

# ရေးဖွင့်ထားသည့် အမှုများကို ဥပဒေနှင့်အညီ ပိတ်သိမ်းခြင်း၊ ရုပ်သိမ်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်သဖြင့် ဆက်သွယ်သတင်းပို့နိုင်ရန် အသိပေးကြေညာ

**နေပြည်တော် ဩဂုတ် ၇**

တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် ဆူပူဆန္ဒပြခြင်းများ၊ ဆန့်ကျင်လှုပ်ရှားမှုများတွင် ပါဝင်ခဲ့မှုများကြောင့် အရေးယူခံရမည်ကို စိုးရိမ်ခဲ့ပြီး တိမ်းရှောင်နေကြကြောင်း တွေ့ရှိရသည်။

ယခုအခါ ၎င်းတို့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဆောင်ရွက်ချက်များအပေါ် ယုံကြည်ခြင်း၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခြင်းဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားခြင်းများကြောင့် ပြန်လည်လာရောက်လိုသော်လည်း စိုးရိမ်ကြောင့်ကြမှုရှိခြင်း၊ မည်ကဲ့သို့ ဆက်သွယ်ဆောင်ရွက်ရမည်ကို မသိခြင်းများကြောင့် အခက်အခဲများဖြစ်ပေါ်နေကြောင်း သိရှိရသည်။

ယခုကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်မည်ဆိုပါက ၎င်းတို့အပေါ် ရေးဖွင့်ထားသည့်အမှုများကို ဥပဒေနှင့်အညီ ပိတ်သိမ်းခြင်း၊ ရုပ်သိမ်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်သဖြင့် အောက်တွင် ဖော်ပြထားသည့် ဖုန်းနံပါတ်များသို့ ယုံကြည်စိတ်ချစွာဖြင့် ဆက်သွယ်နိုင်ပါသည်။

ထိုကဲ့သို့ဆက်သွယ်ပါက မည်ကဲ့သို့ဆောင်ရွက်ရမည်ကို လမ်းညွှန်ပေးမည်ဖြစ်ပြီး သက်ဆိုင်ရာမှ အမှုပိတ်သိမ်းခြင်း၊ ရုပ်သိမ်းခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ အပိုဒ် ၃ တွင် ဖော်ပြထားသည့် ပြစ်မှုမျိုးများမှအပ မိမိသဘောဆန္ဒအလျောက် ပြန်လာလိုသူများသည် ဖော်ပြပါ ဖုန်းနံပါတ်များသို့ဖြစ်စေ၊ နီးစပ်ရာရဲစခန်း၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများသို့ဖြစ်စေ ယုံကြည်စိတ်ချစွာဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီး/ပြည်နယ်များသို့ ဆက်သွယ်တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များ၊ Viber ဖုန်းများနှင့် e-mail လိပ်စာများ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ | မှတ်ချက် |
|---|---|---|---|---|
| ၁ | နေပြည်တော် ကောင်စီနယ်မြေ | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅<br>၀၉-၄၂၅၂၈၃၃၃၄<br>(Viber-ဥတ္တရသီရိခရိုင်)<br>၀၉-၄၅၀၈၄၀၈၈၈<br>(Viber-ဒက္ခိဏသီရိခရိုင်) | mpf-naypyitaw<br>@e-moha.gov.mm | |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂<br>၀၉-၇၉၄၆၁၁၃၅၁<br>(Viber-မြစ်ကြီးနားခရိုင်)<br>၀၉-၄၃၀၄၂၀၇၁<br>(Viber-ဗန်းမော်ခရိုင်)<br>၀၉-၄၀၃၇၃၉၁၆၃<br>(Viber-မိုးညှင်းခရိုင်)<br>၀၉-၂၅၀၃၄၄၂၁၉<br>(Viber-ပူတာအိုခရိုင်) | mpf-kachin<br>@e-moha.gov.mm | |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၂၄၃၁၅<br>၀၈၃-၂၂၂၄၃၁၆<br>၀၉-၇၇၇၇၄၁၉၈၀<br>(Viber-လွိုင်ကော်ခရိုင်)<br>၀၉-၅၁၉၄၅၂၁<br>(Viber- ဘောလခဲခရိုင်) | mpf-kayar<br>@e-moha.gov.mm | |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉<br>၀၉-၄၅၇၇၇၇၀၇၄<br>(Viber-ဘားအံခရိုင်)<br>၀၉-၄၄၆၇၃၅၂၀၉<br>(Viber-ကော့ကရိတ်ခရိုင်)<br>၀၉-၅၁၃၂၅၁၁<br>(Viber-မြဝတီခရိုင်)<br>၀၉-၄၀၀၄၅၅၁၅၆<br>(Viber-ဖာပွန်ခရိုင်) | mpf-kayin<br>@e-moha.gov.mm | |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃<br>၀၉-၅၃၁၁၆၉၃<br>(Viber-မင်းတပ်ခရိုင်)<br>၀၉-၇၉၆၄၃၆၁၃၃<br>(Viber-မတူပီခရိုင်)<br>၀၉-၂၃၀၀၈၁၇<br>(Viber-ဖလမ်းခရိုင်)<br>၀၉-၅၂၆၂၃၇၃<br>(Viber-ဟားခါးခရိုင်) | mpf-chin<br>@e-moha.gov.mm | |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄<br>၀၉-၄၂၀၇၃၆၈၂၇<br>(Viber-စစ်ကိုင်းခရိုင်)<br>၀၉-၂၅၈၄၆၆၆၈<br>(Viber-ရွှေဘိုခရိုင်)<br>၀၉-၆၇၅၆၈၅၁၅၆<br>(Viber-ကန့်ဘလူခရိုင်)<br>၀၉-၄၀၁၅၅၇၆၅၆<br>(Viber-မုံရွာခရိုင်)<br>၀၉-၉၅၁၄၉၅၄၀၉<br>(Viber-ယင်းမာပင်ခရိုင်)<br>၀၉-၈၉၄၄၃၇၂၂၄<br>(Viber-ကသာခရိုင်)<br>၀၉-၄၀၂၅၀၈၄၆၈<br>(Viber-ကလေးခရိုင်)<br>၀၉-၈၈၀၀၈၇၃၄၀<br>(Viber-ခန္တီးခရိုင်)<br>၀၉-၅၁၉၀၄၈၁<br>(Viber-မော်လိုက်ခရိုင်)<br>၀၉-၂၅၆၅၉၆၈၈၉<br>(Viber-တမူးခရိုင်) | mpf-sagaing<br>@e-moha.gov.mm | |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀<br>၀၉-၂၅၁၁၃၈၅၇၇<br>(Viber-ထားဝယ်ခရိုင်)<br>၀၉-၂၅၆၄၄၅၄၂၄<br>(Viber-မြိတ်ခရိုင်)<br>၀၉-၈၉၅၉၁၂၁၆၉<br>(Viber-ကော့သောင်းခရိုင်) | mpf-tanintharyi<br>@e-moha.gov.mm | |

စာမျက်နှာ ၁၁ သို့ ☆

✰ စာမျက်နှာ ၁၀ မှ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ | မှတ်ချက် |
|---|---|---|---|---|
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁<br>၀၉-၄၀၀၅၄၀၁၄၀<br>(Viber-ပဲခူးခရိုင်)<br>၀၉-၂၅၀၁၃၂၆၅၆<br>(Viber-တောင်ငူခရိုင်)<br>၀၉-၄၄၃၁၃၅၅၂၀<br>(Viber-ပြည်ခရိုင်)<br>၀၉-၄၂၁၇၂၃၅၄၇<br>(Viber-သာယာဝတီခရိုင်) | mpf-bago<br>@e-moha.gov.mm | |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆<br>၀၉-၉၅၄၂၀၆၀၆၁<br>(Viber-မကွေးခရိုင်)<br>၀၉-၄၀၀၃၁၁၁၁၀<br>(Viber-မင်းဘူးခရိုင်)<br>၀၉-၇၉၄၄၄၇၂၈၀<br>(Viber-သရက်ခရိုင်)<br>၀၉-၂၅၇၀၈၀၀၉၈<br>(Viber-ပခုက္ကူခရိုင်)<br>၀၉-၄၅၁၅၀၆၀၂၆<br>(Viber-ဂန့်ဂေါခရိုင်) | mpf-magway<br>@e-moha.gov.mm | |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅<br>၀၉-၉၆၉၉၅၆၄၇၂<br>(Viber-မန္တလေးခရိုင်)<br>၀၉-၄၂၀၇၆၀၂၄၆<br>(Viber-ပြင်ဦးလွင်ခရိုင်)<br>၀၉-၂၆၄၆၂၈၃၁၃<br>(Viber-မြင်းခြံခရိုင်)<br>၀၉-၈၈၅၅၅၀၉၀<br>(Viber-မိတ္ထီလာခရိုင်)<br>၀၉-၅၂၁၅၇၇၇၉<br>(Viber-ရမည်းသင်းခရိုင်)<br>၀၉-၅၀၈၂၆၁၅<br>(Viber-ကျောက်ဆည်ခရိုင်)<br>၀၉-၂၅၀၁၁၁၈၃၈<br>(Viber-ညောင်ဦးခရိုင်) | mpf-mandalay<br>@e-moha.gov.mm | |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄<br>၀၉-၂၅၂၈၃၉၇၆၄<br>(Viber-မော်လမြိုင်ခရိုင်)<br>၀၉-၄၅၁၄၅၅၅၂၆<br>(Viber-သထုံခရိုင်) | mpf-mon<br>@e-moha.gov.mm | |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၁၀၂၀<br>၀၉-၄၂၁၀၀၄၂၁၈<br>(Viber-စစ်တွေခရိုင်)<br>၀၉-၇၈၉၉၇၈၃၇၃<br>(Viber-မြောက်ဦးခရိုင်)<br>၀၉-၄၀၂၅၄၇၂၄၄<br>(Viber-မောင်တောခရိုင်)<br>၀၉-၄၀၁၅၈၂၂၃၆<br>(Viber-ကျောက်ဖြူခရိုင်)<br>၀၉-၂၅၄၃၁၅၂၉၉<br>(Viber-သံတွဲခရိုင်) | mpf-rakhine<br>@e-moha.gov.mm | |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅<br>၀၉-၄၂၁၁၂၈၉၅၁<br>(Viber-အရှေ့ပိုင်းခရိုင်)<br>၀၉-၄၃၁၃၇၇၂၉<br>(Viber-အနောက်ပိုင်းခရိုင်)<br>၀၉-၅၁၉၄၂၂၃<br>(Viber-တောင်ပိုင်းခရိုင်)<br>၀၉-၇၈၆၂၈၁၄၅၆<br>(Viber-မြောက်ပိုင်းခရိုင်) | mpf-yangon<br>@e-moha.gov.mm | |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂<br>၀၉-၄၅၉၇၁၆၁၅၅<br>(Viber-လားရှိုးခရိုင်)<br>၀၉-၄၅၀၅၄၀၀၃၄<br>(Viber-ကျောက်မဲခရိုင်)<br>၀၉-၂၆၀၁၉၉၄၃၄<br>(Viber-တောင်ကြီးခရိုင်)<br>၀၉-၄၂၀၀၂၇၀၇၆<br>(Viber-လင်းခေးခရိုင်)<br>၀၉-၇၈၄၀၂၁၅၂၁<br>(Viber-လွိုင်လင်ခရိုင်)<br>၀၉-၅၁၂၇၈၈၂<br>(Viber-ကျိုင်းတုံခရိုင်)<br>၀၉-၅၀၆၈၁၈<br>(Viber-တာချီလိတ်ခရိုင်)<br>၀၉-၄၄၀၂၆၈၄၄၁<br>(Viber-မိုင်းဆက်ခရိုင်)<br>၀၉-၄၅၄၈၆၄၇၃၄<br>(Viber-မူဆယ်ခရိုင်)<br>၀၉-၄၀၃၇၄၇၁၃၂<br>(Viber-ဟိုပန်ခရိုင်)<br>၀၉-၂၆၅၂၉၅၀၇၆<br>(Viber-မိုးမိတ်ခရိုင်) | mpf-shan<br>@e-moha.gov.mm | |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆<br>၀၉-၄၃၀၄၆၄၄၃<br>(Viber-ပုသိမ်ခရိုင်)<br>၀၉-၂၅၉၀၄၂၃၃၀<br>(Viber-ဟသ်ာတခရိုင်)<br>၀၉-၄၅၄၄၆၆၆၇<br>(Viber-မြောင်းမြခရိုင်)<br>၀၉-၉၅၀၉၇၇၃၇၆<br>(Viber-လပ္ပတ္တာခရိုင်)<br>၀၉-၂၀၁၉၉၅၃<br>(Viber-မအူပင်ခရိုင်)<br>၀၉-၂၅၄၄၃၆၄၁၄<br>(Viber-ဖျာပုံခရိုင်) | mpf-ayeyarwaddy<br>@e-moha.gov.mm | |

# အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၆၄၃၉ ဦး ထပ်မံတွေ့ရှိ



**တီဟီရန် ဩဂုတ် ၇**

အီရန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၆၄၃၉ ဦး ထပ်မံတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၄၁၁၉၁၁၀ ရှိပြီဖြစ်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ၃၈၇ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၉၃၄၇၃ ဦးရှိလာကြောင်း အီရန်ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာနက ဆိုသည်။

လက်ရှိအချိန်အထိ ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းခွင့်ရရှိသူပေါင်း ၃၅၁၅၆၃ ဦးရှိပြီး အထူးကြပ်မတ်ကုသဆောင်များတွင် ဆေးကုသမှုခံယူသူ ၆၃၇၅ ဦးရှိကြောင်း သိရသည်။

ဩဂုတ် ၇ ရက်အထိ ပြည်သူ ၁၂၁၂၅၈၂၉ ဦးသည် ကာကွယ်ဆေးအနည်းဆုံးတစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်၍ ပြည်သူ ၃၀၀၇၉၈၁ ဦးသည် ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံမှုခံယူပြီးဖြစ်သည်။

နိုင်ငံအတွင်း ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုအရေအတွက်များလည်း မြင့်တက်လျက်ရှိသည့်အတွက် ကျန်းမာရေးဆိုင်ရာ တင်းကျပ်သောစည်းမျဉ်းများကို ပြန်လည်ချမှတ်ထားကြောင်း အီရန်ကျန်းမာရေးအာဏာပိုင်များက ဆိုသည်။ ဗိုင်းရပ်စ်ကူးစက်မှုကို ထိန်းချုပ်ရန် ရက်သတ္တနှစ်ပတ်ကြာ ခရီးသွားလာခွင့်ပိတ်ပင်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**




# Janssen ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား အရေးပေါ်အသုံးပြုရန် အိန္ဒိယနိုင်ငံ အတည်ပြု

**နယူးဒေလီ ဩဂုတ် ၇**

အိန္ဒိယနိုင်ငံသည် အမေရိကန်ဆေးဝါးကုမ္ပဏီ Johnson & Johnson မှ ထုတ်လုပ်သည့် Janssen ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား အရေးပေါ်အသုံးပြုရန် အတည်ပြုခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

Johnson & Johnson ဆေးဝါးကုမ္ပဏီသည် ၎င်း၏ တစ်ကြိမ်ထိုး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အိန္ဒိယနိုင်ငံ၌ အရေးပေါ်အသုံးပြုရန် ဩဂုတ် ၅ ရက်တွင် လျှောက်ထားခဲ့ပြီး အိန္ဒိယဗဟိုဆေးဝါးစံချိန်စံညွှန်းထိန်းချုပ်ရေးအဖွဲ့က ဩဂုတ် ၇ ရက်တွင် အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ယခင်က Covishield ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၊ Covaxin ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၊ Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတို့ကို နိုင်ငံအတွင်း အရေးပေါ်အသုံးပြုရန် အတည်ပြုခဲ့ပြီးဖြစ်ခြင်းကြောင့် Janssen ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် အိန္ဒိယနိုင်ငံ၌ အရေးပေါ်အသုံးပြုရန် အတည်ပြုခဲ့သည့် ငါးမျိုးမြောက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဖြစ်လာခဲ့သည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုမြင့်တက်လျက်ရှိပြီး လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၈၆၂၈ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၁၈၉၅၃၈၅ ဦးရှိကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၆၁၇ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူပေါင်း ၄၂၇၃၇၁ ဦး ရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှဆင်းခွင့်ရရှိသူ ၄၀၀၁၇ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၃၁၀၅၅၈၆၁ ဦး ရှိလာကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၂၃၂၀ ရှိ

**မော်စကို ဩဂုတ် ၇**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၂၃၂၀ ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၆၄၂၄၈၈၄ ဦးရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ဩဂုတ် ၇ ရက်တွင် ပြောကြားသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၇၉၃ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၆၄၀၉၄ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၁၉၄၈၅ ဦး ထပ်တိုးလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၅၇၃၉၈၃၈ ဦး ရှိလာကြောင်း သိရသည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုအများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၂၃၅ ဦးရှိခြင်းကြောင့် မြို့တော်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၅၂၄၄၃၉ ဦးရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှစတင်ကာ လက်ရှိအချိန်အထိ ပြည်သူ ၁၆၈ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု ရှိ၊ မရှိ စမ်းသပ်စစ်ဆေးမှုများပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# အင်ဒိုနီးရှားနိုင်ငံ၌ ဈေးဝယ်ထွက်သူများ ကာကွယ်ဆေးထိုးနှံမှုသက်သေခံလက်မှတ် ပြသရန်လိုအပ်

**ဂျကာတာ ဩဂုတ် ၇**

အင်ဒိုနီးရှားနိုင်ငံ၌ ဈေးဝယ်ထွက်သူများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးကြောင်း သက်သေခံလက်မှတ်ကို သက်ဆိုင်ရာ ဈေးဝင်ပေါက်များရှိ တာဝန်ရှိသူများအား ပြသရန်လိုအပ်ကြောင်း သိရသည်။

နိုင်ငံအတွင်း ဒယ်လ်တာဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်မှု မြင့်တက်လျက်ရှိသည့်အတွက် ယင်းသို့ဆောင်ရွက်ခြင်းဖြစ်ကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ဆိုသည်။

ယခု ရက်အနည်းငယ်အတွင်း အင်ဒိုနီးရှားနိုင်ငံ၌ နေ့စဉ်ကူးစက်မှုအရေအတွက် ၃၀၀၀၀ မှ ၅၀၀၀၀ အထိ မြင့်တက်လျက်ရှိသည်။ ရောဂါကူးစက်မှုကြောင့် နေ့စဉ် သေဆုံးမှုအရေအတွက်သည် ၁၅၀၀ အထိ မြင့်တက်လျက်ရှိသည်။ အဆိုပါ နေ့စဉ်သေဆုံးမှုအရေအတွက်သည် ကမ္ဘာ့နိုင်ငံများအနက် အများဆုံးဖြစ်သည်။

မြို့တော်ဂျကာတာ၌ ကျန်းမာရေးဆိုင်ရာစည်းမျဉ်းအသစ်များကို ထပ်မံချမှတ်လျက်ရှိသည်။ မြို့တော်အတွင်း ဈေးဝယ်ထွက်သူများသည် အနည်းဆုံး ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံမှုခံယူပြီးသူများဖြစ်ရမည်ဟု အဆိုပါစည်းမျဉ်းအသစ်များတွင် သတ်မှတ်ပါရှိသည်။

ထို့ပြင် အရေးပါသည့်လုပ်ငန်းများ မဖြစ်မနေဆောင်ရွက်ရသည့် ဝန်ထမ်းများသည်လည်း လုပ်ငန်းခွင်သို့ လာရောက်သည့်အခါ ကာကွယ်ဆေးထိုးနှံထားသည့် သက်သေခံလက်မှတ် ပြသရမည်ဖြစ်ကြောင်း အဆိုပါစည်းမျဉ်းအသစ်များတွင် ဖော်ပြထားသည်။

ယင်းသို့ ကာကွယ်ဆေးထိုးနှံမှု သက်သေခံလက်မှတ်၏ အရေးပါမှုကို စည်းမျဉ်းများတွင် ထည့်သွင်းရေးဆွဲခြင်းသည် နိုင်ငံသားများအား ကာကွယ်ဆေးလာရောက်ထိုးနှံရန် တွန်းအားပေးမှုတစ်ခုဖြစ်သည်။

သို့သော် ကာကွယ်ဆေးပြတ်လပ်မှုများရှိခဲ့သည့်အတွက် လက်ရှိအချိန်အထိ နိုင်ငံလူဦးရေ ၄၅ ရာခိုင်နှုန်းဝန်းကျင်ခန့်သာ ကာကွယ်ဆေးပထမအကြိမ် ထိုးနှံမှုခံယူပြီးဖြစ်သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၆ ဒသမ ၉၆ သန်းရှိ

**အဒစ်အဘာဘာ ဩဂုတ် ၇**

အာဖရိကတိုက်၌ ယနေ့အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၆၉၆၄၁၉၄ ဦးရှိလာကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးအေဂျင်စီများအား ကိုယ်စားပြုသည့် အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အာဖရိကတိုက်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူပေါင်း ၁၇၅၈၇၈ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၆၀၈၂၆၅၅ ဦးရှိကြောင်း သိရသည်။

အာဖရိကတိုက်၌ တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံ၊ အီဂျစ်နိုင်ငံနှင့် အီသီယိုပီးယားနိုင်ငံတို့သည် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုအများဆုံးနိုင်ငံများဖြစ်ကြောင်းလည်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကတိုက်၌ အာဖရိကတောင်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု အများဆုံးဒေသဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသတို့သည် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု ဒုတိယအများဆုံး ဖြစ်ကာ အာဖရိကအလယ်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအနည်းဆုံးဒေသဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူခဲ့ပြီးသူများအား အသွားအလာကန့်သတ်မှု ဖြေလျှော့ပေးမည်

**စင်ကာပူ ဩဂုတ် ၇**

စင်ကာပူအစိုးရက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ် အပြည့်အဝထိုးနှံမှု ခံယူခဲ့ပြီးသူများအား စားသောက်ဆိုင်များ၌ ဆိုင်ထိုင်စားသောက်ခွင့်ဆိုင်ရာ ကန့်သတ်ချက်များကို ဩဂုတ် ၁၀ ရက်မှစ၍ ဖြေလျှော့ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

**စားသောက်ခွင့်ပြုမည်**

ဩဂုတ် ၆ ရက်တွင် ကြေညာခဲ့သည့် အစိုးရ၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ဖြေလျှော့ရေးအစီအမံများအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူထားသူများကို ဆိုင်ထိုင်စားသောက်ခွင့်ပြုမည်ဖြစ်ပြီး စင်ကာပူနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် စားသောက်ဆိုင်များ၌ ဆိုင်ထိုင်စားသောက်ခြင်းကို ပြီးခဲ့သည့်လကတည်းက တားမြစ်ပိတ်ပင်ထားသည်။

စင်ကာပူအစိုးရသည် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရန် ကာကွယ်ဆေးထိုးနှံမှုကို အရှိန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ဩဂုတ် ၅ ရက်အထိ နိုင်ငံ၏ လူဦးရေသုံးပုံနှစ်ပုံကျော်အား ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။



ထို့အပြင် စင်ကာပူအစိုးရသည် ဒယ်လ်တာ ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကြောင့် နိုင်ငံအတွင်း အရှိန်မြင့်မားလာသည့် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် ယခုနှစ်ဇူလိုင်လနှောင်းပိုင်းမှစ၍ ပြည်သူများ၏ သွားလာလှုပ်ရှားမှုအပေါ် တင်းကျပ်သော ကန့်သတ်ချက်များ ချမှတ်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို အရှိန်မြှင့် ဆောင်ရွက်လာခဲ့ခြင်းဖြစ်သည်။

**ဖြေလျှော့ပေးမည်**

ယင်းကန့်သတ်ချက်များ ဖြေလျှော့ရေးစီမံချက်အရ ကြီးမားသောပွဲတော်များ တက်ရောက်ရန် လူဦးရေ ကန့်သတ်ချက်ကို ဖြေလျှော့ပေးမည်ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှု ခံယူခဲ့ပြီးသူများကိုသာ ပွဲတော်တက်ရောက်ရန် လက်ခံမည်ဖြစ်သည်။

ယခုအခါ စင်ကာပူအစိုးရသည် နိုင်ငံ၏ လူဦးရေ ၈၀ ရာခိုင်နှုန်းခန့်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပြည့်အဝထိုးနှံပေးခဲ့သည့်အတွက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များကို ဖြေလျှော့တော့မည်ဖြစ်ကြောင်း စင်ကာပူဘဏ္ဍာရေးဝန်ကြီး လော်ရဲန်စ်ဝေါင်က အွန်လိုင်းမှတစ်ဆင့် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ဩဂုတ် ၆ ရက်က ထည့်သွင်းပြောကြားသည်။

**ကိုးကား-ကျိုဒိုနယူးစ်**
**ဘာသာပြန်-ဂျေတီ**




# ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၅၆၁၇၆၂ ဦးရှိလာ

**ဆော်ပေါ်လို ဩဂုတ် ၇**

ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၁၀၅၆ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၆၁၇၆၂ ဦးရှိလာကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ၄၂၁၅၉ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၀၁၀၈၇၄၆ ဦးရှိလာကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုဒဏ်ကို အဆိုးရွားဆုံးခံစားရသည့် ကမ္ဘာ့နိုင်ငံများအနက် ဘရာဇီးနိုင်ငံသည် အမေရိကန်နိုင်ငံပြီးနောက် သေဆုံးမှုအရေအတွက် ဒုတိယအများဆုံးဖြစ်ပြီး ရောဂါကူးစက်မှုတွင် အိန္ဒိယနှင့်အမေရိကန်နိုင်ငံတို့ပြီးနောက် တတိယအများဆုံးဖြစ်သည်။

နိုင်ငံအတွင်း ရောဂါကူးစက်မှုမြင့်တက်လျက်ရှိပြီး နိုင်ငံတစ်ဝန်းရှိ ဆေးရုံများ၌ ကိုဗစ်လူနာများနှင့် ပြည့်နှက်လျက်ရှိသည်။

လက်ရှိအချိန်အထိ ပြည်သူ ၁၄၉ ဒသမ ၂ သန်းသည် ကာကွယ်ဆေးပထမအကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ပြီး ပြည်သူ ၄၄ ဒသမ ၂ သန်းသည် ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# မလေးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၉၂၅၇ ဦးရှိ

**ကွာလာလမ်ပူ ဩဂုတ် ၇**

မလေးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၉၂၇၅ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၂၄၃၈၅၂ ဦး ရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါတစ်ရက်အတွင်း ကူးစက်ခံရသူ ၁၉၂၇၅ ဦးအနက် ၁၉၂၄၁ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၁၆ ဦးသည် ပြည်ပမှ ပြန်လာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်း မလေးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် နော်ဟစ်ရှမ်အဗ္ဗဒူလာက သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၁၀ ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၀၃၈၉ ဦးရှိလာကြောင်း သိရသည်။ မလေးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၁၆၃၂၃ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၀၀၉၃၄၃ ဦးရှိလာကြောင်းနှင့် ယင်းအရေအတွက်သည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း၏ ၈၁ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

လက်ရှိတွင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူပေါင်း ၂၂၄၁၂၀ ရှိနေဆဲဖြစ်ကြောင်း၊ ယင်းတို့အနက် ၁၀၉၇ ဦးသည် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်းနှင့် ၅၇၅ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများ လိုအပ်လျက်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



# ဖိလစ်ပိုင်နိုင်ငံ၌ ဧပြီ ၁၇ ရက်နောက်ပိုင်း နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်မှုစံချိန်တင်

**မနီလာ ဩဂုတ် ၇**

ဖိလစ်ပိုင်နိုင်ငံ၌ ဩဂုတ် ၇ ရက် တစ်ရက်တည်းမှာပင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁၀၂၁ ဦးရှိခြင်းကြောင့် ဧပြီ ၁၇ ရက်နောက်ပိုင်း နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု စံချိန်တင်ဖြစ်ပွားခဲ့ပြီး နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၆၄၉၃၄၁ ဦးရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ထို့ပြင် ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၆၂ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၈၈၃၅ ဦးရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်နှင့် အခြားသောဗိုင်းရပ်စ်မျိုးကွဲများ ကူးစက်မှုမြင့်တက်နေခြင်းကြောင့် လာမည့်ရက်ပိုင်းအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက် မြင့်တက်လာမည်ဟု မျှော်လင့်ရကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လူဦးရေသန်း ၁၁၀ ခန့်ရှိသည့် ဖိလစ်ပိုင်နိုင်ငံသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားခဲ့သည့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှစတင်ကာ လက်ရှိအချိန်အထိ ပြည်သူ ၁၆ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု ရှိ၊ မရှိ စစ်ဆေးမှုများလုပ်ဆောင်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၀၂၅၉၇၁၃၄ | ဦး |
| သေဆုံးသူ | ၄၂၉၄၆၅၃ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၈၂၀၉၇၄၇ | ဦး |

# ကျန်းမာရေးဝန်ကြီးဌာနမှ ပြည်သူသို့ အသိပေးပန်ကြားချက်

ပြည်သူတို့အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုကို ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် **ပြည်သူများ ပူးပေါင်းပါဝင်မှုသာ လုပ်ငန်းများအချိန်တိုအတွင်း အောင်မြင်မည်ဖြစ်ပါသည်။** သို့ဖြစ်ပါ၍ အောက်ဖော်ပြပါအချက်များကို အားလုံးကိုယ်စီလိုက်နာကြပါရန် အသိပေးပန်ကြားအပ်ပါသည်-

၁။ တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ပါ၊

၂။ အိမ်တွင် ညှော်သည်လက်ခံခြင်း လုံးဝမပြုပါနှင့်၊ မိမိကိုယ်တိုင်လည်း ညှော်သည်အဖြစ် သွားရောက်ခြင်း လုံးဝမပြုပါနှင့်၊

၃။ အိမ်တွင် အသက်(၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ (သို့မဟုတ်) ဆီးချို၊ သွေးတိုး၊ နှလုံး..စသည့် နာတာရှည်ရောဂါတစ်ခုခု ခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို တပ်ဆင်ထားစေပါ၊ လေဝင်လေထွက်ကောင်းသည့်နေရာတွင် နေစေပါ၊

၄။ မဖြစ်မနေအပြင်ထွက်ရပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ကို မဖြစ်မနေတပ်ဆင်ပါ၊ လက်ကို စနစ်တကျဆေးကြောပါ၊ အခြားသူများနှင့် (၆)ပေအကွာ ခပ်ခွာခွာနေပါ၊ လေဝင်လေထွက် မကောင်းသောအခန်းများသို့ သွားရောက်ခြင်းမှ ရှောင်ကြဉ်ပါ၊

၅။ လူစုလူဝေး လုံးဝရှောင်ကြဉ်ပါ၊

၆။ ဖြစ်နိုင်ပါက တစ်ပတ်လျှင်တစ်ကြိမ်ခန့်သာ ဈေးဝယ်ယူပါ၊ ပါးစပ်နှင့်နှာခေါင်းစည်း စနစ်တကျ တပ်ဆင်ထားခြင်းမရှိသော ဈေးရောင်းသူများထံမှ ဈေးမဝယ်ပါနှင့်၊

၇။ အပြင်ထွက်ရာမှ အိမ်ပြန်ရောက်သောအခါတွင် အိမ်သို့ရောဂါပိုးများ သယ်ဆောင်လာခြင်း မရှိစေရန် သတိပြုပါ၊ အသုံးပြုပြီးသော ပါးစပ်နှင့်နှာခေါင်းစည်း(Mask)နှင့် တစ်ခါသုံးပစ္စည်းများကို အိမ်အပြင်တွင် စနစ်တကျစွန့်ပစ်ပါ၊ အဝတ်အစားမလဲမီ/ ကိုယ်လက်သန့်စင်ခြင်းမပြုမီ အိမ်သားများနှင့် အနီးကပ်ထိတွေ့ခြင်းမှ ရှောင်ကြဉ်ပါ၊

၈။ အလှည့်ကျရရှိသော ကာကွယ်ဆေးသည် မိမိအတွက်အကောင်းဆုံးဖြစ်၍ ကာကွယ်ဆေးထိုးနှံခြင်းကို အကြိမ်ပြည့်ခံယူပါ၊ ကာကွယ်ဆေးထိုးနှံပြီးသော်လည်း ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာပါ၊

၉။ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် တတ်နိုင်သည့်ဘက်မှ လူအင်အား၊ ငွေကြေး၊ ပစ္စည်း၊ ကျွမ်းကျင်မှုပညာရပ်များဖြင့် စနစ်တကျ ပါဝင်ပူးပေါင်းပံ့ပိုးပေးကြပါရန် ဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန (၂ - ၈ - ၂၀၂၁)

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၆၄၄၇၁၂၃ | ၂၉၈၃၄၄၇၂ | ၆၃၂၆၄၁ |
| ၂။ | အိန္ဒိယ | ၃၁၈၉၅၃၈၅ | ၃၁၀၅၅၈၆၁ | ၄၂၇၄၀၁ |
| ၃။ | ဘရာဇီး | ၂၀၁၀၈၇၄၆ | ၁၈၈၆၈၆၀၂ | ၅၆၁၈၀၇ |
| ၄။ | ရုရှား | ၆၄၂၄၈၈၄ | ၅၇၃၉၈၃၈ | ၁၆၄၀၉၄ |
| ၅။ | ပြင်သစ် | ၆၂၅၈၉၅၃ | ၅၇၄၃၀၄၀ | ၁၁၂၁၅၈ |
| ၆။ | ဗြိတိန် | ၆၀၁၄၀၂၃ | ၄၅၉၉၈၈၅ | ၁၃၀၁၇၈ |
| ၇။ | တူရကီ | ၅၈၇၀၇၄၁ | ၅၄၉၁၇၆၂ | ၅၁၉၇၆ |
| ၈။ | အာဂျင်တီးနား | ၅၀၀၂၉၅၁ | ၄၆၄၅၁၅၈ | ၁၀၇၂၁၃ |
| ၉။ | ကိုလံဘီယာ | ၄၈၂၈၅၈၃ | ၄၆၃၁၈၀၁ | ၁၂၂၀၈၇ |
| ၁၀။ | စပိန် | ၄၅၈၈၁၃၂ | ၃၇၈၄၅၄၄ | ၈၂၀၀၆ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၃၆၃၉၆၁၆ | ၃၀၃၆၁၉၄ | ၁၀၅၅၉၈ |
| ၂။ | ဖိလစ်ပိုင် | ၁၆၄၉၃၄၁ | ၁၅၄၄၄၄၃ | ၂၈၈၃၅ |
| ၃။ | မလေးရှား | ၁၂၄၃၈၅၂ | ၁၀၀၉၃၄၃ | ၁၀၃၈၉ |
| ၄။ | ထိုင်း | ၇၃၆၅၂၂ | ၅၁၇၀၁၂ | ၆၀၆၆ |
| ၅။ | မြန်မာ | ၃၂၆၄၈၉ | ၂၃၈၇၄၇ | ၁၁၅၂၆ |
| ၆။ | ဗီယက်နမ် | ၁၉၇၁၇၅ | ၆၂၃၃၂ | ၃၀၁၆ |
| ၇။ | ကမ္ဘောဒီးယား | ၈၁၃၃၅ | ၇၄၇၄၅ | ၁၅၃၇ |
| ၈။ | စင်ကာပူ | ၆၅၆၈၆ | ၆၃၅၃၆ | ၄၁ |
| ၉။ | လာအို | ၈၁၃၂ | ၃၉၄၆ | ၈ |
| ၁၀။ | ဘရူနိုင်း | ၃၃၉ | ၂၈၉ | ၃ |

# ဩဂုတ် ၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၃၆၅၁ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၇-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၆-၈-၂၀၂၁)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၇-၈-၂၀၂၁) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၂,၅၁၁)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃,၆၅၁) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၂၄၈,၃၂၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၃၂၆,၄၈၉) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ(၄,၂၉၃)ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၂၃၈,၇၄၇)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂၆၄)ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၁,၅၂၆) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊ နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊ မိမိတို့ နေအိမ်တွင် အသက် ၆၅ နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခု ခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၇-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၆၀၆) ခု | (၁၆၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၄) ခု | (၃၅) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၉၀) ခု | (၇၄) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၄၄) ခု | (၁၇၆) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၉) ခု | (၇) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၄၁) ခု | (၇၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၆၆၄) ခု | (၆၉၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈,၆၇၃) ခု | (၂,၄၂၂) ဦး |
| စုစုပေါင်း | (၁၂,၅၁၁) ခု | (၃,၆၅၁) ဦး |

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုး ကောင်းကျိုးသုံးမျိုး

ပေါက်ပေါက်



ဗိုင်းရပ်စ်၏ သဘောသဘာဝသည် လူတို့၏ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်သို့ဝင်ရောက်ပြီး ထိုမှတစ်ဆင့် ဆဲလ်ထဲသို့ ဝင်သည်။ ဆဲလ်မှတစ်ဆင့် သွေးထဲသို့ရောက်မည်။ လူ့ခန္ဓာကိုယ်ဆဲလ်အတွင်း ဗိုင်းရပ်စ်ပိုးများက သူ့ပွားများနိုင်သလောက် ပွားများကြမည်။ ထိုအခါ ခန္ဓာကိုယ်က ပြန်လည်တုံ့ပြန်ရာ ၎င်းကို ရောဂါဖြစ်သည်ဟု ခေါ်ဆိုသည်။ အကယ်၍ကိုဗစ်–၁၉ ကာကွယ်ဆေး ကြိုတင်ထိုးနှံထားပါက သွေးထဲတွင် ပဋိပစ္စည်းအများစု ရှိနေသည့်အတွက် ဗိုင်းရပ်စ်ကို ဖမ်းလိုက်သည်။ ထိုအခါ ခန္ဓာကိုယ်ထဲတွင် ဗိုင်းရပ်စ်အကောင်ရေ လျော့သွားမည်။ ၎င်းမှတစ်ဆင့်ထပ်မံပွားလာမည့် ပိုးအကောင်အရေအတွက်လည်း လျော့နည်းသွားမည်။ တစ်ပြိုင်နက်တည်းမှာပင် လူ့ခန္ဓာကိုယ်မှ ထွက်မည့်ပိုးအရေအတွက်လည်း နည်းပါးသွားပြီဖြစ်ရာ တခြားသူများအပေါ် ကူးစက်မှုနည်းစေပါမည်။ ထို့ကြောင့် ကိုဗစ်–၁၉ ကာကွယ်ဆေး ထိုးနှံထားသင့်ပါသည်။

ကိုဗစ်–၁၉ ရောဂါကူးစက်မှုအနေဖြင့် ပထမဦးဆုံးစတင်ဖြစ်ပွားချိန်က ဗိုင်းရပ်စ်သည် တစ်ဦးမှတစ်ဦးကို ကူးစက်နိုင်မှုမှာ ၂ ဒသမ ၅ (နှစ်ဦးခွဲခန့်) ကူးစက်နိုင်သော်လည်း ဒယ်လ်တာမျိုးဗီဇကငါးဦးမှ ရှစ်ဦးအထိ ကူးစက်နိုင်ပါသည်။ အယ်လ်ဖာနှင့် နှိုင်းယှဉ်လျှင် ၆၀ ရာခိုင်နှုန်း ပိုမြန်ဆန်သည်။ (၆၀ ရာခိုင်နှုန်းသည် အဆ ၆၀ မဟုတ်၊ ၁ ဒသမ ၆ ဆ ဖြစ်၏) ထို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရည်မှန်းချက်သည် ယခု ၂၀၂၁ ခုနှစ် စက်တင်ဘာလမတိုင်မီ နိုင်ငံအားလုံးတွင် လူဦးရေအနည်းဆုံး ၁၀ ရာခိုင်နှုန်းကို ကိုဗစ်–၁၉ ရောဂါဗေဒ ကာကွယ်ဆေး ထိုးနှံကြရန်၊ ၂၀၂၂ ခုနှစ်မတိုင်ခင် ကာကွယ်ဆေး ထိုးနှံသည့်နှုန်းသည် အနည်းဆုံး ၄၀ ရာခိုင်နှုန်း ထိုးနှံထားကြရန်နှင့် လာမည့်နှစ် ၂၀၂၂ ခုနှစ် နှစ်လယ်ပိုင်းမတိုင်မီ နိုင်ငံလူဦးရေ၏ အနည်းဆုံး ၇၀ ရာခိုင်နှုန်းထိုးနှံကြရန် ရည်မှန်းထားသည်။

မြန်မာနိုင်ငံတွင်လည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ (၁) ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုနှင့် ရောဂါကြောင့် သေဆုံးမှုကို လျှော့ချရန်၊ (၂) ရောဂါကူးစက်ပြန့်ပွားမှုကို တားဆီးရန်၊ (၃) ရောဂါဖြစ်ပွားမှုကြောင့် နိုင်ငံ့စီးပွားရေး ထိခိုက်မှုကို လျှော့ချရန် စသည့်ရည်ရွယ်ချက်သုံးရပ်ဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။ သို့ဖြစ်ရာ ကာကွယ်ဆေးထိုးခြင်း ပထမအစီအစဉ်ကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့ကတည်းက စတင်ထိုးနှံလာခဲ့ပါသည်။ ထိုကာလ၌ Covishield ဆေးကို ထိုးနှံခဲ့ပြီး ၎င်းဆေးသည် ဗြိတိန်နည်းပညာဖြင့် အိန္ဒိယမှာ ထုတ်ခွင့်ပေးထားသောဆေးဖြစ်၍ အိန္ဒိယနိုင်ငံထုတ်ကာကွယ်ဆေးဟု ခေါ်ပါသည်။ (ဗြိတိန်ထုတ်ကို AstraZeneca နာမည်ပေးထား၏) မြန်မာနိုင်ငံ၌ Covishield ထိုးဆေးကို တစ်ဦးလျှင် နှစ်ကြိမ်နှုန်းနှင့် လူဦးရေ ၁ ဒသမ ၇ သန်းအား သက်တမ်းကုန်ဆုံးရက်မတိုင်ခင် ဇူလိုင်လ ၂၁ ရက်နေ့အထိ ထိုးပေးနိုင်ခဲ့ပြီးဖြစ်သည်။ ဆေးကို ပထမတစ်ကြိမ်ထိုးထားလျှင် ရောဂါမဖြစ်အောင် ၇၀ ဒသမ ၄ ရာခိုင်နှုန်း ကာကွယ်ပေးနိုင်ပြီး ဒုတိယအကြိမ် ထိုးပြီးချိန်မှာ ၈၂ ဒသမ ၄ ရာခိုင်နှုန်းအထိ ကာကွယ်နိုင်ပါသည်။ ရောဂါကြောင့် သေဆုံးနှုန်းကို အသက် ၆၅ နှစ်ကျော်အရွယ်များတွင် ၉၄ ရာခိုင်နှုန်းအထိ ကာကွယ်နိုင်ကြောင်းသိရသည်။ ဆေးထိုးထားသူများက မိမိမှတစ်ဆင့် တခြားသူကို ရောဂါပြန်ဖြန့်နိုင်နှုန်းမှာလည်း ၆၇ ရာခိုင်နှုန်း လျော့ကျသွားနိုင်ပါသည်။

တရုတ်နိုင်ငံထုတ် ကာကွယ်ဆေးတစ်မျိုးဖြစ်သော Sinopharm ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ယခုနှစ် မေလအတွင်း အရေးပေါ်အသုံးပြုခွင့်ပေးထားခဲ့ပြီး ၎င်းဆေးများကို လက်ရှိမှာ နိုင်ငံပေါင်း ၈၀ ကျော် အသုံးပြုနေကြပြီးဖြစ်သည်။ အဆိုပါကာကွယ်ဆေးကြောင့် ရရှိနိုင်သည့်ဘေးထွက်ဆိုးကျိုးများက တခြားကာကွယ်ဆေးများလောက် အဖြစ်မများနိုင်ကြောင်း လေ့လာသိရှိရပါသည်။ မြန်မာနိုင်ငံသို့ ဇူလိုင်လတွင် Sinopharm ထိုးဆေး သုံးသန်းရောက်ရှိလာပြီဖြစ်၍ ဒုတိယအကြိမ်ကာကွယ်ဆေးထိုးနှံခြင်းအစီအစဉ်ကို ဇူလိုင်လ တတိယပတ်က စတင်နေပြီဖြစ်သည်။ ၎င်းဆေးသည် တရုတ်နိုင်ငံက မြန်မာပြည်အတွက် လှူဒါန်းလာသောဆေးများဖြစ်ပါသည်။ ဆေးက SARS–CoV–2 ကို Beta–propiolactone (ခေါ်) ဓာတုပစ္စည်းနှင့် ကုသမှုပြုလုပ်ထားခြင်း ဖြစ်သည်။ ၎င်းဓာတုပစ္စည်းက ကိုဗစ်ဗိုင်းရပ်စ်နှင့်ပေါင်းပြီး ကိုဗစ်–၁၉ ရောဂါဖြစ်စေသော ဗိုင်းရပ်စ်ပွားများမှုကို ရပ်တန့်ပေးလိုက်သည့်သဘောဖြစ်ပါသည်။ သူ့တွင်အဓိကပါဝင်သော အလူမီနီယမ်ဟိုက်ဒရောဆိုက်ကြောင့် ခန္ဓာကိုယ်၏ ခုခံအားစနစ်က ပိုမိုမြင့်တက်လာစေနိုင်ပါသည်။ အသက် ၁၈ နှစ်အထက်ရှိသူများကို ထိုးရန်သတ်မှတ်ပေးထားပြီး တစ်ကြိမ်နှင့်တစ်ကြိမ်ကြား ရက်သတ္တသုံးပတ်မှ လေးပတ်ခြား၍ နှစ်ကြိမ်စီ ထိုးနှံပေးရမည်ဖြစ်ကာ ရောဂါကာကွယ်နိုင်စွမ်းမှာ ၇၉ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ဘေးထွက်ဆိုးကျိုးများအနေဖြင့် လူတချို့တွင် ကာကွယ်ဆေးထိုးသည့် လက်မောင်းနေရာတွင် နာကျင်ခြင်း၊ အဖျားငွေ့ငွေ့ရှိခြင်းတို့အပြင် ခေါင်းကိုက်ခြင်းနှင့် ပင်ပန်းနွမ်းနယ်ခြင်းတို့ ဖြစ်တတ်ပါသည်။

ဒုတိယအကြိမ် မြန်မာနိုင်ငံတစ်ဝန်း ကာကွယ်ဆေးထိုးနှံခြင်းကို ဦးစားပေးအုပ်စုအလိုက် ထိုးနှံပေးရာ၌ အသက် ၆၅ နှစ်နှင့်အထက် မိဘပြည်သူများ၊ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေကြသည့် ကာကွယ်ဆေးမထိုးရသေးသော ကျန်းမာရေးဝန်ထမ်းများ၊ ပုဂ္ဂလိကကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ၊ ဘိုးဘွားရိပ်သာများရှိ ဘိုးဘွားမိဘပြည်သူများ၊ သာသနာ့ဝန်ထမ်းများ၊ ဘုန်းတော်ကြီးနှင့် သီလရှင်များ၊ ကာကွယ်ဆေးမထိုးရသေးသော နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံဝန်ထမ်းများ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းမှ ဝန်ထမ်းများ၊ အကျဉ်းထောင်ရှိ အကျဉ်းသားနှင့် အချုပ်သားများ၊ ပုဂ္ဂလိက (ကုန်းကြောင်း၊ လေကြောင်း၊ ရေကြောင်း) သယ်ယူပို့ဆောင်ရေးလုပ်ငန်းများမှ ပုဂ္ဂိုလ်များ၊ စူပါမားကတ်များ၊ ဈေးများမှ ဝန်ထမ်းများနှင့် ကျန်ဦးတည်အုပ်စုများကိုလည်း ကာကွယ်ဆေးရရှိမှုအပေါ်မူတည်၍ အမြန်ဆုံးထိုးနှံပေးလျက်ရှိသည်။

**ကိုဗစ်–၁၉ ကာကွယ်ဆေးထိုး ကောင်းကျိုးသုံးမျိုး**

ဆေးထိုးနှံခြင်းက ကိုဗစ်–၁၉ ရောဂါကို ကာကွယ်နိုင်မည့်သော့ချက် ဖြစ်ပါသည်။ ယနေ့ မြန်မာနိုင်ငံတွင် အသုံးပြုနေသည့် ကာကွယ်ဆေးအားလုံးသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က အသုံးပြုခွင့်ပေးထားသည့် ကာကွယ်ဆေးအမျိုးအစားများဖြစ်သဖြင့် ထိရောက်လုံခြုံမှုရှိသော ကာကွယ်ဆေးများ ဖြစ်ပါသည်။ ထို့ကြောင့် ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံခြင်းဖြင့် အောက်ဖော်ပြပါ ကောင်းကျိုးသုံးမျိုး မလွဲမသွေရရှိနိုင်ပါသည်။

- ☆ ကာကွယ်ဆေး ထိုးနှံထားပြီးနောက် ရောဂါပိုးကို ပြန်လည်တုံ့ပြန်ထိန်းချုပ်ချေဖျက်နိုင်မှုသည် ကာကွယ်ဆေးပေါ်မူတည်ပြီး ရောဂါကူးစက်မှုကို ၈၀ ရာခိုင်နှုန်းအထက် ကာကွယ်ပေးနိုင်သည်။ ထို့ပြင် ရောဂါပြင်းပြင်းထန်ထန်ခံစားရမှုကိုလည်း ၉၅ ရာခိုင်နှုန်းအထက်အထိ ကာကွယ်ပေးနိုင်သည်။
- ☆ အကယ်၍ ပိုးဝင်လာပါက ကာကွယ်ဆေးထိုးထားပြီးသူဖြစ်၍ ခန္ဓာကိုယ်ထဲမှာ အသင့်ရှိနေသော ပဋိပစ္စည်းများက ဝင်လာသောဗိုင်းရပ်စ်ကို ဖမ်းပြီး တားဆီးလိုက်နိုင်သည်။ (ထိုအခါ ရောဂါ၏ နောက်ဆက်တွဲဖြစ်သော ခန္ဓာကိုယ်၏ ခုခံအားစနစ်များ ပရမ်းပတာဖြစ်ပြီး ရောဂါကြောင့် သေဆုံးမှုနှုန်း ကျဆင်းသွားသည်။)
- ☆ အကယ်၍ နှာခေါင်းနှင့်ပါးစပ်မှ ဗိုင်းရပ်စ်များ မတော်တဆဝင်လာသည့်အခါ ဆေးထိုးပြီးဖြစ်၍ ဗိုင်းရပ်စ်က လူ့ခန္ဓာကိုယ်ထဲတွင် အကောင်များ အများကြီး မပွားနိုင်တော့ပေ။ ထို့ပြင် နှာခေါင်းနှင့် ပါးစပ်မှ အကောင်ရေထွက်ရှိမှုလည်း လျော့နည်းသွားသဖြင့် မိသားစုနှင့် ပတ်ဝန်းကျင်ရှိသူများကို ကူးစက်နိုင်ရန် အခွင့်အလမ်း အလွန်နည်းသွားသည်။ ရောဂါပြင်းပြင်းထန်ထန် ဖြစ်ပွားမှုကိုလည်း အလွန်လျော့ကျသွားစေသည်။

**နို့တိုက်မိခင်များလည်း ကိုဗစ်–၁၉ ကာကွယ်ဆေး ထိုးနှံနိုင်**

နို့တိုက်မိခင်များလည်း ကာကွယ်ဆေး ထိုးနှံနိုင်ပြီး လက်ရှိခွင့်ပြုချက်ရရှိထားသော ကိုဗစ်–၁၉ ကာကွယ်ဆေးအားလုံးသည် ကိုရိုနာဗိုင်းရပ်စ်ပိုးအရှင်ကို အသုံးပြုထားခြင်းမဟုတ်၍ ကာကွယ်ဆေးထိုးခြင်းကြောင့် မိခင်နို့ရည်မှတစ်ဆင့် ရင်သွေးငယ်အား ရောဂါပိုးမကူးစက်နိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ ညွှန်ကြားချက်များမှ သိရသည်။ အချို့သုတေသနတွေ့ရှိချက်များအရ ကာကွယ်ဆေးထိုးပြီးသော မိခင်များ၏ နို့ရည်တွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်သော ပဋိပစ္စည်းများတွေ့ရှိရသဖြင့် နို့တိုက်မိခင်အား ကာကွယ်ဆေးထိုးခြင်းဖြင့် နို့စို့ကလေးအတွက်ပါ ရောဂါကာကွယ်ပေးနိုင်ကြောင်း သိရသည်။

အကယ်၍ မိခင်သည် ကိုဗစ်–၁၉ ရောဂါ ခံစားနေရပြီး နောက်ဆက်တွဲဆိုးကျိုးများ ခံစားနေရပါက မိခင်နို့ကို သန့်ရှင်းသည့်ခွက်ထဲသို့ ညှစ်ထည့်၍ ရင်သွေးငယ်အား တိုက်ကျွေးနိုင်စေရန် မိသားစုဝင်များက ကူညီပေးရန် လိုပါသည်။ မိခင်သည် ရင်သွေးအား နို့ပြန်တိုက်နိုင်သောအခြေအနေအထိ နေပြန်ကောင်းလာသည်နှင့် တစ်ပြိုင်နက် နို့ပြန်တိုက်သင့်ပါသည်။ မိခင် နို့ချိုတိုက်ကျွေးခြင်းဖြင့် မိခင်မှ ရင်သွေးသို့ ကိုဗစ်–၁၉ ရောဂါ ကူးစက်နိုင်ခြေထက် ကလေးငယ်အတွက် ရရှိမည့်အကျိုးကျေးဇူးက ပိုများပြီး အစားထိုးနို့မှုန့်များသည် ရင်သွေးငယ်အား ကျန်းမာရေးပြဿနာများ ပေးနိုင်သည်။ **စာမျက်နှာ ၁၇ သို့** ✤

**Sinopharm ဆေးက SARS-CoV-2 ကို Beta-propiolactone (ခေါ်) ဓာတုပစ္စည်းနှင့် ကုသမှုပြုလုပ်ထားခြင်းဖြစ်သည်။ ၎င်းဓာတုပစ္စည်းက ကိုဗစ်ဗိုင်းရပ်စ်နှင့် ပေါင်းပြီး ကိုဗစ်-၁၉ ရောဂါဖြစ်စေသော ဗိုင်းရပ်စ်ပွားများမှုကို ရပ်တန့်ပေးလိုက်သည့်သဘောဖြစ်ပါသည်။ သူ့တွင်အဓိကပါဝင်သော အလူမီနီယမ်ဟိုက်ဒရောဆိုက်ကြောင့် ခန္ဓာကိုယ်၏ ခုခံအားစနစ်က ပိုမိုမြင့်တက်လာစေနိုင်။ ရောဂါကာကွယ်နိုင်စွမ်းမှာ ၇၉ ဒသမ ၃ ရာခိုင်နှုန်းရှိ**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ ပြည်ပမှ တင်သွင်းနိုင်ရေး ပိတ်ရက်မရှိ နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိ






**နေပြည်တော် ဩဂုတ် ၇**

နိုင်ငံတော်အတွင်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် အရေးတကြီးလိုအပ်လျက်ရှိသည့် အောက်ဆီဂျင်အရည်၊ အောက်ဆီဂျင်ဓာတ်ငွေ့၊ အိမ်သုံးအောက်ဆီဂျင်စက်၊ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရန် အများပြည်သူရုံးပိတ်ရက်များအဖြစ် သတ်မှတ်ကြေညာထားသည့် ရက်များတွင်လည်း ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို ပြည်ပမှတင်သွင်းခွင့်အတွက် သွင်းကုန်လိုင်စင်လျှောက်ထားခြင်းမှ ယာယီကင်းလွတ်ခွင့်ပြုပေးခြင်းနှင့် နယ်စပ်ဒေသများမှ တင်သွင်းရာတွင် လွယ်ကူအဆင်ပြေစေရေးအတွက် နယ်စပ်ကုန်သွယ်ရေးစခန်းများ ရုံးပိတ်ရက်မရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Oxygen Concentrator ၂၅၀၇ ခု အပါအဝင် မူဆယ်၊ မြဝတီ၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ တာချီလိတ် ကုန်သွယ်ရေးစခန်းများမှ အောက်ဆီဂျင်အရည် (Bowser ယာဉ်လေးစီးဖြင့်) ၇၄ တန်၊ အောက်ဆီဂျင်အရည်(အိုးဖြင့်) ခုနစ်တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့ (အိုးဖြင့်) ကိုးတန်၊ အောက်ဆီဂျင်(အိုးခွံ) ၈၄၂၂ ခု၊ Oxygen Plant တစ်ခု၊ အိမ်သုံးအောက်ဆီဂျင်စက်(Oxygen Concentrator) အခု ၄၀၉၀၊ PPE အစုံ ၄၉၀၃၀ နှင့် နှာခေါင်းစည်း(Mask) ၆၇ တန် တင်သွင်းနိုင်ခဲ့သည်။ အထက်ပါပစ္စည်းများကို ကုမ္ပဏီ ၄၂ ခုမှ ယာဉ်စီးရေ ၇၉ စီးဖြင့် တင်သွင်းလာခြင်းဖြစ်သည်။

ဩဂုတ်လအတွင်း ယာဉ်စီးရေ ၄၂၉ စီးဖြင့် အောက်ဆီဂျင်အရည် (Bowser ယာဉ်ဖြင့်) ၃၉၈ တန်၊ အောက်ဆီဂျင်အရည်(အိုးဖြင့်) ၅၁ တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့အိုးဖြင့် ၆၂ တန်၊ အောက်ဆီဂျင် (အိုးခွံ) ၄၇၈၈၀၊ Oxygen Plant ခြောက်ခု၊ အောက်ဆီဂျင်(Generator) ကိုးခု၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၄၂၁၈၉ ခု၊ Test Kit ၁၄၁၆၄၂ ခု၊ PPE ၂၈၀၉၃၂ စုံ၊ လက်အိတ် ၃၉ တန်နှင့် နှာခေါင်းစည်း (Mask) ၅၆၉ တန် တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

ဇူလိုင်လအတွင်း ယာဉ်စီးရေ ၇၄၉ စီးဖြင့် အောက်ဆီဂျင်အရည် (Bowser ယာဉ်ဖြင့်) ၇၂၇ တန်၊ အောက်ဆီဂျင်အရည်(အိုးဖြင့်) ၅၆၇ တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့ (အိုးဖြင့်) ၁၁၄ တန်၊ အောက်ဆီဂျင်(အိုးခွံ) ၄၀၄၉၁ ခု၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၆၉၁၄၆ ခု၊ Oxygen Plant ရှစ်ခု၊ Oxygen Generator ၁၁ ခု၊ ဆေးရုံသုံးအောက်ဆီဂျင်ဖြည့်စက် လေးခု၊ Test Kit ၃၂၂၈၇၈ ခု၊ နှာခေါင်းစည်း (Mask) ၁၁၀၄ တန်၊ PPE ၁၈၂၉၇၅ စုံ တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေးပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီလိုအပ်ပါကလည်း သက်ဆိုင်ရာ တာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် ဌာနများအလိုက် ဆက်သွယ်မေးမြန်းနိုင်သည့် တာဝန်ခံ (Contact Person) များနှင့် အသိပေးကြေညာချက်များကိုလည်းဝန်ကြီးဌာန Website ဖြစ်သည့် Commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း သိရသည်။

**သတင်းစဉ်**

---

❖ ကျောဖုံးမှ

အဆိုပါ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား မြဝတီခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့် တာဝန်ရှိသူများက ကြိုဆိုအားပေးကြပြီး သက်ဆိုင်ရာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါဆိုင်ရာများအား အသိပညာပေးခြင်း၊ ပြန်လည်ဝင်ရောက်လာသူများ၏ အချက်အလက်များ ကောက်ယူခြင်း၊ ကျန်းမာရေးဌာနမှ ကိုဗစ်-၁၉ ရောဂါပိုးရှိ၊ မရှိ စစ်ဆေးဆောင်ရွက်ပေးခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များသို့ ပြန်လည်ပို့ဆောင်ပေးခြင်းများကို ဆောင်ရွက်ပေးသည်။

ထိုသို့ ထိုင်းနိုင်ငံမှ ပြန်လာသူများမှ မြဝတီခရိုင်နှင့် ကော့ကရိတ်ခရိုင်မှ နေရပ်ပြန်များအား ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ ချက်ခြင်းစစ်ဆေးပေးမည်ဖြစ်ကာ ရောဂါပိုးရှိသူများအား မြဝတီမြို့ မဲကနယ် ကိုဗစ်စင်တာတွင် ကုသမှုခံယူစေမည်ဖြစ်ပြီး ရောဂါပိုးမရှိသူများအား ကျောက်လုံးကြီး ကန့်သတ်စောင့်ကြည့်စခန်းတွင် ၁၀ ရက် ကန့်သတ်ထားမည်ဖြစ်ကြောင်း သိရသည်။

အခြားသက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ နေရပ်ပြန်များအား သီးသန့်မော်တော်ယာဉ်များဖြင့် သက်ဆိုင်ရာနေရပ်များသို့ ပို့ဆောင်ပေးမည်ဖြစ်ပြီး ရောဂါစစ်ဆေးခြင်းနှင့် ကန့်သတ်စောင့်ကြည့်ခြင်းတို့အား သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် အစီအစဉ်များဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

ယနေ့ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၁၁၂ ဦး၊ အမျိုးသမီး ၉၁ ဦး စုစုပေါင်း ၂၀၃ ဦးရှိကြောင်း သိရသည်။

**ထိန်လင်းအောင်**

---

✤ **စာမျက်နှာ ၁၆ မှ**

ယနေ့အချိန်အထိ သုတေသနတွေ့ရှိချက်များအရ မိခင်နို့ရည်မှတစ်ဆင့် ရင်သွေးငယ်အား ကိုဗစ်-၁၉ ရောဂါပိုးကူးစက်နိုင်သည်ဟု အထောက်အထားများ မတွေ့ရှိရသေးပေ။ ထို့ကြောင့် ကိုယ်ဝန်ဆောင်မိခင်လောင်းများ၊ နို့တိုက်မိခင်များ၊ ကိုယ်ဝန်ဆောင်ရန် ပြင်ဆင်နေသူများနှင့် ယုတ်စွအဆုံး ဓမ္မတာရာသီလာနေစဉ်မှာပင် ကိုဗစ်-၁၉ ကာကွယ်ဆေးကို စိတ်ချလက်ချထိုးနှံ၍ရကြောင်း WHO က အတည်ပြုပြောထားပါသည်။ နို့တိုက်မိခင်များ ကာကွယ်ဆေးထိုးနှံပြီးနောက် နို့တိုက်ခြင်းကို ရပ်ထားစရာမလို၊ ပုံမှန်အတိုင်း မိခင်နို့တိုက်ကျွေးနိုင်ပါသည်။

### ဆေးမထိုးသင့်သူများ

(က) အသက် ၁၈ နှစ်အောက် ကလေးသူငယ်များ ဆေးမထိုးသင့်ပေ။ (ခ) ကာကွယ်ဆေးတွင်ပါရှိသော ပါဝင်ပစ္စည်းများနှင့် ဓာတ်မတည့်မှုဖြစ်ဖူးသူ၊ အပူချိန် ၃၈ ဒသမ ၅ ဒီဂရီထက် မြင့်မားသူများ ဆေးမထိုးသင့်ပေ။ (ဂ) ပြင်းထန်ရောဂါများဖြစ်သည့် အသည်း၊ ကျောက်ကပ်၊ နှလုံးမကောင်းသူများက ဆရာဝန်နှင့်တိုင်ပင်ပါ။ ရောဂါအခြေအနေကို စမ်းသပ်ပြီးမှ ထိုးသင့်၊ မထိုးသင့် ချင့်ချိန်၍ ကာကွယ်ဆေး ထိုးနှံပေးပါလိမ့်မည်။ (ဃ) ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာရှိသူနှင့် အဖျားရောဂါရှိသူများက လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ အရိုင်းပိုးနှင့် ရင်ဆိုင်နေရသောအချိန်ကာလဖြစ်သည့်အတွက် ကာကွယ်ဆေးထိုးနှံပါက ထိုးနှံခံရသူအတွက် အကျိုးမရှိပေ။ ထို့ကြောင့် မထိုးနှံသင့်ပေ။ (င) ပြီးခဲ့သော ခြောက်လအတွင်း ဓာတ်ခွဲအတည်ပြုလူနာဖြစ်ခဲ့လျှင် ကာယကံရှင်အနေဖြင့် ရောဂါပိုးကို နိုင်အောင်တိုက်ခိုက်ခဲ့ပြီးပုဂ္ဂိုလ်ဖြစ်သည့်အတွက် ယင်းပုဂ္ဂိုလ်၏ခန္ဓာကိုယ်ထဲတွင် ရောဂါကိုပြန်လည်ခုခံပေးမည့် ပဋိပစ္စည်းများ ထွက်ရှိနေပြီးဖြစ်၍ နောက်ထပ်ခြောက်လခန့်အထိ ရောဂါပိုးထပ်ဝင်နိုင်မည့် အခွင့်အလမ်းနည်းသွားသည်။ ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာများ ကာကွယ်ဆေး မထိုးနှံသင့်ပေ။

### စိတ်ခွန်အားနှင့် ကိုယ်ခံအားမြှင့်တင်သင့်

စိတ်အားငယ် စိတ်ကျခြင်းနှင့် ကိုယ်ခံအားလျော့နည်းခြင်းကြောင့်လည်း ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုကို ပိုဆိုးရွားစေပါသည်။ Stay at Home ကာလရှည်များတွင် အိမ်ထဲမှာသာ အနေများကြသဖြင့် လူရောစိတ်ပါ လေးလံနေကြသည်။ ထိုအခါ လေဝင်လေထွက်ကောင်းမွန်သောနေရာများတွင် နေထိုင်ကြရန်လိုအပ်ပြီး အဆီ၊ အငန်၊ အချိုများကို လျှော့စားကာ မပျော့မပြင်း ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများကို နေ့စဉ်ပုံမှန်လုပ်ကြရန် လိုအပ်သည်။ အိပ်ရေးဝဝအိပ်စက်၍ သောကကင်းအောင် မိမိစိတ်သန္တာန်ကို ဖြေလျှော့ရပါမည်။ စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်နေစေရန်နှင့် ကိုယ်ခံအားကောင်းအောင် ပြုပြင်ဆင်ခြင်ကြရမည်ဖြစ်ပေရာ စိုးရိမ်မှုနှင့် ခြိုးခြံချွေတာမှုများကို ပိုမိုလွန်ကဲခြင်းမဖြစ်အောင် သတိဆောင်ကြစေလိုပါသည်။ ထို့ကြောင့် ကိုယ်ခံအားကောင်းခြင်း၊ အကာအကွယ်ပြုလုပ်ခြင်း၊ ကာကွယ်ဆေးထိုးခြင်းတို့သည် ကိုဗစ်-၁၉ ကို ကျော်လွှားနိုင်သောအချက်များ ဖြစ်သည်။

အချုပ်အားဖြင့်ဆိုသော် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် မြန်မာနိုင်ငံသည် ကူးစက်မှုနှုန်း ပဉ္စမအများဆုံးဖြစ်ပြီး သေဆုံးမှုနှုန်းအနေဖြင့် တတိယအများဆုံးဖြစ်သည်။ ထို့ပြင် သတိပြုသင့်သည်မှာ မြန်မာနိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် ၆၇ ဒသမ ၇၈ နှစ်သာရှိသဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် သာမက ကမ္ဘာပေါ်တွင် လူ့မျှော်မှန်းသက်တမ်း အနိမ့်ဆုံးတွင် ပါဝင်နေသည်။ ယခုကာလ လူသေဆုံးစာရင်းများကို လေ့လာကြည့်ရာ ရောဂါအခံရှိသူများနှင့် အသက် ၆၀ ကျော်သက်ကြီးများတွင် ကိုဗစ်-၁၉ ရောဂါကြောင့်မဟုတ်ဘဲ တိမ်းပါးနေကြသည်။ ထို့ကြောင့် အသက် ၆၅ နှစ်အထက် ဆေးထိုးနိုင်သော အခြေအနေရှိသူအားလုံး ထိုးနှံသင့်ပါကြောင်းနှင့် ပထမဦးစားပေးအဆင့်ကာလပြီးနောက်မှာလည်း နိုင်ငံတော်က ဆက်လက်၍ အသက် ၁၈ နှစ်အထက်များကို ထိုးနှံပေးမည်ဖြစ်ရာ ဆေးမထိုးရသေးသူများအနေဖြင့် ကျန်းမာရေးသတိ၊ အသိစိတ်ဓာတ်ဖြင့် မြို့နယ်အလိုက် သတ်မှတ်နေရာများတွင် သွားရောက်ထိုးနှံကြစေလိုပါသည်။ ဆေးထိုးပြီးလျှင်လည်း မပေါ့ဆကြပါနှင့်။ ကိုယ်ခံအားအပြည့်အဝရစေရန်အတွက် ကာကွယ်ဆေးကို သတ်မှတ်ချိန်အတိုင်း နှစ်ကြိမ်ပြည့်အောင် ထိုးနှံရပါမည်။ သတိထားသင့်သည့်အချက်မှာ နှစ်ကြိမ်ပြည့်ထိုးပြီးနောက် လူတချို့မှာ ကိုယ်ခံအားချက်ချင်းမတက်လာနိုင်သေးပေ။ ထို့ကြောင့် လူဦးရေ ၁၀၀ ဆေးထိုးပြီးနောက် ၎င်းလူ ၁၀၀ လုံး၏ ကိုယ်ခံအားမှာ ရောဂါကာကွယ်နိုင်သည့် ခုခံအားရှိမည်ဟု တထစ်ချ စိတ်မအေးနိုင်ပါ။ သို့ပါ၍ ဆေးထိုးပြီးသော်လည်း ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ စဉ်ဆက်မပြတ် ဆက်လက်လိုက်နာနေထိုင်သွားရမည် ဖြစ်ပါကြောင်း တိုက်တွန်းလိုက်ရပါသည်။ ။

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း တိုင်းဘက်စုံမွေးမြူရေးခြံသို့ ကွင်းဆင်းကြည့်ရှု



**ခိုလမ် ဩဂုတ် ၇**
ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမိုး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက် ၈ နာရီက လွိုင်လင်ခရိုင် နမ့်စန်မြို့နယ် ခိုလမ်မြို့ ရပ်ကွက်(၂)ရှိ သောက်သုံးရေကန်နှင့် ရပ်ကွက်(၁)ရှိ ပန်းခြံနှင့် မြို့တော်ခန်းမတည်ဆောက်မည့်နေရာကို သွားရောက်ကြည့်ရှုသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုင်းဘက်စုံမွေးမြူရေးခြံတွင် မွေးမြူထားသော ဝက်မွေးမြူရေးခြံ၊ ဥစားကြက်ခြံ၊ နို့စားနွားခြံ အစာစပ်ရုံနှင့် ဒေသကြက်မွေးခြံ၊ ငါးမွေးမြူရေးကန်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကလေးအားကစားကွင်း တည်ဆောက်မည့်နေရာသို့ သွားရောက်ကြည့်ရှုသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဒေသဖွံ့ဖြိုးရေးအတွက် လဲချား-ခိုလမ်လမ်း ၃၁/၄ မိုင်အား ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ် အဆင့်မြှင့်တင်ရေးဆောင်ရွက်နိုင်ရန် သွားရောက်ကြည့်ရှုရာ ရှမ်းပြည်နယ်(တောင်ပိုင်း) လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသူရဇော်က ရှင်းလင်းတင်ပြသည်။

အဆိုပါ ခိုလမ်- လဲချားလမ်းသည် ခိုလမ်မြို့မှ လဲချားမြို့သို့ သွားရောက်ရာတွင် နမ့်စန်မြို့နှင့် လွိုင်လင်မြို့တို့ကို ဖြတ်သန်းသွားလာမှုမှ ရှောင်ရှားနိုင်ခြင်း၊ အချိန်တိုအတွင်း တစ်မြို့နှင့်တစ်မြို့ ဆက်သွယ်သွားလာနိုင်ခြင်း၊ ဒေသဖွံ့ဖြိုးရေး၊ နယ်မြေလုံခြုံရေးနှင့် အုပ်ချုပ်ရေးအတွက် များစွာအထောက်အကူပြုပြီး အချက်အချာကျသည့် လမ်းကြောင်းတစ်ခုဖြစ်ပေါ်လာနိုင်ခြင်း၊ လဲချား- ခိုလမ်လမ်းပေါ်ရှိ လဲချားမြို့ ရပ်ကွက် ငါးရပ်ကွက်နှင့် ဝမ်ဆန်း၊ ဟဲဆိုင်၊ နော်ကော်၊ နားမန်း၊ နားပွဲ၊ တုန်ဟုန်းကျေးရွာ အုပ်စု ခြောက်စု၏ ကျေးရွာပေါင်း ၃၆ ရွာ စုစုပေါင်းအိမ်ခြေ ၄၄၆၃ စု၊ လူဦးရေ ၂၇၀၉၄ ဦးအတွက် တိုက်ရိုက်အကျိုးပြုပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)ကိုလည်း ဆက်သွယ်ပေး၍ ဒေသခံပြည်သူများ၏ ဒေသဝမ်းစာဖူလုံနိုင်ရန်နှင့် ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့နိုင်ရန်လမ်းဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင် ဟားခါးမြို့ ကျောဘုတ်စိုက်ပျိုးရေးခြံသို့ ကြည့်ရှုစစ်ဆေး

**ဟားခါး ဩဂုတ် ၇**
ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်သည် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဆန်းတို့နှင့်အတူ ယနေ့နံနက် ၁၀ နာရီက ဟားခါးမြို့ ကျောဘုတ်စိုက်ပျိုးရေးခြံသို့ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ချင်းပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့အား ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မျိုးဦးက ခြံအတွင်း စပျစ်၊ လက်ဖက်၊ စတော်ဘယ်ရီ၊ အစေ့ထုတ်ပြောင်း၊ ပိုးစာပင်နှင့် မီးဖိုချောင်သုံးသီးနှံများ စိုက်ပျိုးမှုအခြေအနေ၊ Green House ဖြင့် လိမ္မော်ပင်၊ ထောပတ်ပင်၊ မျောက်ငိုပင်နှင့် ကော်ဖီပျိုးပင်များ ပျိုးထောင်ထားရှိမှုအခြေအနေ၊ တောင်သူများသို့ ပျိုးပင်များဖြန့်ဝေပေးရန်စီစဉ်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယတိုင်းမှူးတို့က ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်း စားနပ်ရိက္ခာဖူလုံ ရေးအတွက် ဒေသတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး၊ တောင်သူများ စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများ ရောင်းဝယ်မှု အခက်အခဲမရှိစေရေး ကူညီဆောင်ရွက်ပေးရန်နှင့် ပျိုးပင်များအား စိုက်ပျိုးရာသီအမီ တောင်သူများထံ ဖြန့်ဝေပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





# မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း ကျိုက်မရောမြို့နယ် ကြက်၊ ဝက် မွေးမြူရေးခြံ ကြည့်ရှုစစ်ဆေး

**မော်လမြိုင် ဩဂုတ် ၇**
မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့ မွန်းလွဲ ၂ နာရီက ကျိုက်မရောမြို့နယ် ပိန်းနဲကုန်းကျေးရွာ ကြက်၊ ဝက် မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုရာ ခြံပိုင်ရှင် ဦးသက်ပိုင်စိုးက ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကြက်ခြံများအတွင်း မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဦးသက်ပိုင်စိုး၏ ကြက်ခြံ လေးခြံ၌ ဂျက်ဖာ (Jifa) ၂၈ ရက် သားကောင်ရေ ၄၀၀၀၊ ဥစားကြက်မ ဂျက်ဖာ(Jifa)ကောင်ရေ ၃၀၀၀၊ CP ဥကြက်မ ကောင်ရေ ၄၀၀၀ နှင့် တက်ချောင်ဥကြက်မ ကောင်ရေ ၂၆၀၀ စုစုပေါင်း ကောင်ရေ ၁၃၆၀၀၀ မွေးမြူထားရှိပြီး တစ်နေ့လျှင် ကြက်ဥ ၈၅ ရာခိုင်နှုန်း ထွက်ရှိကြောင်း သိရသည်။

ထို့နောက် ဦးအောင်လင်းခြံမှ ဝက်ကောင်ရေ ၈၀၊ ဦးမြင့်နိုင်ခြံမှ ဝက်ကောင်ရေ ၃၁ ကောင်၊ ဦးအောင်ထွေးခြံမှ ဝက်ကောင်ရေ ၃၅ ကောင်နှင့် ဦးကျော်မြင့်လှိုင်ခြံမှ ဝက်ကောင်ရေ ၇၆ ကောင်ရှိ ဝက်ခြံများမှ အသားတိုးဝက်များ အောင်မြင်ဖြစ်ထွန်းနေမှုများကို ကြည့်ရှုကာ ထွက်ကုန်များ အဆက်မပြတ်ထွက်ရှိနိုင်ရေး ပြည်နယ်ဝန်ကြီးချုပ်က မှာကြားသည်။

မွန်ပြည်နယ်အတွင်း ပြည်သူများ စားနပ်ရိက္ခာဖူလုံရေးအတွက် ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်အောင် ဖြန့်ဖြူးရောင်းချပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းခုနစ်သောင်းကျော် ကုသပေးနိုင်ခဲ့

**နေပြည်တော် ဩဂုတ် ၇**
ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍ မြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူလူထု၏ အရေးပေါ်ကျန်းမာရေး ဆိုင်ရာကုသမှုများဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများ၌ ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၇၈၁၂၄ ဦးနှင့် အတွင်းလူနာပေါင်း ၈၁၄၇၄ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။

၎င်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၁၂၉၂၆ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၆၉၇၅ ဦး စုစုပေါင်း ၁၉၉၀၁ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ထို့ပြင် ကလေးမီးဖွားလူနာ ၆၇၁၈ ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၉၃၄၃ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၁၆၀၆၁ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍမြင့်မားရေးတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်နေသည့်ကာလအတွင်း ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၇**

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း ဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်း စားနပ်ရိက္ခာ ဖူလုံရေးနှင့် ပြည်သူများ၏စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ အစိုးရ၊ တပ်မတော်နှင့် ပုဂ္ဂလိက ပိုင်ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် အခြားလူသုံး ကုန်လုပ်ငန်းများ ကုန်ထုတ်လုပ်မှု ရာနှုန်းပြည့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆိုပါနေရာများသို့ သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့်တာဝန်ရှိသူများသည် ပုဏ္ဏားကျွန်းမြို့နယ်ရှိ ကဏန်းပျော့မွေးမြူရေးလုပ်ငန်းကုမ္ပဏီ၏ လုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်နှင့် တာဝန်ရှိသူများသည် ဟားခါးမြို့ စိုက်ပျိုးရေးဦးစီးဌာန ကျောဘုတ်ဥယျာဉ်ခြံ (ပြည်ထောင်စုခြံ) သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများသည် အမရပူရမြို့နယ် တမုတ်စိုးကျေးရွာရှိ စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါး ဧက ၁၀၀ စံပြစိုက်ကွက်တွင် တစ်ဧက တင်း ၁၀၀ ထွက်ရှိရေး ဆောင်ရွက်နေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့ပြင်တောင်သူများကို စိုက်ပျိုးရေးအထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းနှင့် တာဝန်ရှိသူများ ပုဏ္ဏားကျွန်းမြို့နယ်ရှိ ကဏန်းပျော့မွေးမြူရေးလုပ်ငန်းကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

## ပူတာအိုတပ်နယ် ဧက ၅၀၀ ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံ(နမ့်တာလဲ)သို့ ကွင်းဆင်းကြည့်ရှု

**ပူတာအို ဩဂုတ် ၇**

ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးနှင့် ဒေသတွင်း စားနပ်ရိက္ခာ ဖူလုံစွာရရှိရေးတို့အတွက် ပူတာအိုခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးချစ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ကျော်လွင်နှင့် အဖွဲ့ဝင်များသည် စစ်ဗျူဟာအဖွဲ့ (အခြေချ)ပူတာအိုမှ ဗျူဟာမှူး ဗိုလ်မှူးကြီး ဝင်းမင်းသိမ်းနှင့်အတူ ပူတာအိုတပ်နယ် ဧက ၅၀၀ ဘက်စုံ စိုက်ပျိုးမွေးမြူရေးခြံ (နမ့်တာလဲ)ကို ယနေ့နံနက် ၉ နာရီတွင် ကွင်းဆင်းကြည့်ရှုသည်။



**ကြည့်ရှုအားပေး**

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့တို့က ပူတာအိုတပ်နယ် ဧက ၅၀၀ ဘက်စုံ စိုက်ပျိုးမွေးမြူရေးခြံ (နမ့်တာလဲ)ရှိ ရှုရပ်မျှော်စင်မှ စိုက်ပျိုးမွေးမြူရေး မြေနေရာချထားမှု အခြေအနေများအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## နယ်စပ်ရေးရာဝန်ကြီးဌာနက ကျိုက်မရောမြို့နယ်ရှိ ကိုဗစ်စင်တာများသို့ ဆေးဝါးနှင့် အစားအစာများ ထောက်ပံ့လှူဒါန်း

**ကျိုက်မရော ဩဂုတ် ၇**

နယ်စပ်ရေးရာဝန်ကြီးဌာနသည် မြန်မာနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ခံစားနေရသည့် လူနာများအား တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆေးဝါးများနှင့် အာဟာရဖြည့်အစားအစာများကို ထောက်ပံ့ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်း ဖွင့်လှစ်ထားရှိသည့် ကိုဗစ်စင်တာများတွင် တက်ရောက်ကုသနေသည့် လူနာများအတွက် ဆေးဝါးများ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်ထုပ်များနှင့် ရေသန့်ဘူးများကို နယ်စပ်ရေးရာဝန်ကြီးဌာန မွန်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူးဦးဉာဏ်မျိုး၊ ကျိုက်မရောမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မေစီတို့က ကျိုက်မရောမြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဦးနှင့် တာဝန်ရှိသူများထံ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

ငွေကြယ်

## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီး၌ ဆက်လက်လက်ခံလျက်ရှိ



**နေပြည်တော် ဩဂုတ် ၇**

ပြည်ပနိုင်ငံများမှဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၆ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ရှိနယ်စပ်ဂိတ်မှ အမျိုးသား ၁၉၅ ဦး၊ အမျိုးသမီး ၁၉၅ ဦး စုစုပေါင်း ၃၉၀ တို့ကိုလည်းကောင်း၊ ချင်းရွှေဟော်မြို့ရှိ နယ်စပ်ဂိတ်မှ အမျိုးသား ကိုးဦး၊ အမျိုးသမီး ၁၁ ဦး စုစုပေါင်း ၂၀ တို့ကိုလည်းကောင်း၊ ကရင်ပြည်နယ် မြဝတီမြို့ရှိနယ်စပ်ဂိတ်မှ အမျိုးသား ၁၁၂ ဦး၊ အမျိုးသမီး ၉၁ ဦး စုစုပေါင်း ၂၀၃ ဦးတို့ကိုလည်းကောင်း အသီးသီးလက်ခံခဲ့ကြသည်။

**ကူညီဆောင်ရွက်ပေး**

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ် - ၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ ကန့်သတ်စောင့်ကြည့်စင်တာသို့ ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများကို သက်ဆိုင်ရာနေရာများ၌ သီးသန့်ထားရှိ၍ လိုအပ်သည့်ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

■

# နိုင်ငံတစ်ဝန်း၌ နိုင်ငံ့ဝန်ထမ်းများ၊ သက်ကြီးရွယ်အိုများနှင့် စေတနာ့ဝန်ထမ်းများအား ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး


ပွင့်ဖြူမြို့နယ်
ရဲဝင်းနိုင်(ညောင်ဦး)


ယင်းမာပင်မြို့နယ်
စိုးမိုး(ယင်းမာပင်)


မိုးမိတ်မြို့နယ်
မိုးမိတ်သား


စစ်တွေမြို့
တင်ထွန်း(ပြန်/ဆက်)


ကျောက်ဖြူမြို့
တင်ထွန်းဦး(ပြန်/ဆက်)


ကျောက်မဲမြို့နယ်
မိုင်းထွန်း(ပြန်/ဆက်)


မယ်စဲ့မြို့နယ်
ဝတ်ရည်(ပြန်/ဆက်)


ဒက္ခိဏသီရိမြို့နယ်
ထွန်းထွန်းဝင်း(ခရိုင်ပြန်/ဆက်)


မော်လိုက်မြို့
မော်လိုက်သားလေး


နမ့်ခမ်းမြို့
ဘဦး(ပြန်/ဆက်)

# ကာကွယ်ဆေးထိုးထားတော့ ကိုယ့်အတွက်ရော မိသားစုနဲ့ပတ်ဝန်းကျင်အတွက်ပါ လုံခြုံစိတ်ချရစေတာမို့ ပြည်သူတွေအားလုံးကို ကာကွယ်ဆေးထိုးနှံစေချင်ပါတယ်။

ဦးရဲထွဋ် (အမှတ်-၃ ရပ်ကွက်၊ ကျောက်တံတားမြို့နယ်)

**ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်နှင့် ပန်းဘဲတန်းမြို့နယ်တို့ရှိ အသက် ၆၅ နှစ်နှင့်အထက်ရှိသူများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများတွင် ရှေ့တန်းမှတာဝန်ထမ်းဆောင်နေကြသည့် ကာကွယ်ဆေးမထိုးရသေးသော ကျန်းမာရေးဝန်ထမ်းများနှင့် ပုဂ္ဂလိက ကျန်းမာရေးဝန်ထမ်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ဘာသာရေးကျောင်းများ၊ ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများဆောင်ရွက်နေသော ကာကွယ်ဆေးမထိုးရသေးသည့်စေတနာ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကိုထိုးနှံပေးလျက်ရှိရာ ကြီးကြပ်ဆောင်ရွက်ပေးနေသည့် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျန်းမာရေးမှူး၊ စေတနာ့ဝန်ထမ်းများနှင့် ဆေးလာရောက်ထိုးနှံကြသူများ၏ ပြောကြားချက်များကိုဖော်ပြအပ်ပါသည်။**

**ဦးမြင့်စိန်**
**(ကျောက်တံတားမြို့နယ်၊ အုပ်ချုပ်ရေးမှူး)**

ကျောက်တံတားမြို့နယ်ထဲမှာ အသက် ၆၅ နှစ်နဲ့အထက် ကာကွယ်ဆေးထိုးရမယ့်သူ ၂၈၈၅ ဦးရှိပါတယ်။ ကိုဗစ်ကာကွယ်ဆေးထိုးနှံတဲ့ လုပ်ငန်းနဲ့ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီးက ညွှန်ကြားချက်အတိုင်း မြို့နယ်ထဲက ရပ်ကွက်တွေမှာရှိတဲ့ လုံးဝဆေးမထိုးရသေးတဲ့ အသက် ၆၅ နှစ်နဲ့အထက် ကာကွယ်ဆေးထိုးဖို့လျာထားတဲ့ သက်ကြီးရွယ်အိုစာရင်းနဲ့ ဆေးထိုးမယ့်နေရာကိုကြည့်ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေကို အကြောင်းကြားပါတယ်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးကနေ သက်ကြီးရွယ်အိုတွေကို စုစည်းပြီး ဆေးထိုးရမယ့်နေရာကိုခေါ်လာပါတယ်။ ကြိုတင်စာရင်းပြုစုထားပြီးသားမို့ ဆေးထိုးဖို့လာတဲ့သူတွေကို စာရင်းနဲ့ပြန်တိုက်စိစစ်ပြီး ဆေးထိုးနှံပေးပါတယ်။ ဆေးထိုးနှံချင်သူကများတော့ ဆေးကတော့မလောက်ဘူးပေါ့။ စတင်ထိုးနှံတဲ့ ဩဂုတ် ၁ ရက်(ပထမအကြိမ်)ကဆိုရင် အမှတ်(၁)ရပ်ကွက်အတွက် အသက် ၆၅ နှစ်နဲ့အထက် ကာကွယ်ဆေးထိုးဖို့လျာထားဦးရေ ၃၀ ကိုခေါ်တဲ့အခါမှာ ကျန်းမာရေးအခြေအနေအရမထိုးနိုင်တာကြောင့်နဲ့ ကျွန်တော်တို့လည်း ဆေးထုတ်ယူတာကြောင့် အဲဒီပထမနေ့မှာ သက်ကြီးရွယ်အို ၁၄ ဦးကိုပဲ ဆေးထိုးနှံနိုင်ခဲ့ပါတယ်။

ဩဂုတ် ၂ ရက် (ဒုတိယအကြိမ်)မှာတော့ အသက် ၆၅ နှစ်နဲ့အထက် ၄၆ ဦးကို ဆေးထိုးပြီး ဩဂုတ် ၃ ရက်(တတိယရက်) မှာတော့ ဆေးထိုးတဲ့ ဆရာဝန် နေမကောင်းလို့ တစ်ရက်နားရပါတယ်။ ဒီနေ့ ဩဂုတ် ၄ ရက်(တတိယအကြိမ်)မှာတော့ အမှတ်(၁)နဲ့(၂)ရပ်ကွက်ကျန်ရှိတဲ့ လူဦးရေနဲ့ အမှတ်(၃)နဲ့(၄)ရပ်ကွက်က စုစုပေါင်း ၁၇၀ ကို ဆေးထိုးနှံပေးခဲ့ပါတယ်။ မနက်ဖြန်လည်း ကာကွယ်ဆေးဆက်လက်ထိုးနှံမှာဖြစ်ပြီး အသက် ၆၅ နှစ်နဲ့အထက် ကာကွယ်ဆေးထိုးလို့ပြီးပြီဆိုရင်တော့ စေတနာ့ဝန်ထမ်းတွေပြီးရင် ဌာနဆိုင်ရာဝန်ထမ်းတွေ၊ ပြီးရင် မြို့နယ်ထဲက ဘဏ်ဝန်ထမ်းတွေ၊ စည်ပင်ဝန်ထမ်းတွေနဲ့ မြို့နယ်ထဲ နေထိုင်သူများတဲ့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က လူတွေကိုထိုးနှံပေးမှာဖြစ်ပါတယ်။ ကိုဗစ်ကြောင့် သေဆုံးနှုန်းမြင့်တက်လာတာမို့ ကျန်းမာရေးဝန်ကြီးဌာနက ညွှန်ကြားချက်တွေကို ပြည်သူတွေအနေနဲ့ လိုက်နာဆောင်ရွက်သင့်ပါတယ်။

**ဦးငွေဝင်း**
**(ကျောက်တံတားမြို့နယ်၊ ကြက်ခြေနီအမှုဆောင်)**

ကိုဗစ်ကာကွယ်ဆေးထိုးဖို့ကို အထပ်မြင့်ပေါ်ကမဆင်းနိုင်ကြတဲ့ အသက်၆၅ နှစ်နဲ့အထက် သက်ကြီးရွယ်အိုတွေအတွက် တပ်ဖွဲ့ဝင်တွေက ဆေးထိုးနှံမယ့်နေရာကိုခေါ်လာတယ်။ ဆေးထိုးနှံပြီးတော့လည်း အိမ်အရောက်ပြန်ပို့ပေးပါတယ်။ ဆေးထိုးဖို့ စာရင်းသွင်းတဲ့နေရာ၊ ဆေးထိုးရမယ့်နေရာ၊ ပြီးရင်စောင့်ကြည့်နေရာတွေကို ဝိုင်းကြည့်ပေးရပါတယ်။ ကာကွယ်ဆေးထိုးပြီးရင် နာရီဝက်စောင့်ခိုင်းတယ်၊ အခု တတိယလှိုင်းမှာ ဆေးထိုးကိုထိုးသင့်ပါတယ်။ ကိုဗစ်ဒုတိယလှိုင်းမှာဆေးမထိုးလိုက်ရတဲ့ ပြည်သူတွေအနေနဲ့ အခုကိုဗစ်တတိယလှိုင်းမှာ ကာကွယ်ဆေးကို ထိုးနှံသင့်ပါတယ်။ တတိယလှိုင်းမှာ ဆေးထိုးကို ထိုးသင့်ပါတယ်။ ဘာလို့လဲဆိုတော့ ၆၅ နှစ်နဲ့အထက်ဟာဆိုရင် အားအင်နည်းတဲ့အတွက် ကြိုတင်ကာကွယ်ဖို့ ထိုးဖို့လိုအပ်တာမို့ပါ။ နောက်ပိုင်းဆိုလူငယ်တွေပါ ဆက်ထိုးရမှာဖြစ်ပါတယ်။

**ဦးရဲထွဋ်**
**(အမှတ်-၃ ရပ်ကွက်၊ ကျောက်တံတားမြို့နယ်)**

အသက် ၆၅ နှစ်နဲ့အထက်တွေကို ကာကွယ်ဆေးထိုးဖို့ အမှတ်(၃)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးက ကြေညာပေးလို့သိရတာပါ။ ဆီးချိုနဲ့ သွေးတိုးရောဂါအခံလည်းရှိတော့ ကိုယ့်ဟာကိုယ် ဆေးနဲ့ထိန်းရတာပေါ့နော်။ အိမ်ကနေလည်း ဆီးချိုနဲ့သွေးတိုးရောဂါအတွက်တိုင်းလာခဲ့ပါတယ်။ ကျန်းမာရေးအတွက်ဆိုတော့ ဒီကိုဗစ်ကာကွယ်ဆေးကထိုးနှံသင့်ပါတယ်။ ထိုးနှံဖို့လည်းလိုအပ်ပါတယ်။ ဒါကြောင့်မို့ ဒီမနက်ပဲ စာရင်းပေးပြီးလာရောက်ထိုးနှံတာ ဖြစ်ပါတယ်။ ကာကွယ်ဆေး



ဦးမြင့်စိန်



ဦးရဲထွဋ်



ဒေါက်တာစောဟိန်းကိုကိုစိုး



ဦးချစ်ငွေ

ထိုးထားတော့ ကိုယ့်အတွက်ရော မိသားစုနဲ့ ပတ်ဝန်းကျင်အတွက်ပါ လုံခြုံစိတ်ချရစေတာမို့ ပြည်သူတွေအားလုံးကို ကာကွယ်ဆေးထိုးနှံစေချင်ပါတယ်။

**ဒေါက်တာစောဟိန်းကိုကိုစိုး**
**(ပန်းဘဲတန်းမြို့နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး)**

ကျွန်တော်တို့မြို့နယ်အတွက် ကာကွယ်ဆေး ပထမအသုတ်စာ စတင်ရရှိမှုက လူဦးရေ ၈၀၀ စာရရှိထားပါတယ်။ Sinopharm တစ်လုံးကို လူနှစ်ဦးထိုးလို့ရပြီး ကာကွယ်ဆေးအလုံး ၄၀၀ ရရှိထားပါတယ်။ ပထမနေ့မှာ အမှတ်(၁) ရပ်ကွက်က အသက် ၆၅ နှစ်နဲ့အထက် ၂၀ ကို ဆေးထိုးနှံတဲ့အခါမှာ ကျန်းမာရေးကောင်းမွန်ပြီး ရောဂါအခံမရှိတဲ့ သူတွေကိုရွေးပြီးစတင်ထိုးနှံပေးပါတယ်။ ဆေးရရှိတဲ့အပေါ်မူတည်ပြီး နောက်နေ့မှာတော့ မြို့နယ်ထဲက ရပ်ကွက် ၁၁ ရပ်ကွက်စလုံးက သူတွေကို မျှပြီးထိုးနှံပေးလိုက်ပါတယ်။ မြို့နယ်အတွင်းမှာ အသက် ၆၅ နှစ်နဲ့အထက်သက်ကြီးရွယ်အိုအားလုံးကို မျှပြီးထိုးနှံပေးသွားမှာလည်းဖြစ်ပါတယ်။ လက်ရှိစာရင်းပေးသွင်းထားတဲ့ အသက် ၆၅ နှစ်နဲ့အထက် သက်ကြီးရွယ်အို ဦးရေ ၃၀၀ နီးပါးသာရှိသေးတာမို့ သက်ကြီးရွယ်အိုစာရင်းကို ဆက်လက်ကောက်ယူလျက်ရှိပါတယ်။ ဒီနေ့မှာတော့ ပုဂ္ဂလိကဆေးဝန်ထမ်းတွေ၊ စေတနာ့ဝန်ထမ်းတွေ၊ ပရဟိတ၊ ဘာသာရေးကျောင်းတွေနဲ့ ဘုန်းကြီးကျောင်းတွေက ၂၂၃ ဦးကို ထိုးနှံပေးခဲ့ပါတယ်။ ကာကွယ်ဆေးထိုးမယ့်သူစာရင်းကိုတော့ ကောက်နေဆဲဖြစ်ပါတယ်။ ပြည်သူတွေက ဆေးထိုးပြီးသွားတဲ့သူတွေရဲ့အသံကို နားထောင်ပြီး စာရင်းလာပေးနေကြသေးလို့ပါ။ ဒီကာကွယ်ဆေးကတော့ အခုလက်ရှိဆေးထိုးပြီးတဲ့သူတွေမှာတော့ အဆင်ပြေကောင်းမွန်နေတာမို့ ဆေးထိုးနှံဖို့သင့်ပါတယ်။

**ဗိုလ်မှူးညီဗိုလ်ဗိုလ်စိုး**
**(ပန်းဘဲတန်းမြို့နယ်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်-၁)**

ကိုဗစ်ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းစဉ်အတွက် ကာကွယ်ဆေးတွေကို တနင်္ဂနွေနေ့မှာစထုတ်လို့ရပြီဆိုတာသိရတော့ တိုင်းကျန်းမာရေးဦးစီးဌာနနဲ့ချိတ်ဆက်ပြီး ဆေးအလုံး ၄၀၀ ထုတ်လာပါတယ်။ ပြီးတော့ အသက် ၆၅ နှစ်နဲ့အထက် ကာကွယ်ဆေးထိုးနှံမယ့်သူတွေစာရင်း ကောက်ယူဖို့ကို သက်ဆိုင်ရာရပ်ကွက်တွေကနေတစ်ဆင့် စာရင်းကောက်ခံခိုင်းပြီး မြို့နယ်ရုံးကိုစာရင်းပေးခိုင်းပါတယ်။ စတင်ထိုးနှံတဲ့ တနင်္ဂနွေနေ့မှာဆေးထိုးမယ့်နေရာအတွက် ပြင်ဆင်ဆောင်ရွက်ရတာကြောင့် အသက် ၆၅ နှစ်နဲ့အထက် ဦးရေ၂၀ လောက်ကိုပဲ ဆေးထိုးနှံနိုင်ခဲ့ပါတယ်။ ဒုတိယနေ့ဖြစ်တဲ့ တနင်္လာနေ့မှာတော့ သက်ကြီးဦးရေ ၁၃၀ ကို ထပ်တိုးထိုးပေးပြီး အင်္ဂါနေ့မှာတော့ သက်ကြီး ၂၅၄ ဦးနဲ့ ဒီနေ့ ဗုဒ္ဓဟူးနေ့မှာတော့ အစဉ်လိုက်အတိုင်း ဒုတိယဦးစားပေးအနေနဲ့ ကာကွယ်ဆေးမထိုးရသေးတဲ့ ပုဂ္ဂလိကဆေးဝန်ထမ်းတွေ၊ စေတနာ့ဝန်ထမ်းတွေ၊ ပရဟိတ၊ ဘာသာရေးကျောင်းတွေနဲ့ ဘုန်းကြီးကျောင်းတွေကဦးရေ၂၂၀ ကိုထိုးနှံပေးခဲ့ပါတယ်။ မနက်ဖြန်မှာတော့ နိုင်ငံ့ဝန်ထမ်းနဲ့ ဝန်ထမ်းမိသားစုဝင်တွေကို စာရင်းကောက်ယူထားတာမို့ ဆေးထိုးမယ့် ဝန်ထမ်းတွေအနေနဲ့ဝန်ထမ်းကတ်ပြရမယ်၊ နိုင်ငံ့ဝန်ထမ်းမိသားစုဝင်ဆိုရင်လည်း သက်ဆိုင်ရာအကြီးအကဲထောက်ခံချက်ကိုယူပြီး တိုက်ဆိုင်စစ်ဆေးပြီး စာရင်းပေးရမှာဖြစ်သလို သေချာစိစစ်ပြီးတာနဲ့ဆေးထိုးနှံပေးမှာဖြစ်ပါတယ်။ ဒါတွေအားလုံးပြီးသွားရင်တော့ ကျန်ရှိနေသေးတဲ့ အသက် ၆၅ နှစ်နဲ့အထက်တွေကို ရပ်ကွက်တွေကနေတစ်ဆင့် တစ်ရက်ကြိုတင် အကြောင်းကြားပြီးတော့ နောက်ထပ်တစ်ခါစာရင်းပြန်ကောက်ပြီး ကာကွယ်ဆေးထိုးနှံပေးမှာဖြစ်ပါတယ်။ လက်ရှိနိုင်ငံ့ဝန်ထမ်းနဲ့ မိသားစုဝင်တွေဆိုရင် စာရင်းပေးထားတာ ဦးရေ ၃၅၀ နီးပါးရှိပါတယ်။ နိုင်ငံ့ဝန်ထမ်းနဲ့မိသားစုဝင်တွေ ဆေးထိုးပြီးပြီဆိုရင် ဆေးကတစ်ကြိမ်ပဲရှိသေးတဲ့အတွက် စိတ်ချလို့မရသေးပါဘူး။ နှစ်ကြိမ်ထိုးနှံမှ ဆေးအာနိသင်က သက်ရောက်မှာဖြစ်ပါတယ်။ ကျန်းမာရေး ညွှန်ကြားချက်နဲ့အညီ ကာကွယ်လုပ်ဆောင်သင့်ပြီး ကိုယ့်ကိုယ်ကိုယ် ကာကွယ်ခြင်းဟာ သူများအတွက်ပါ ကာကွယ်ပေးခြင်းဖြစ်တာမို့ အကောင်းဆုံးပါပဲ။

**ဦးချစ်ငွေ**
**(ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ တပ်ဖွဲ့မှူး)**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းရဲ့ ရည်ရွယ်ချက်က ကျန်းမာရေးက နေ့စဉ်အဓိကဖြစ်ပါတယ်။ ရောဂါဖြစ်လာရင် ကာကွယ်တားဆီးမယ်၊ ဘေးဒုက္ခတွေကျရောက်ရင်လည်း ကြက်ခြေနီကစွမ်းဆောင်ကူညီရပါတယ်။ အခုဆိုရင်ကိုဗစ်က မြန်မာနိုင်ငံတင်မကဘူး တစ်ကမ္ဘာလုံးမှာဖြစ်နေတဲ့ ရောဂါဆိုးမို့ ကျန်းမာရေးဝန်ကြီးဌာနက ညွှန်ကြားထားတဲ့အတိုင်း စနစ်တကျလုပ်ဆောင်ကြမယ်ဆိုရင် ကူးစက်မှုကိုလျော့နည်းသက်သာစေမှာဖြစ်ပါတယ်။ ကျန်ရှိသူတွေအနေနဲ့လည်း ကာကွယ်ဆေးထိုးနှံကြပါလို့ တိုက်တွန်းချင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ပခုံးပေါ်နဲ့ ဦးထုပ်ပေါ်မှာရှိတဲ့ အပေါင်းလက္ခဏာနဲ့ကူညီပေးမယ်၊ ကာကွယ်ပေးမယ်၊ စောင့်ရှောက်ပေးမယ်၊ ဌာနဆိုင်ရာအသီးသီးနဲ့ပူးပေါင်းပြီးအဆင်ပြေအောင်ကူညီဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ဒီမှာလည်း ကျွန်တော်အပါအဝင် တပ်ဖွဲ့ဝင် ခြောက်ယောက်နဲ့ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနေပါတယ်။

**ဦးသိန်းမြင့်**
**(အမှတ်- ၂ ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်)**

မြို့နယ်ကျန်းမာရေးဦးစီးဌာနနဲ့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွေကို ကာကွယ်ဆေးထိုးဖို့ အကြောင်းကြားလာပါတယ်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွေကနေတစ်ဆင့် နှစ်ရက်ကြိုတင်အကြောင်းကြားလို့သိရတာနဲ့ ကာကွယ်ဆေးလာထိုးနှံတာပါ။ အခုဆေးထိုးပြီးတာ နာရီဝက်လောက်ရှိပါပြီ။ ဆေးထိုးတာ တစ်စုံတစ်ရာ ဘာမှမခံစားရပါဘူး။ ကာကွယ်ဆေးက ကိုယ့်အတွက် အကာအကွယ်ဖြစ်ပြီး ကိုယ့်မိသားစုနဲ့ပတ်ဝန်းကျင်အတွက်လည်းကောင်းတာမို့ ထိုးနှံသင့်ပါတယ်။ ကိုယ့်ကျန်းမာရေးအတွက် ကာကွယ်တာမမှားပါဘူး။ အခုဆေးထိုးပြီးပြီဆိုတော့ နေမကောင်းရင် ချက်ချင်းအကြောင်းကြားခိုင်းထားပါတယ်။ ဒုတိယအကြိမ် ဆေးထိုးဖို့လည်း လာရောက်ထိုးနှံဦးမှာဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်း - ပွင့်သစ္စာ**
**ဓာတ်ပုံ - စိုးမြင့်အောင်**

# နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဘုန်းတော်ကြီးကျောင်းများ၊ ပရဟိတကျောင်းများကို ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲများ ဆက်ကပ်လှူဒါန်း




နေပြည်တော် ဩဂုတ် ၇

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ်ရှိ 'စမ' တောင် ပရဟိတဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ကျောင်းတိုက်ရှိ ဝါဆိုသံဃာတော်များနှင့် ဒေသအသီးသီးမှ ပရဟိတဂေဟာသို့ ရောက်ရှိနေသည့် ကျောင်းသား ကျောင်းသူများအတွက် ဆန်အိတ် ၂၀၊ ဆီ ပိဿာ ၄၀၊ ဆား ပိဿာ ၅၀၊ ပဲ ၇၅ ပိဿာနှင့် ကြက်ဥအလုံး ၃၀၀ တို့ကို ထောက်ပံ့ လှူဒါန်းခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် လတ်တလော ဖြစ်ပွားလျက်ရှိသည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ဝါဆိုသံဃာတော်များ ဆွမ်းကွမ်း အခက်အခဲမရှိစေရေးအတွက် စာသင်တိုက်များသို့ လည်းကောင်း၊ ပရဟိတကျောင်းများသို့လည်းကောင်း စားနပ်ရိက္ခာများ ထောက်ပံ့လှူဒါန်းလျက်ရှိသည့်အပြင် ဒေသအသီးသီးရှိ ကိုဗစ်-၁၉ စင်တာများသို့လည်း စားနပ်ရိက္ခာများ ထောက်ပံ့ကူညီပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



# တောင်သာမြို့နယ်၌ အောက်ဆီဂျင်စက်ရုံ တည်ဆောက်ရန်အတွက် စက်ပစ္စည်းကိရိယာများရောက်ရှိ

တောင်သာ ဩဂုတ် ၇

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားမှု မြင့်တက်လျက်ရှိသောကြောင့် ပြည်သူများအား စောင့်ရှောက်မှုပေးရာတွင် အောက်ဆီဂျင်လုံလောက်စွာရရှိနိုင်ရေး အောက်ဆီဂျင်စက်ရုံတည်ဆောက်ရန် ယနေ့ နံနက် ၉ နာရီတွင် စက်ပစ္စည်းကိရိယာများရောက်ရှိကြောင်း သိရသည်။

အဆိုပါ အောက်ဆီဂျင်စက်ရုံတည်ဆောက်ပြီးပါက ကိုဗစ်-၁၉ ရောဂါကုသနိုင်ရေးအတွက် တစ်နေ့လျှင် အောက်ဆီဂျင်အရည် လီတာ ၄၀ ဆံ့အိုး အလုံးပေါင်း ၈၀ ကျော်ထွက်ရှိပြီး ပြည်သူများအား အခမဲ့ဖြန့်ဝေသွားမည်ဖြစ်ပြီး အောက်ဆီဂျင်စက်ရုံတည်ဆောက်ရေး အောက်ဆီဂျင်စက်ပစ္စည်းကိရိယာများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ မြို့နယ်စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌ ဦးဟန်သူရ၊ အဖွဲ့ဝင် ဗိုလ်မှူးအောင်ကိုကို၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး ရန်နိုင်စိုး၊ မြို့နယ်စက်ရုံတည်ဆောက်ရေးကော်မတီနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အောက်ဆီဂျင်စက်ရုံ အမြန်တည်ဆောက်နိုင်ရေးအတွက် အလှူရှင်များဖြစ်ကြသော ပန်းဆေးဒေသပြည်သူ့စစ်အဖွဲ့ခေါင်းဆောင် ဦးဉာဏ်လင်းဦးက ငွေကျပ်သိန်း ၅၀၀၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးက ငွေကျပ်သိန်း ၂၀၀၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးက ငွေကျပ်သိန်း ၁၀၀၊ ဒေသခံ ပြည်သူများ၏ စုပေါင်းလှူဒါန်းငွေကျပ်သိန်း ၅၅၀ စုစုပေါင်းငွေကျပ်သိန်း ၁၃၅၀ ကို ရရှိခဲ့ကြောင်း သိရသည်။

ကျော်မျိုးနိုင်(တောင်သာ)

# မင်းတပ်ခရိုင် ပြည်သူ့ဆေးရုံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေး

မင်းတပ် ဩဂုတ် ၇

ချင်းပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် အသက် ၆၅ နှစ်နှင့်အထက်နှင့် ကာကွယ်ဆေးထိုးဦးစားပေး အစီအစဉ်တွင်ပါဝင်သော အုပ်စုများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စတင်ထိုးနှံပေးခြင်းကို မင်းတပ်ခရိုင် ပြည်သူ့ဆေးရုံတွင် ယနေ့နံနက် ၉ နာရီမှ စတင်ထိုးနှံပေးလျက်ရှိသည်။



အဆိုပါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်ဆေးတပ်ဖွဲ့မှ ဗိုလ်ကြီးဝေမိုးအောင်နှင့် ဗိုလ်ကြီးအောင်အောင်တို့ ပါဝင်သောအဖွဲ့ဖြင့် ကာကွယ်ဆေးထိုးနှံပေးနိုင်ခဲ့ကြောင်းသိရပြီး မင်းတပ်မြို့နယ်အတွင်း လူဦးရေ ၁၆၇၄ ဦးအား ကာကွယ်ဆေး ဆက်လက် ထိုးပေးမည်ဖြစ်ကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံပေးသည့် နေရာသို့ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး ရန်နိုင်စိုး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးထိုက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆွေနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ စီမံဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

ခရိုင်(ပြန်/ဆက်)

# ရမည်းသင်းမြို့နယ်အတွင်း ကိုဗစ် -၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံ

ရမည်းသင်း ဩဂုတ် ၇

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းကို ရမည်းသင်းမြို့ သီလဝခန်းမ၌ ဩဂုတ် ၁ ရက်မှ ၇ ရက်အထိ နေ့စဉ်နံနက် ၈ နာရီမှ ၁၁ နာရီအထိ ထိုးနှံပေးရာ အသက် ၆၅ နှစ်နှင့်အထက်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရဟန်းရှင်လူပြည်သူများ၊ ပရဟိတလူမှုရေးအသင်းအဖွဲ့များ၊ အငှားယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များကို ဦးစားပေးကာ စနစ်တကျစီစစ်၍ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်ရွှေသိန်း၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်မြင့်မြင့်မော်ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉



ရောဂါ ကာကွယ်ဆေးထိုးနှံပေးရာတွင် ပထမအကြိမ် စုစုပေါင်း လူဦးရေ ၂၅၆၆ ဦး ထိုးနှံပြီးဖြစ်သည်။ ကာကွယ်ဆေး ခွဲတမ်းရောက်ရှိမှုအပေါ် မူတည်၍ ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

၁၁၄



# မအူပင်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မဖြစ်ပေါ်စေရေး အသံချဲ့စက်ဖြင့် လှည့်လည်အသိပညာပေး

မအူပင် ဩဂုတ် ၇

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များအား ပြည်သူများက တိတိကျကျ လိုက်နာဆောင်ရွက်ခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မဖြစ်ပေါ်စေရေးအတွက် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်း ဦးဆောင်မှုဖြင့် မအူပင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး မအူပင်မြို့ပေါ် ရှိရပ်ကွက်များသို့ ယနေ့နံနက် ၁၀ နာရီမှ မွန်းလွဲပိုင်းအထိ အသံချဲ့စက်ဖြင့် လှည့်လည်အသိပညာပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ ဆက်)

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

# မင်းဘူးမြို့နယ် မွေးမြူရေး၊ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေများနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနေမှုအား ကြည့်ရှုအားပေး



**မကွေး ဩဂုတ် ၇**
မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်သည် ဩဂုတ် ၆ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများနှင့်အတူ မင်းဘူးမြို့နယ် ကျောက်တန်းကျေးရွာရှိ ဦးထွန်းထွန်းလွင် ပိုင်ဆိုင်သော CP အသားတိုးကြက်မွေးမြူရေးခြံအတွင်း အသားတိုးကြက်မွေးမြူထားရှိမှုအခြေအနေနှင့် ဦးခင်မောင်ထွေး၏ ဟင်းသီးဟင်းရွက်စိုက်ခင်းသို့ သွားရောက်ကြည့်ရှုပြီး ဌာနများဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မင်းဘူးမြို့ ဦးဩဘာသခန်းမသို့ ရောက်ရှိပြီး အုပ်စုလိုက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနေမှု အခြေအနေများကို ကြည့်ရှု၍ ဆေးထိုးလာပြည်သူများအား ရင်းနှီးစွာ နှုတ်ဆက်အားပေးကာ အုပ်စုအလိုက် ကာကွယ်ဆေးထိုးနှံပေးရမည့်သူများ ကျန်ရှိမှုမရှိစေရေး အထူးအလေးထား ဆောင်ရွက်ပေးကြရန် မှာကြားသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် မင်းဘူး(စကု)မြို့နယ် ဥယျာဉ်ဇင်ကျေးရွာရှိ သိမ်ကုန်းရှေ့တန်းစခန်းသို့ ရောက်ရှိပြီး စပါးစိုက်တောင်သူများ၊ ဆန်ရောင်းဝယ်သူများနှင့် တွေ့ဆုံရာ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းနိုင်ဝင်းက လက်ရှိရာသီဥတုကောင်းမွန်နေသဖြင့် ယခင်နှစ်ထက် မလျော့ကျစေဘဲ စိုက်ဧကအထွက်နှုန်း ကောင်းမွန်အောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ မင်းဘူးမြို့နယ်အနေဖြင့် ဆန်ဈေးနှုန်းတည်ငြိမ်ရန် ဆက်လက်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်းနှင့် လယ်ယာကဏ္ဍသီးနှံများ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေများအား ရှင်းလင်းတင်ပြခဲ့ပြီး တောင်သူများက စိုက်ပျိုးသီးနှံများ ဈေးကွက်ရရှိရေးဆောင်ရွက်ပေးရန် တင်ပြခဲ့မှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်ညီညာ(မကွေး)**



# ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန(ဖောင်ကြီး)၌ တာဝန်လဲလှယ်ထမ်းဆောင်မည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ အကြိမ်(၂၀)မြောက် ထွက်ခွာ

**နေပြည်တော် ဩဂုတ် ၇**
ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ ကုသရေးဆေးရုံများ၌ ကျန်းမာရေးဝန်ထမ်းများ မလုံလောက်မှုကြောင့် ထပ်မံဖွင့်လှစ်ထားရှိသည့် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန (ဖောင်ကြီး)၌ တပ်မတော်မှ ပါဝင်ကူညီဆောင်ရွက်ရန်အတွက် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင် ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများ ပါဝင်သောအဖွဲ့က သွားရောက် တာဝန်ထမ်းဆောင်လျက်ရှိသည်။

အဆိုပါ လှည်းကူးမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန (ဖောင်ကြီး)၌ (၁၉)ကြိမ်မြောက်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင် ၄၀ နှင့် တာဝန်လဲလှယ်ထမ်းဆောင်ရန် အကြိမ်(၂၀)မြောက်တွင် သွားရောက်တာဝန်ထမ်းဆောင်မည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် မင်္ဂလာဒုံမြို့နယ် တပ်မတော်ဆေးတက္ကသိုလ်ရှိ Theater ခန်းမ၌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ အမှာစကားပြောကြားသည်။

**ပေးအပ်**

ထို့နောက် တာဝန်ထမ်းဆောင်မည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များကိုယ်စား အဖွဲ့ဝင်တစ်ဦးက သွားရောက်ရမည့် ရည်ရွယ်ချက်နှင့် ဆောင်ရွက်ရမည့်အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက တာဝန်ထမ်းဆောင်မည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

အဆိုပါတာဝန်ထမ်းဆောင်မည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များတွင် ဆေးကုသမှုပါရဂူ ငါးဦး၊ စိတ်ကျန်းမာရေးပါရဂူ တစ်ဦး၊ မေ့ဆေးပါရဂူ ငါးဦး၊ ခွဲစိတ်မှုပါရဂူ နှစ်ဦး၊ ဆေးမှူးဆရာဝန် ခုနစ်ဦး၊ သူနာပြုအရာရှိ ၁၂ ဦး၊ အထက်တန်းသူနာပြု နှစ်ဦး၊ သူနာပြုကျွမ်းကျင် နှစ်ဦး၊ ခွဲစိတ်ခွဲကျွမ်းကျင် နှစ်ဦး၊ ခွဲစိတ်မှုကျွမ်းကျင် နှစ်ဦး စုစုပေါင်း ၄၀ ပါဝင်၍ ၎င်းတို့သည် ရောဂါဝေဒနာခံစားနေရသော ပြည်သူများကို ကာကွယ်ကုသရန် ကိုယ်တိုင်ဆန္ဒပြုခဲ့ကြခြင်းဖြစ်ပြီး ယနေ့နံနက်ပိုင်းတွင် တပ်မတော်ဆေးတက္ကသိုလ်မှ ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန(ဖောင်ကြီး)သို့ ထွက်ခွာသွားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့

# ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အသိပေးနှိုးဆော်

**နေပြည်တော် ဩဂုတ် ၇**
ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားလျက်ရှိပြီး ရောဂါကူးစက်မှုမခံရစေရေးအတွက် ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များ၌ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက အပြင်ထွက်တိုင်း နှာခေါင်းစည်းတပ်ရန်၊ လူစုလူဝေးများရှောင်ရှားရန်နှင့် မပြုလုပ်ရန်၊ လက်ကိုဆပ်ပြာနှင့် မကြာခဏဆေးကြောခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်ကိုသန့်စင်ခြင်းများပြုလုပ်ကြရန်၊ မလိုအပ်ဘဲ အိမ်အပြင်သို့ သွားရောက်ခြင်းမပြုလုပ်ရန်၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များ၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးပန်ကြားချက်များကို တိကျစွာလိုက်နာရန် အသိပေးနှိုးဆော်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။**
**စာတည်း**



နှလုံးသားကို ဖြူစင်အောင်ထားပါ

# လူ့ဘဝကို ပျော်ရွှင်စွာဖြတ်သန်းနိုင်ဖို့ နှလုံးသားကို ဖြူစင်အောင်ထားပါ

ကျော်ကျော်လှိုင်

**အလုပ်နဲ့ပတ်သက်လာရင် ရွေးစရာ နှစ်လမ်းရှိပါတယ်**

**၁။ စိတ်ဓာတ်ကို ရွေးမယ်။**

ဆိုလိုတာက ဘယ်အလုပ်မဆို အကောင်းဆုံးဖြစ်အောင် လုပ်မယ်။ အောင်မြင်အောင် လုပ်မယ်။ ပြီးတဲ့အထိလုပ်မယ်ဆိုတဲ့ စိတ်ဓာတ်ကို မွေးမြူမယ်။ ဒီလိုစိတ်ဓာတ်ရှိရင် ဘယ်အလုပ်ပဲ လုပ်လုပ် ပျော်နေမှာပဲ။

**၂။ ကိုယ်ချစ်မြတ်နိုးတဲ့အလုပ်ကိုပဲလုပ်မယ်။**

ကိုယ်ချစ်မြတ်နိုးတဲ့အလုပ်ကို လုပ်ရလို့ ပျော်ရွှင်မှုရှိပြီး အောင်မြင်မှုကိုလည်း မလွဲမသွေရပါလိမ့်မယ်။

လက်တွေ့မှာတော့ ပထမဦးစွာ "ကိုယ်လုပ်နေတဲ့အလုပ်ကို နှစ်သက်သဘောကျပါ"လို့ စာရေးသူက အကြံပေးချင်ပါတယ်။ ပြီးတော့မှ စိတ်ရောကိုယ်ရောနှစ်ပြီး အလုပ်လုပ်ပါ။ ကိုယ်ချစ်မြတ်နိုးတဲ့ အလုပ်ကိုလုပ်ပါလို့ ရေးခဲ့တာနဲ့ဆန့်ကျင်နေတယ်လို့ စာဖတ်သူက ဆိုပါလိမ့်မယ်။ မဆန့်ကျင်ပါဘူး။ ကျောင်းက ဘွဲ့ရတာနဲ့အလုပ်စလုပ်တဲ့အချိန် ငွေလိုတဲ့အတွက် ရတဲ့အလုပ်ကို ယူရမှာပါပဲ။ ရတဲ့အလုပ်ကို နှစ်သက်သဘောကျမှ ပျော်ရွှင်မှုကို ရပါလိမ့်မယ်။ ကိုယ်နဲ့ကိုက်ညီမယ့် အလုပ်မဟုတ်ရင်တော့ ကိုယ်ဝါသနာပါတဲ့ အလုပ်၊ ကိုယ်စိတ်ဝင်စားတဲ့အလုပ်ကို ရဖို့ပြင်ဆင်နေချိန်မှာ ငွေလည်းရမယ်။ ပျော်ရွှင်မှုလည်းရမယ်။ အတွေ့အကြုံလည်းရပါမယ်။

**အကောင်းဆုံးအလုပ်**

လူတိုင်းလိုလိုပဲ မိမိအလုပ်ထက် တခြားလူတွေရဲ့ အလုပ်က ပိုလွယ်တယ်။ ပိုသက်သာတယ်။ လခပိုရတယ်။ ပိုပျော်စရာကောင်းတယ်လို့ ထင်ကြပါတယ်။ သူနာပြုဆရာမတွေက ဆရာဝန်လုပ်ရတာ သက်သာတယ် ထင်ပါတယ်။ အရောင်းစာရေးတွေက အရောင်းမန်နေဂျာအလုပ်က လွယ်တယ်လို့ ထင်ပါတယ်။ လူတိုင်းက ရှေ့နေတွေ ငွေကို လွယ်လွယ်ကူကူရတယ် ထင်ပါတယ်။ တကယ်တော့ အကောင်းဆုံးအလုပ်ဆိုတာမရှိပါဘူး။ လူတွေက သူတို့မလုပ်တတ်တဲ့အလုပ်၊ မလုပ်ချင်တဲ့အလုပ်အတွက် ငွေပေးပြီး ခိုင်းတာပါ။ ပြဿနာဆိုတာမရှိရင် ဘယ်သူ့အတွက်မှ အလုပ်ရှိမှာမဟုတ်ပါဘူး။

ကိုယ်လုပ်နေတဲ့အလုပ်မှာ ကိုယ်မပျော်ရင် ရွေးစရာနှစ်လမ်း ရှိပါတယ်။ **စိတ်ဓာတ်ကို ပြောင်းမယ် (သို့မဟုတ်) အလုပ်ကို ပြောင်းတာပါ။** တကယ်တော့ ကျွန်တော်တို့တွေက လွယ်တာကို မကြိုက်ပါဘူး။ အလုပ်ကလွယ်နေရင်၊ စိန်ခေါ်မှုတွေမရှိရင် အလုပ်ပြောင်းတာပါပဲ။ လူ့သဘာဝက စိန်ခေါ်မှုတွေကို ကြိုက်ပါတယ်။ ဒါကြောင့် ဂေါက်သီးကစားနည်းကို လူတွေကြိုက်ကြတာပါ။ အားလပ်ချိန်မှာတောင် စိန်ခေါ်မှုတွေကို လူတွေလိုချင်ပါတယ်။ ဂေါက်သီးက စိတ်ပျက်စရာ၊ ပျော်ရွှင်စရာ၊ စိတ်ကြည်နူးစရာ၊ စိန်ခေါ်မှုပေါင်းမြောက်မြားစွာကို တစ်ချိန်တည်းပေးလို့ လူတွေ စွဲစွဲမြဲမြဲ ကစားကြတာပါ။

"ဒီအလုပ်တစ်ခုတည်းကို ထပ်တလဲလဲ မလုပ်ချင်ဘူး။ ကြာတော့ ရိုးလာပြီ"လို့ လူတွေက ဆိုကြပါတယ်။ အလုပ်တော်တော်များများက တော့ ဒီတစ်ခုတည်းကိုပဲ ထပ်တလဲလဲ လုပ်ရတာပါ။ စက္ကတ္တရီ ခေါ် စာရေးမတစ်ယောက်ရဲ့အလုပ်က စာတစ်စောင်ပြီးတစ်စောင် ရိုက်ဖို့ပါပဲ။ ရုပ်ရှင်မင်းသား၊ မင်းသမီးအလုပ်ကလည်း သရုပ်ဆောင်တာကိုပဲ ထပ်တလဲလဲ လုပ်ရတာပါ။

ကျွန်တော်တို့ရဲ့ ဘဝတွေကို ဒါကအလုပ်ချိန်၊ ဒါက ပျော်စရာအချိန်လို့ သတ်မှတ်ရင် ကျွန်တော်တို့မှာ ကန့်သတ်ချက်တွေ ရှိလာပါလိမ့်မယ်။ တချို့က "အလုပ်သွားပြီ။ ၉ နာရီကနေ ၅ နာရီအထိ ဝဋ်ခံရဦးမယ်"လို့ ဆိုကြပါတယ်။ ဒီလိုစိတ်ထားရင်တော့ ပျော်ရွှင်မှုနဲ့ ဝေးရပါလိမ့်မယ်။ အလုပ်နဲ့ ပျော်စရာအချိန်လို့ မခွဲခြားပါနဲ့။ အကုန်လုံးက ကိုယ်ဖြတ်သန်းရမယ့်ဘဝပဲ။ ပျော်ရွှင်စွာဖြတ်သန်းမယ်ဆိုတဲ့ စိတ်ရှိဖို့ လိုပါတယ်။ အလုပ်ကို ချစ်မြတ်နိုးတဲ့စိတ်၊ အလုပ်လုပ်နေရတာ ပျော်ရွှင်တဲ့စိတ်ကို မွေးမြူပါ။ စစချင်းတော့ နည်းနည်းခက်ပါလိမ့်မယ်။ ကြိုးစားပြီးလုပ်ပါ။ ပျော်ရွှင်မှု၊ အောင်မြင်မှုတွေက အလိုလိုဖြစ်လာပါလိမ့်မယ်။

**အကောင်းဆုံးဖြစ်အောင်လုပ်ပါ**

အကောင်းဆုံးဖြစ်အောင်လုပ်သင့်တဲ့အကြောင်း နှစ်ခု ရှိပါတယ်။

**ပထမအကြောင်းကတော့ –**

အကောင်းဆုံးဖြစ်အောင်လုပ်ပြီးတဲ့အခါတိုင်း ပျော်ရွှင်မှုကို ရပါတယ်။ ငယ်စဉ်က ကျောင်းတက်တဲ့ဘဝကို ပြန်စဉ်းစားကြည့်ပါ။ အိမ်စာတွေ အကုန်ပြီးတဲ့နေ့ဆိုရင် ကျောင်းသွားရမှာကို စိတ်ဓာတ် တက်ကြွနေပါတယ်။ လမ်းလျှောက်ရင်တောင် ရင်ကိုကော့ပြီး ခေါင်းမော့လျှောက်မိပါတယ်။

ကျောင်းကနေထွက်ခဲ့တာ အနှစ် ၃၀ ရှိလည်း ဒီ "အိမ်စာ နိယာမ" က အသုံးဝင်နေတုန်းပါပဲ။ ဆရာမတွေက စာကြိုးစားဖို့ ပြောပါတယ်။ မိဘတွေက စာကြိုးစားဖို့ တိုက်တွန်းပါတယ်။ လက်တွေ့ဘဝထဲ ရောက်လာတော့လည်း အထက်လူကြီးတွေက အလုပ်ကြိုးစားဖို့ ဖိအားပေးပါတယ်။ စာကြိုးစားတယ်ဆိုတာ မိဘနဲ့ဆရာကို စိတ်ချမ်းသာအောင် လုပ်ပေးတာထက် ပိုပါတယ်။ အလုပ်ကြိုးစားတယ်ဆိုတာ မိမိရဲ့ အထက်လူကြီးသဘောကျအောင် လုပ်တာထက် ပိုပါတယ်။ တကယ်တော့ အားလုံးဟာ မိမိအတွက်ပါပဲ။

**ဒုတိယအကြောင်းကတော့ –**

လောကကြီးက ပျင်းရိသူနဲ့ အလုပ်ကိုအလေးမထားသူကို ဒဏ်ခတ်လေ့ရှိပါတယ်။ မိမိရဲ့ဘဝမှာ ဘယ်အရာမဆို စိတ်ပါလက်ပါ မလုပ်ရင်တော့ အမှားများစွာနဲ့ တွေ့ကြုံရပါလိမ့်မယ်။ အလုပ်တစ်ခုကို ပေါ့ပေါ့တန်တန်လုပ်မိတိုင်း ပြဿနာနဲ့ ရင်ဆိုင်ရပါလိမ့်မယ်။ တစ်ဖက် ပြိုင်ဘက်ကို အထင်သေးမိတဲ့လက်ဝှေ့သမား နောက်ကောက်အထိုးခံရ ပါတယ်။ တစ်ဖက်ပြိုင်ဘက်ကို မလေ့လာမိတဲ့ စီးပွားရေးသမား အကျ အဆုံးများနဲ့ တွေ့ရပါတယ်။ ဘယ်အလုပ်မဆို အကောင်းဆုံးဖြစ်အောင်လုပ်ပါ။ အကောင်းဆုံးဖြစ်အောင်လုပ်နိုင်တဲ့သူတွေကို လူတိုင်းက လေးစားပါတယ်။ အတော်ဆုံးချန်ပီယံ။ အကောင်းဆုံးလုပ်နိုင်သူ အဖြစ် အသိအမှတ်ပြုကြပါလိမ့်မယ်။

တက္ကစီစီးတဲ့အခါ တစ်ခါတလေကျရင် ပျော်ရွှင်စရာကောင်းပြီး

> **ကျွန်တော်တို့ရဲ့ဘဝတွေကို ဒါကအလုပ်ချိန်၊ ဒါက ပျော်စရာအချိန်လို့ သတ်မှတ်ရင် ကျွန်တော်တို့မှာ ကန့်သတ်ချက်တွေ ရှိလာပါလိမ့်မယ်။ တချို့က "အလုပ်သွားပြီ။ ၉ နာရီကနေ ၅ နာရီအထိ ဝဋ်ခံရဦးမယ်"လို့ ဆိုကြပါတယ်။ ဒီလိုစိတ်ထားရင်တော့ ပျော်ရွှင်မှုနဲ့ ဝေးရပါလိမ့်မယ်။ အလုပ်နဲ့ ပျော်စရာအချိန်လို့ မခွဲခြားပါနဲ့။ အကုန်လုံးက ကိုယ်ဖြတ်သန်းရမယ့်ဘဝပဲ။ ပျော်ရွှင်စွာဖြတ်သန်းမယ်ဆိုတဲ့ စိတ်ရှိဖို့လိုပါတယ်။ အလုပ်ကို ချစ်မြတ်နိုးတဲ့စိတ်၊ အလုပ်လုပ်နေရတာ ပျော်ရွှင်တဲ့စိတ်ကို မွေးမြူပါ။ စစချင်းတော့ နည်းနည်းခက်ပါလိမ့်မယ်။ ကြိုးစားပြီးလုပ်ပါ။ ပျော်ရွှင်မှု၊ အောင်မြင်မှုတွေက အလိုလိုဖြစ်လာပါလိမ့်မယ်**

တစ်ခါတလေကျရင် စိတ်ညစ်ရတာကို စာဖတ်သူတို့ ကြုံဖူးကြမှာပါ။ အငှားကားချင်းအတူတူ ဘာကွာခြားတာပါလဲ။ ယာဉ်မောင်းရဲ့ စိတ်ဓာတ်ပါပဲ။ တချို့က"မျက်နှာပြုံးရွှင်နေတဲ့ ယာဉ်မောင်းက ခရီးသည်ကို အမြဲဂရုစိုက်တယ်"လို့ ဆိုကြပါတယ်။ မဟုတ်ပါဘူး။ စာရေးသူကတော့ "ခရီးသည်ကို ဂရုစိုက်တဲ့ ယာဉ်မောင်းက မိမိအလုပ်ကို မိမိတန်ဖိုးထားသူဖြစ်လို့ မျက်နှာအမြဲပြုံးရွှင်နေတာပါ"လို့ ဆိုချင်ပါတယ်။

မိမိအလုပ်ကို မိမိတန်ဖိုးထားသူတွေက အိပ်ရာထတာနဲ့ "ဒီနေ့တော့ မနေ့ကထက်ပိုပြီး အလုပ်ကို ကြိုးစားမယ်။ ဂရုစိုက်မယ်"လို့ စိတ်ထားလေ့ရှိကြပါတယ်။

အကောင်းဆုံးပဲဖြစ်အောင်လုပ်မယ်ဆိုတာနဲ့ပတ်သက်ပြီး စာရေးသူငယ်စဉ်က ဖတ်ခဲ့ရဖူးတဲ့ ပုံပြင်လေးတစ်ပုဒ်ကို ပြန်ပြောပြချင်ပါတယ်။

တစ်ခါက ဘုရင်ကြီးတစ်ပါးဟာ လသာဆောင်ကနေ တိုင်းသူပြည်သားများ သွားလာလှုပ်ရှားနေတဲ့ လမ်းပေါ်ကို ရှုစားနေပါတယ်။ အဲဒီအချိန်မှာ ဓားရောင်းတဲ့သူတစ်ယောက်က သူ့ရဲ့ဓားများ ဘယ်လောက်ထက်ကြောင်းကို ဖရဲသီးများ၊ ဝါးတိုင်များကို ခုတ်၍ အစွမ်းပြပြီး ရောင်းချနေပါတယ်။ ဘုရင်ကြီးကလည်း ဓားရောင်းသူရဲ့ ဓားများ အစွမ်းထက်ပုံကို မြင်ရတဲ့အခါ ဓားရောင်းသူကို နန်းတော်ထဲ သွင်းစေပါတယ်။

အဲဒီနောက် ဓားရောင်းသူကို ဘုရင်ကြီးက "ဓားတွေ ဘယ်က ရသလဲ" ဟု မေးပါတယ်။

ဓားရောင်းသူက "ကျွန်တော်မျိုး ပန်းပဲဖိုတွင် ကိုယ်တိုင်ပြုလုပ်ပါသည်"ဟု လျှောက်တင်ပါတယ်။

ထိုအခါ ဘုရင်ကြီးက "ငါကိုယ်တော်မြတ်အတွက် အကောင်းဆုံးဓားတစ်ချောင်းကို သင်၏ပန်းပဲဖိုတွင် ပြုလုပ်ပေးပါ"ဟု ပြော၏။

ထိုအခါ ဓားသမားက သူ၏ခြင်းတောင်းထဲမှ ဓားတစ်ချောင်းကို ထုတ်ယူပြီး ဘုရင်ကြီးကို ဆက်သကာ "အရှင်မင်းကြီး ကျွန်တော်မျိုး ဓားလုပ်တဲ့အခါ အကောင်းဆုံးကိုပဲ လုပ်ပါတယ်။ ကျွန်တော်မျိုးရဲ့ ဓားတိုင်းက အကောင်းဆုံးတွေပါပဲ။ ယုံကြည်စွာသုံးစွဲတော်မူပါအရှင်" လို့ လျှောက်တင်ပါတယ်။ ဘုရင်ကြီးလည်း လွန်စွာနှစ်သက်သဘောကျတဲ့အတွက် ဆုတော်ငွေများ ပေးသနားတဲ့အပြင် ဘုရင်ရဲ့ ပန်းပဲဖိုမှာ အမှုထမ်းစေပါတယ်။

**ဘယ်သူ့အတွက် အလုပ်လုပ်တာလဲ**

**ရရှိတဲ့လုပ်အားခထက် အမြဲပိုလုပ်ပါ။ တစ်နေ့မှာ မိမိလုပ်တာကို အဆမတန်ပေးမယ့်သူတွေ ရှိလာပါလိမ့်မယ်။**

စားသောက်ဆိုင်တစ်ခုတွင် စိတ်တို၍ အလုပ်ကို ဆောင့်ကြီး အောင့်ကြီးလုပ်နေသော စားပွဲထိုးတစ်ယောက်နှင့် ကြုံဖူးပါသည်။ စာရေးသူမှာတဲ့ အစားအသောက်ကို မှားချတဲ့အပြင် ပြန်ပြင်ပေးရန် အတော်စောင့်ယူရပါသည်။ စာရေးသူက စားပွဲထိုးကို သူ၏အလုပ်အကြောင်းနှင့် အလုပ်ရှင်အကြောင်းကို မေးသောအခါ "အလုပ်ရှင်က ဘယ်လောက်ဆိုးကြောင်း၊ ဒီအလုပ်ရှင်အတွက် ဒီနေ့ကုန်အောင်တောင် လုပ်နိုင်ပါ့မလားမသိဘူး"ဟု ပြောပြပါသည်။

စားပွဲထိုး၏ အတွေးအခေါ်မှားနေပါသည်။ ဘယ်အလုပ်မဆို မိမိအတွက်လုပ်တာ ဖြစ်ပါသည်။ အလုပ်ရှင်အတွက် မဟုတ်ပါ။

ဘယ်အလုပ်ရှင်မှ ကိုယ့်စိတ်တိုင်းကျမဖြစ်နိုင်ပါဘူး။ လုပ်ဖော်ကိုင်ဖက်တွေကလည်း ကိုယ့်စိတ်တိုင်းကျ မဖြစ်နိုင်ပါဘူး။ ကိုယ့်စိတ်တိုင်းကျ ဖြစ်တာ၊ မဖြစ်တာက အရေးမကြီးပါဘူး။ ကိုယ့်ရဲ့အလုပ်ကို အကောင်းဆုံးလုပ်ဖို့က အရေးအကြီးဆုံး ဖြစ်ပါတယ်။ အကောင်းဆုံးမလုပ်ဘဲ တော်ရုံတန်ရုံပဲလုပ်မယ်ဆိုရင်တော့ သင့်ရဲ့ဆုံးရှုံးမှုက သင့်အလုပ်ရှင်ဆုံးရှုံးမှုထက် များပါလိမ့်မယ်။ စိတ်အားထက်သန်မှုတွေ ပျောက်ဆုံးကုန်ပါလိမ့်မယ်။ မိမိကိုယ်မိမိလေးစားတဲ့စိတ်တွေ လျော့လာပါလိမ့်မယ်။ နောက်ဆုံး ဘဝတစ်ခုလုံးတောင် ထိခိုက်နိုင်ပါတယ်။

**အလုပ်ကောင်းကောင်းသာရခဲ့လျှင်**

တချို့လူတွေက "ပျော်စရာကောင်းတဲ့အလုပ်"နဲ့ "ပျော်စရာမကောင်းတဲ့အလုပ်"လို့ ခွဲခြားကြပါတယ်။ ပျော်စရာကောင်းတယ်၊ ပျော်စရာမကောင်းဘူးဆိုတာ တကယ်တော့ မိမိရဲ့စိတ်ပါပဲ။ ဘယ်အလုပ်မဆို စိတ်ပါဝင်စားစွာနဲ့လုပ်ခဲ့လျှင် ပျော်စရာကောင်းတဲ့အလုပ် ဖြစ်လာပါလိမ့်မယ်။ လုပ်တဲ့အလုပ်တိုင်းကို စိတ်ပါဝင်စားစွာနဲ့ အကောင်းဆုံးဖြစ်အောင်လုပ်မယ်ဆိုတဲ့ စိတ်ဓာတ်ရှိသူတိုင်း အလုပ်ကောင်းကောင်းကို အမြဲရပါတယ်။ **စာမျက်နှာ ၂၅ သို့** ■

■ စာမျက်နှာ ၂၄ မှ

### သင်ချစ်မြတ်နိုးတဲ့အလုပ်

ဒီစာကို အလုပ်လမ်းညွှန်အဖြစ် အသုံးမပြုပါနှင့်။ ဘဝရဲ့ သဘောတရားတွေအဖြစ် အသုံးပြုပါ။ ကျွန်တော်တို့ ဒီဘဝကိုပဲ ပိုင်ပါတယ်။ မိမိဘဝကိုမိမိ ဘယ်လိုကျော်ဖြတ်မလဲ။ မိမိစိတ်ဝင်စားတာ၊ မိမိလုပ်ချင်တာကို လုပ်နိုင်ဖို့ အရေးကြီးပါတယ်။ ဒီလိုလုပ်နိုင်ဖို့ အချက်နှစ်ချက်ကို လက်ခံနိုင်ရပါမယ်။

၁။ "မိမိကြိုက်တာကို မိမိလုပ်နိုင်တယ်။ အလုပ်ထဲမှာ မလုပ်နိုင်သေးရင်တောင် ကိုယ်ပိုင်အချိန်မှာ လုပ်နိုင်တယ်"။ တချို့တွေက ကိုယ့်ကိုယ်ကိုယ် နှိပ်စက်နေတယ်။ ကိုယ်ပိုင်အချိန်မထားဘူး။ ကိုယ်ပိုင်အချိန်မှာတောင် ကိုယ်ကြိုက်တာ ကိုယ်မလုပ်ရင်၊ မလုပ်နိုင်ရင် မိမိလုပ်နေတဲ့အလုပ်မှာ ပျော်နေတဲ့လူလို့ ပြောရခက်ပါတယ်။

၂။ "မိမိချစ်မြတ်နိုးတဲ့အလုပ်ကိုလည်း လုပ်ရတယ်။ ပိုက်ဆံလည်းရမယ်"။ လူတော်တော်များများက အလုပ်ဆိုတာ ငြီးငွေ့ဖို့ကောင်းတယ်လို့ သတ်မှတ်ကြပါတယ်။ မှားပါတယ်။ မိမိချစ်မြတ်နိုးတဲ့အလုပ်ကို လုပ်နေရပြီး ပိုက်ဆံရနေသူတွေ အများကြီးရှိပါတယ်။

"မိမိချစ်မြတ်နိုးတဲ့အလုပ်" ဆိုတာကိုလည်း မှားမတွေးဖို့ အရေးကြီးပါတယ်။ လူတိုင်းပဲ ပင်လယ်ကမ်းခြေက သဲသောင်ပေါ်မှာ အပန်းဖြေ အနားယူချင်ပါတယ်။ သဲသောင်ပေါ်မှာ အပန်းဖြေရင်း လခရဖို့ စဉ်းစားရင်တော့ အတွေးမှားတာပါပဲ။ မိမိချစ်မြတ်နိုးတဲ့ အလုပ်ဆိုတာ မိမိရဲ့စိတ်ကူးတီထွင်မှုတွေ၊ အားစိုက်ထုတ်မှုတွေ ပေါင်းစပ်ရတာပါ။ စွန့်စားရတာပါ။ များသောအားဖြင့် အစပိုင်းမှာလည်း မိမိချစ်မြတ်နိုးတဲ့အလုပ်ကိုလုပ်တဲ့အခါ ထမင်းနပ်မှန်ရုံပဲ ရှိပါမယ်။

မသေချာတာ၊ စွန့်စားရတာကိုက ပျော်စရာကောင်းတာပါ။ လူ့ဘဝဆိုတာကလည်း အရာရာအားလုံးပြည့်စုံနေရင် စိတ်လှုပ်ရှားစရာမရှိ၊ ပျော်စရာမရှိ ဖြစ်တတ်ပါတယ်။ ချမ်းသာတဲ့မိဘက မွေးလာတဲ့ ကလေးတွေ မူးယစ်ဆေးစွဲတယ်ဆိုတာ သူတို့ဘဝက အရာရာပြည့်စုံနေလို့ပါပဲ။ သူတို့အတွက်က ကြိုးစားသည်ဖြစ်စေ၊ မကြိုးစားသည်ဖြစ်စေ လိုတရနေတော့ စိတ်လှုပ်ရှားမှု မရှိတော့ပါဘူး။ မူးယစ်ဆေးသုံးတယ်ဆိုတာ ဥပဒေကိုဆန့်ကျင်လို့ စွန့်စားရပါတယ်။ အသက်အန္တရာယ်နဲ့ နီးတဲ့အတွက် စိတ်လှုပ်ရှားရပါတယ်။

**မိမိရဲ့ရွေးချယ်မှုကို မိမိနှစ်သက်သဘောကျမှသာ မိမိဘဝက တိုးတက်မှုရှိမည်။**

**မိမိရဲ့ အသက်မွေးမှုသည် မိမိရဲ့ ရွေးချယ်မှုစာရင်းတွင် ထိပ်ဆုံးက ပါ၏။**

"ဘာလို့ ဒီအလုပ်ကိုလုပ်နေတာလဲ။ မင်းကြိုက်လို့လား" မေးတဲ့အခါ ကိုမောင်မောင်က "ကြိုက်ကြိုက်၊ မကြိုက်ကြိုက် လူတိုင်းက အလုပ်ရှိမှ ထမင်းစားရမှာ"လို့ ဖြေပါတယ်။ မှားပါတယ် ကိုမောင်မောင်၊ ကိုယ်မကြိုက်တဲ့အလုပ်ကို သည်းညည်းခံပြီးလုပ်တဲ့အတွက် ဒိုင်းဆုမရနိုင်ပါဘူး။ လုပ်နေတဲ့အလုပ်ကို မကြိုက်ဘူး၊ မပျော်ဘူးဆိုရင် အလုပ်ပြောင်းပါ။ ကိုယ်နှစ်သက်သဘောကျတဲ့အလုပ်ကိုလုပ်ပါ။

### ကျွန်တော်ဘာလုပ်ချင်မှန်း ကျွန်တော်မသိဘူး

ကိုယ်ဘာလုပ်ချင်မှန်း ကိုယ်မသိရင်တော့ ကိုယ့်ကိုယ်ကိုယ် ပြန်သုံးသပ်တာ၊ စဉ်းစားတာ၊ မိမိရဲ့အသံကို ပြန်နားထောင်တာကို မလုပ်တာကြာနေလို့ပါပဲ။ မိမိရဲ့မိသားစုကို စိတ်ချမ်းသာအောင်လုပ်ရင်း ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်မှန်းမသိတော့ဘူး ဖြစ်သွားနိုင်ပါတယ်။ ကိုယ်က ဘောလုံးကန်ချင်တယ်။ အမေက စန္ဒရားတီးခိုင်းတယ်။ မောင်းချင်တာက ပြိုင်ကား၊ မိသားစုအတွက် စဉ်းစားပြီးဝယ်တော့ တိုယိုတာ ဟိုင်းအေ့(စ်)။ ဖြစ်ချင်တာက စာရေးဆရာ၊ လုပ်နေရတာက စာရင်းကိုင်။ သွားချင်တာက မြစ်ကြီးနားက မြစ်ဆုံ၊ အမြဲရောက်နေတာက ချောင်းသာ။

ဒီလိုနဲ့ပဲ သင့်တော်တဲ့အားကစားတွေ၊ အပန်းဖြေတာတွေကို မကြိုက်ဘဲ လုပ်မိနေပါတယ်။ တစ်နေ့တော့ "ငါလုပ်နေတာတွေက ငါကြိုက်တာတွေ မဟုတ်ဘူး"လို့ တွေးမိပါလိမ့်မယ်။ တွေးမိတဲ့နေ့မှာတော့ ကိုယ်ကြိုက်တာကို ကိုယ်ပြောင်းလုပ်ဖို့ ဝန်မလေးပါနဲ့။ တစ်ကိုယ်ကောင်းဆန်တယ်ဆိုတဲ့ အတွေးကိုလည်း ထုတ်ပစ်လိုက်ပါ။ မိမိကြိုက်တဲ့အလုပ်၊ မိမိဝါသနာပါတဲ့ အားကစား၊ မိမိနှစ်သက်တဲ့ အပန်းဖြေနည်းတွေကို လုပ်ခဲ့ရင် ပျော်ရွှင်အောင်မြင်တဲ့လူ ဖြစ်လာပါလိမ့်မယ်။ မိမိပျော်ရွှင်မှု၊ မိမိအောင်မြင်မှုက မိမိမိသားစုရဲ့ပျော်ရွှင်မှု၊ အောင်မြင်မှုပါပဲ။

မိမိကြိုက်နှစ်သက်တဲ့အလုပ်၊ အားကစား၊ အပန်းဖြေနည်းတွေ ဟုတ်၊ မဟုတ်ကို အောက်ပါအတိုင်း ဆန်းစစ်ကြည့်လို့ရပါတယ်။

- **မနက်မိုးလင်းတာနဲ့ စိတ်ခေတ်တက်ကြွနေပြီး အနားယူဖို့တောင် မစဉ်းစားခဲ့ရင်။**
- **ဘယ်အချိန်ရှိပြီလဲဆိုတာ မေ့နေမယ်။ ကိုယ့်ကိုယ်ကိုယ်တောင် မေ့နေရင်။**
- **နာရီပေါင်းများစွာ ဒီအကြောင်းပြောနိုင်တယ်၊ လုပ်နိုင်တယ်၊ မောတယ်လို့ကို မထင်မိရင်။**

(ဆက်လက်ဖော်ပြပါမည်)

(ဆရာကျော်ကျော်လှိုင်၏ "နှလုံးသားကို ဖြူစင်အောင်ထားပါ" စာအုပ်မှ "လူ့ဘဝကို ပျော်ရွှင်စွာဖြတ်သန်းနိုင်ဖို့ နှလုံးသားကို ဖြူစင်အောင်ထားပါ" ဆောင်းပါးကို စာရေးသူ၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ စာတည်း)

## အနုပညာ

## ဘီလျံနာတစ်ဦးဖြစ်လာတဲ့ ရီဟားနား

ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ ရီဟားနား အနေနဲ့ ပိုင်ဆိုင်မှုတွေကို ဖော်ဘီမဂ္ဂဇင်းက လတ်တလောမှာ ထုတ်ပြန်ခဲ့ပြီးနောက် ရီဟားနား အနေနဲ့ ဘီလျံနာတစ်ဦးဖြစ်ကြောင်း သိရပါတယ်။ ရီဟားနားဟာ အမျိုးသမီး တေးသံရှင်တွေအနက် အချမ်းသာဆုံးဖြစ်ကြောင်းနဲ့ ဒီလို ဝင်ငွေတွေ ပိုင်ဆိုင်နိုင်တာဟာ သူ့ရဲ့ တေးသီချင်းလုပ်ငန်းတွေက အဓိကမဟုတ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဖော်ဘီမဂ္ဂဇင်းက ဩဂုတ် ၄ ရက်မှာ ထုတ်ပြန်ခဲ့တဲ့ အချက်အလက်တွေအရ ပေ့ါပ်တေးသံရှင် ရီဟားနားဟာ လက်ရှိမှာ ပိုင်ဆိုင်မှုအနေနဲ့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံခန့်ရှိကြောင်း သိရပါတယ်။ သူ့ရဲ့ကြွယ်ဝမှုတွေဟာ သူ့ရဲ့တေးသီချင်းလုပ်ငန်းတွေထက် အလှကုန် အမှတ်တံဆိပ်တစ်ခုဖြစ်တဲ့ Fenty Beauty ကနေ ရရှိခဲ့တာဖြစ်ပြီး အဆိုပါ အလှကုန်တွေကနေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံခန့် ဝင်ငွေ ရရှိခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

ကျန်ဝင်ငွေတွေကိုတော့ ရီဟားနားအနေနဲ့ Savage x Fenty အတွင်းခံအဝတ်အထည်ကုမ္ပဏီမှ သူ့ရဲ့ ရှယ်ယာတွေနဲ့ တေးဂီတနဲ့ သရုပ်ဆောင်လုပ်ငန်းတွေကနေ ရရှိခဲ့တာဖြစ်ကြောင်း အဆိုပါ မဂ္ဂဇင်းက ရေးသားဖော်ပြထားတာ တွေ့ရပါတယ်။



## Gentleman ရုပ်ရှင်မှ ဟန်ဆိုဟီး နုတ်ထွက်

တောင်ကိုရီးယားမင်းသမီး ဟန်ဆိုဟီးဟာ ရုပ်ရှင်သစ် Gentleman မှာ အဓိကဇာတ်ဆောင်အဖြစ် ပါဝင်သွားမှာဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါတယ်။ ဒါပေမဲ့ သူ့အနေနဲ့ ကိုယ်ရောစိတ်ပါ ပင်ပန်းနေတာကြောင့် အဆိုပါ ရုပ်ရှင်သစ်မှ နုတ်ထွက်ကြောင်း လတ်တလောမှာ ပြန်လည်ကြေညာခဲ့တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဩဂုတ် ၄ ရက်မှာ ဟန်ဆိုဟီးရဲ့ အေဂျင်စီက မင်းသမီးအနေနဲ့ အဆိုပါရုပ်ရှင်သစ်မှာ ပါဝင်နိုင်ခြင်း မရှိတော့ကြောင်း ပရိသတ်တွေကို အသိပေးခဲ့ပါတယ်။ အေဂျင်စီရဲ့ ပြောကြားချက်အရ ဟန်ဆိုဟီးဟာ လက်ရှိမှာ အတော်လေးပင်ပန်းနွမ်းနယ်နေတာကြောင့် ရိုက်ကူးရေးလုပ်ငန်းတွေ ဆက်လက်လုပ်ဆောင်နိုင်ခြင်းမရှိတာဖြစ်တယ်လို့ သိရပါတယ်။ ဟန်ဆိုဟီးဟာ အဆိုပါရုပ်ရှင်သစ်မှာ ဇာတ်ကောင်စရိုက်သစ်နဲ့ ပရိသတ်တွေကို သူ့ရဲ့မတူညီတဲ့ပုံစံတစ်ခုကို ပြသလိုပေမယ့် လက်ရှိမှာတော့ စိတ်ရောလူပါ အနားယူဖို့ရာ လိုအပ်နေတာဖြစ်တယ်လို့ သိရပါတယ်။

### စတင်လုပ်ဆောင်သွားမှာဖြစ်

Gentleman က လတ်တလောမှာ ပါဝင်သရုပ်ဆောင်သွားမယ့် အဓိကဇာတ်ဆောင် မင်းသားတစ်ဦးကိုလည်း ထုတ်ပြန်ကြေညာခဲ့ပါတယ်။ မင်းသားပ့ါခ်ဆန်းဝေါင်ဟာ အဆိုပါရုပ်ရှင်မှာ အခြားသော ဇာတ်ဆောင်မင်းသားတစ်ဦးဖြစ်သူ ဂျူဂျီဟွန်းနဲ့ အပြိုင်သရုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ အဆိုပါ ရုပ်ရှင်သစ်ရဲ့ ရိုက်ကူးရေးလုပ်ငန်းတွေကိုတော့ ဇာတ်ဆောင်တွေ အတည်ပြုပြီးနောက် စတင်လုပ်ဆောင်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

## ကြည့်ရှုသူ သန်း ၅၀၀ ပြည့်ခဲ့ပြီဖြစ်တဲ့ Butter

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့အမျိုးသားတေးဂီတအဖွဲ့ BTS ရဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ Butter ဟာ လတ်တလောမှာ ကြည့်ရှုသူ သန်း ၅၀၀ ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။ အဆိုပါ တေးသီချင်းရဲ့ ဗီဒီယိုဟာ ယခုလိုအောင်မြင်မှုကို အချိန်တိုအတွင်း ရရှိခဲ့တာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။


အဆိုပါ တေးဗီဒီယိုဟာ ဩဂုတ် ၇ ရက်မှာ ကြည့်ရှုသူ သန်း ၅၀၀ ပြည့်မြောက်ခဲ့တာပါ။ ၎င်းကို မေ ၂၁ ရက်က စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပြီး စတင်ထုတ်လွှင့်ပြီးနောက် သုံးလခန့်ကာလအတွင်းမှာပင် ယခုလို မှတ်တိုင်သစ်စိုက်ထူနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

Butter ရဲ့ အောင်မြင်မှုနဲ့အတူ BTS ဟာ ထုတ်လွှင့်ခဲ့သမျှသော တေးဗီဒီယိုတွေအနက် ယူကျူပေါ်ကနေ ကြည့်ရှုသူသန်း ၅၀၀ ကျော်လွန်ခဲ့တဲ့ တေးဗီဒီယိုပေါင်း ၁၁ ခုရှိခဲ့ပြီဖြစ်ကြောင်းလည်း သိရပါတယ်။



အေးပြည့် - စုစည်းသည်

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် ဟေမဝန္တာရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးဝေဖြန်းလုပ်ငန်းများတွင် အလှူရှင်များ ထည့်ဝင်လှူဒါန်းနိုင်ကြရန် နှိုးဆော်ခြင်း







[illegible]



[illegible]

၁။ [illegible]

၂။ [illegible]

[illegible]

၃။ [illegible]

(က) [illegible]

(ခ) [illegible]

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ရေကန် ဒါယကာကြီး**

**ဦးမင်းစံ**

**နာယက(ပေါ်ပြူလာပလတ်စတစ်လုပ်ငန်းစု)**

**Hotel POPULAR Myanmar, Summit Plastic**

**အသက် (၉၂) နှစ်**

ရန်ကုန်မြို့နေ ဦးကျင်ဦး (Chairman–POPULAR Group)–ဒေါ်ချောစုလွင် (Vice Chairman– POPULAR Group)တို့၏ ချစ်လှစွာသောဖခင်ကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ရေကန် ဒါယကာကြီး ဦးမင်းစံ အသက်(၉၂)နှစ်သည် ၁၈–၇–၂၀၂၂ (တနင်္လာနေ့) ည ၇:၃၀ နာရီတွင် ရန်ကုန်မြို့၌ (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Audit Department**

**POPULAR GROUP**

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ပြည်တွင်း/ပြည်ပ သာသနာပြုမိခင်ကြီး**

**ဒေါ်ခင်မြင့် (ဝါးခယ်မ)**

**အသက်(၈၉) နှစ်**

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၄)၊ ရာဇာဓိရာဇ်လမ်း၊ အမှတ်(၁၄/၄၄၁)နေ (ဦးကြန်–ဒေါ်ခင်ဆုံ)တို့၏ သမီးကြီး၊ (ဦးသန်းမောင်–ဒေါ်သောင်း)တို့၏ သမီးချွေးမ၊ ဒု–ဗိုလ်မှူးကြီးတင်လှိုင်(ငြိမ်း) ၏ဇနီး၊ ဗိုလ်မှူးအေးချို(ငြိမ်း)–ဒေါ်နွယ်နီလှိုင်တို့၏မိခင်၊ (ဦးရဲမြင့်–ဒေါ်တင်တင်နွဲ့)၊ (ဦးကြည်ဝင်း)– ဒေါ်မိမိ၊ ဦးမြတ်စိုး–ဒေါ်ခင်စမ်းရီ၊ (ဦးအောင်ကြန်)–ဒေါ်ရှယ်လီ၊ ဦးပြည်စိုး–(ဒေါ်အေးအေးမြင့်)တို့၏ အစ်မကြီး ဒေါ်ခင်မြင့်သည် ၅–၈–၂၀၂၂(ကြာသပတေးနေ့) နံနက် ၈:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သီဟသုဓမ္မသိင်္ဂီ ဒေါ်ဖြူဖြူဝင်း**

**Lin Yaung Ci Jade Gems Art & Jewellery Co.,Ltd မိသားစု**

## ဦးနေဝင်း(ခ)ဦးနေ(ရှုမဝ)

## အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ မိုးကုတ်လမ်း၊ အမှတ်(၁၃/၁၅၆)နေ (ဒေါ်နီနီဦး)၏ ခင်ပွန်း၊ မဝေနီဦး–မောင်ဝေလှ၊ မောင်ဝေယံ–မခင်ပပ၊ မမြရည်သွန်း–ကိုသိန်းနိုင်ဦးတို့၏ ဖခင်သည် ၅–၈–၂၀၂၂ ရက် ညနေ ၄ နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဦးမြင့်သိန်းထွန်း**

**အသက် (၆၂)နှစ်**

ဦးမြင့်သိန်းထွန်း Advisor to CTO (MPT Joint Operation) အထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ၄–၈–၂၀၂၂ရက် ည၇နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**JICA CNIP Project Management Unit အဖွဲ့ဝင်များနှင့်**

**နည်းပညာဌာနကြီး ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဦးမြင့်သိန်းထွန်း**

**အသက် (၆၂)နှစ်**

ဦးမြင့်သိန်းထွန်း အထွေထွေမန်နေဂျာ(ငြိမ်း)၊ စီမံရေးရာနှင့် ဥပဒေရေးရာဌာနကြီး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ၄–၈–၂၀၂၂ရက် ည ၇နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စီမံရေးရာနှင့်ဥပဒေရေးရာဌာနကြီး ဝန်ထမ်းမိသားစုများ**

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဦးမြင့်သိန်းထွန်း**

**အသက်(၆၂)နှစ်**

ဦးမြင့်သိန်းထွန်း Advisor to CTO (MPT Joint Operation) အထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ၄–၈–၂၀၂၂ရက် ည ၇နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Japan Telecommunications Engineering and Consulting Service (JTEC)**

**Communication Network Improvement Project (CNIP)**

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဦးသန့်ဇင်ဦး**

**BE(EP)85 Batch**

**Bo Bo Min Hotel & Restaurant**

**အသက်(၆၀)**

ဦးသန့်ဇင်ဦး(တွဲဖက်–အတွင်းရေးမှူး)မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ရန်ကုန်ဇုန်)အသက် (၆၀)သည် ၃–၈–၂၀၂၂ (အင်္ဂါနေ့) နံနက်ပိုင်းတွင် ကွယ်လွန်သွားပါကြောင်း သိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

**မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း(ရန်ကုန်ဇုန်)**

## ဦးခင်မျိုးအောင်

## အသက်(၆၂)နှစ်

ရန်ကုန်၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ငွေဝတ်မှုံရိပ်သာ၊ အမှတ်(၇၀/င)နေ (အငြိမ်းစား ဒုတိယဗိုလ်ချုပ်ကြီးစိန်အောင်)–ဒေါ်ခင်သိန်းတို့၏ ချစ်လှစွာသောသားငယ်၊ ရန်ကုန်မြို့၊ သုဝဏ္ဏ၊ စရည်းပင်လမ်းနေ (Captain ဦးကျော်ဝင်းလူ)–ဒေါ်တင်တင်အေးတို့၏ သားသမက်၊ ဒေါ်လှဝေဝေလူ၏ ချစ်လှစွာသောခင်ပွန်း၊ ကိုရဲမင်း၊ မတင်ထက်ပိုင်အောင်တို့၏ ချစ်လှစွာသော ဖခင်၊ ဦးခင်မောင်အောင်–ဒေါ်ရီရီမေ၊ Los Angeles နေ Dr.ဦးခင်မြင့်အောင်–Dr.ဒေါ်ခင်အေးစီတို့၏ ညီ/မောင်၊ စင်ကာပူနိုင်ငံနေ ဒေါ်စန္ဒာအောင်–ဦးကိုကိုထူးတို့၏ အစ်ကို/ညီ၊ ကိုဇင်လင်းအောင်၊ Dr.ရဲလင်း မောင်၊ မောင်မင်းသီဟထူး၊ မဆုသီရိထူးတို့၏ ချစ်လှစွာသော ဦးလေး ဦးခင်မျိုးအောင်သည် ၃–၈–၂၀၂၂(အင်္ဂါနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပြီဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေသူငယ်ချင်း များအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးကြည်

## အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ အမှတ်(၇၅)နေ အေရာတော်စတိုးမှ ဒေါ်ယဉ်လှိုင်၏ခင်ပွန်း၊ ဦးအောင်ကိုဟိန်း–ဒေါက်တာ လတ်လတ်ထွန်း၊ ဒေါ်ဆွေဇင်မာထွန်း၊ ဦးအောင်မျိုးမင်း–ဒေါ်လဲ့လဲ့ဝင်းဇော်တို့၏ဖခင် ဦးကြည်သည် ၆–၈–၂၀၂၂ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**မူး ယစ် ကို ပစ် ပန်း တိုင် သစ် စိတ်သစ် လူသစ် ဘဝသစ်**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ကြည်း–၆၅၇၈ ဒုတိယဗိုလ်မှူးကြီးကျော်ငြိမ်း(ငြိမ်း)**

**အသက်(၈၂)နှစ်**

ကလေးမြို့နေ (ဒေါ်လှမြိုင်)၏ချစ်လှစွာသောခင်ပွန်း၊ OTS(30) နည်းပြတပ်ခွဲမှူး(ငြိမ်း)ဖြစ်သူ ဒုတိယဗိုလ်မှူးကြီးကျော်ငြိမ်း(ငြိမ်း) သည် ၆–၈–၂၀၂၂(သောကြာနေ့) နံနက် ၁၁ နာရီတွင် ကလေးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

ဆရာ ဒုတိယဗိုလ်မှူးကြီးကျော်ငြိမ်း(ငြိမ်း) ကောင်းရာသုဂတိသို့လားပါစေ။

**OTS(30)ကျောင်းဆင်းအရာရှိတပည့်များနှင့်မိသားစုများ**

## ဦးစန်းတင်(ခ)ချိန်တင်

## အသက်(၆၉)နှစ်

ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့၊ ရွှေကုန်းရပ်ကွက်၊ မဟာသုခလမ်း၊ အမှတ်(၆၃၆)နေ (ဦးလူလေး–ဒေါ်ကျင်မွှာ)တို့၏ သား၊ (ဦးမြသောင်း–ဒေါ်တင်ရီ)တို့၏ သားသမက်၊ ဒေါ်တိုးတိုးရီ၏ ခင်ပွန်း၊ မငြိမ်းငြိမ်းစံ(ခေတ္တ–စင်ကာပူ)၊ မောင်ဟိန်းထက်ဇေ(ခေတ္တ–ကိုရီးယား)–မဇင်မာလင်း၊ မောင်အာကာဖြိုး(ခေတ္တ–ဂျပန်)တို့၏ ကျေးဇူးရှင်ဖခင်၊ မောင်ခန့်တေဇာထက်၏ အဘိုးသည် ၂၈–၇–၂၀၂၂ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၉–၇–၂၀၂၂ ရက်တွင် အနောက်ပိုင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးဘသန်း**

**(ဘသန်း ရွှေသန့်စင်လုပ်ငန်း)**

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့နေ (ဦးလှကြည်–ဒေါ်ရင်မေ)တို့၏သား၊ ဦးအောင်မောင်–ဒေါ်သိန်းရင်တို့၏ သားသမက်၊ ဒေါ်ခင်မာဝင်း၏ ချစ်လှစွာသော ခင်ပွန်း၊ ဉာဏ်ဝင်း–မနန်းချောထွေး၊ မသော်တာသန်း၊ ကိုဇော်ရဲဝင်းတို့၏ ကျေးဇူးရှင် ဖခင်၊ မနန်းယွန်းဆုမြတ်ထက်၏ ချစ်လှစွာသော အဘိုးသည် ၆–၈–၂၀၂၂ ရက် မွန်းလွဲ ၂:၃၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**မီးဘေးရှောင် မလောင်ခင်တား**

# ကြော်ငြာ

## မြို့မကျောင်းသား၊ ကျောင်းသူဟောင်းအသင်း
## ဦးစိန်အေး
## အသက်(၈၆)နှစ်
## မြို့မကျောင်းသားဟောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဒဂုဏ်သီရိလမ်း၊ အမှတ်(၃၆)၊ ပထမထပ်နေ ဒေါ်ခင်မြင့်၏ ခင်ပွန်းသည် ၁-၈-၂၀၂၂ ရက် နံနက် ၁:၀၅ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း မြို့မမိသားစုများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

## ရဟန်း၊ ကျောင်း၊ ဒါယကာကြီး
## ဦးစောကျော်ဆန်း(RASU)
(BSc,Physics)
## အသက်(၆၅)နှစ်

တွံတေးမြို့၊ ကျွန်းတော(၁)လမ်း၊ အမှတ်(၂)နေ(ဦးစောရွှေလှ-ဒေါ်ရင်ရင်)တို့၏ သား၊ မအူပင်မြို့နယ်၊ ရွှေသောင်မြေကျေးရွာနေ (ဖိုးတင်ဖေ-ဖွားရွှေစိန်)တို့၏ သားသမက်၊ (Dr.တင်ဝင်း)-ဒေါ်နန့်စန်းစန်းလှ[သူနာပြုဆရာမကြီး(ငြိမ်း)၊ အမှတ်(၁) ရေနံချက်စက်ရုံဆေးပေးခန်း)၊(သန်လျင်)] တို့၏ ညီ၊ မောင်၊ ဦးအောင်နိုင်ဦး-ဒေါ်စန်းစန်းတင့်[(ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)အထက(ကံဘဲ့)]၊ ဒေါ်စန်းစန်းမော်၊ ဒေါ်ယဉ်ယဉ်ရွှေ(ဒု/ဦးစီးမှူး(စီမံ)(တွံတေးမြို့နယ်၊ ပညာရေးမှူးရုံး)၊ နန့်မိုင်မိုင်ဝင်း(M/W)Staff ပြည်ကြီးတံခွန်ဒေသန္တရဆေးခန်း)၊ စဇင်မောင်မောင်တင်၊ ဒေါ်သဲစိမ့်စိမ့်ထက်[မူ/ပြ၊ အမက(အလယ်စု)]၊ ဒေါ်ထိန်ဝင့်ဝင့်လတ်[မူ/ပြ၊ အမက(အိုးဖိုအရှေ့)]တို့၏ ဘကြီး၊ (ဒေါ်နန့်ခင်စန်းရီ)[လ/ပြ၊ (ငြိမ်း)အထက(၁)(တွံတေး)]၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်နန့်ဆုဖြိုးဝေ(ခ)ဒေါ်နန့်ပန်းပွင့်ဖြူ [ထ/ပြ၊ အထက(ခွဲ)(သံကြိုးတိုင်)]၊ စသိန်းဖြိုးအောင်တို့၏ မွေးသဖခင်ကျေးဇူးရှင်သည် ၅-၈-၂၀၂၂ ရက် ညနေ ၅:၃၀ နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၂၂ ရက် မွန်းလွဲ ၁နာရီတွင် တွံတေးမြို့၊ အိုးဖိုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးဘသန်း
## (ဆူးလေစေတီတော်နာယကအဖွဲ့ဝင်)
## အသက် (၇၃) နှစ်

ဆူးလေစေတီတော်နာယကအဖွဲ့ဝင် ဦးဘသန်းသည် ၆-၈-၂၀၂၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နာယကအဖွဲ့နှင့် ဂေါပကအဖွဲ့ဝင်များ**
**ဆူးလေစေတီတော်**

## အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့နေ (ဦးလှကြည်-ဒေါ်ရင်မေ)တို့၏သား၊ ဦးအောင်မောင်း - ဒေါ်သိန်းရင်တို့၏ သားသမက်၊ ဒေါ်ခင်မာဝင်း (ခ)မစွဲ၏ချစ်လှစွာသောခင်ပွန်း၊ ကိုဉာဏ်ဝင်း-မနန်းချောထွေး၊ မသော်တာသန်း၊ ကိုရဲဇော်ဝင်းတို့၏ ဖခင်ကြီး၊ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ဂုဏ်ထူးဆောင်နာယက ဦးဘသန်း(ဘသန်း-ရွှေသန့်စင်လုပ်ငန်း) အသက် (၇၃)နှစ်သည် ၆-၈-၂၀၂၂ (သောကြာနေ့)မွန်းလွဲ ၂:၃၀နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးရွှေလုပ်ငန်းရှင်များအသင်း-YGEA**

## အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့နေ (ဦးလှကြည်-ဒေါ်ရင်မေ)တို့၏သား၊ ဦးအောင်မောင်း-ဒေါ်သိန်းရင်တို့၏သားသမက်၊ ဒေါ်ခင်မာဝင်း (ခ) မစွဲ၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဉာဏ်ဝင်း-မနန်းချောထွေး၊ မသော်တာသန်း၊ ကိုရဲဇော်ဝင်းတို့၏ ဖခင်ကြီး၊ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဘသန်း(ဘသန်း-ရွှေသန့်စင်လုပ်ငန်း) အသက်(၇၃)နှစ်သည် ၆-၈-၂၀၂၂ (သောကြာနေ့)မွန်းလွဲ ၂:၃၀နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းချုပ်**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်စိန်တင့်(မော်လမြိုင်)
## အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျိုက်လတ်လမ်း၊ အမှတ်(၈) လေးလွှာနေ (ဦးတင့်-ဒေါ်အေးခင်)တို့၏ သမီး၊ (ဦးမောင်မောင်ကြီး)၏ဇနီး၊ ဦးစိုးမြင့်-(ဒေါ်ခင်မြကြီး)၊ (ဦးကျော်ဝေ)-ဒေါ်ခင်စိန်ကြီး၊ (ဦးစိန်မောင်)-ဒေါ်အုန်းကြည်တို့၏ မိခင်၊ ဦးငွေဝင်းအောင်-ဒေါ်မျိုးဇာဇာလှိုင်၊ ဒေါ်ဥမ္မာမြင့်၊ ဦးမျိုးလွင်၊ ဦးမျိုးမင်း၊ ဒေါ်ဝေမာသွယ်၊ ဦးတင်ဝင်းအောင်-ဒေါ်မြမျိုးမြင့်နွယ်၊ ဒေါက်တာကျော်ဇင်သန့်တို့၏ အဘွား၊ မောင်ဇွဲပိုင်အောင်၊ မောင်ပြည့်စုံအောင်၊ မရွှေရည်ဖူးတို့၏ ချစ်လှစွာသော အဘွားသည် ၄-၈-၂၀၂၂ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၂၂ (ကြာသပတေးနေ့)တွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဝင်းမြင့်
## အသက်(၈၃)နှစ်
### TSC-ညွှန်ကြားရေးမှူး(ငြိမ်း)
### အထွေထွေမန်နေဂျာ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန(ငြိမ်း)

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ကျွန်းရွှေမြိုင်လမ်း၊ စုပေါင်းအမှတ်(၁၂၄/၁)နေ စက်ရှင်တရားသူကြီး (ဦးထွန်းမြင့်-ဒေါ်သိန်းမြ)တို့၏သား၊ အရေးပိုင်မင်း(ဦးထွန်းမြဦး-ဒေါ်သန်းရှင်) တို့၏သားသမက်၊ ဒေါ်ရွှေရွှေဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစိုးမင်းဝေ - ခင်သီတာဝင်း(USA)၊ ဦးရန်နိုင်ဝင်း-(ဒေါ်နန္ဒာအောင်)၊ ဒေါ်သဲသဲဦး၊ ဦးဝင်းမြတ်ထွန်း-ဒေါ်မေသက်ဝင်းတို့၏ ဖခင်ကြီး၊ Hillary S Miller-Shaun Miller(USA)၊ မအေးမြတ်ဖြူစင်၊ မစံရာထွန်း၊ မောင်ရှင်းသန့်၊ မိုးသီတာထွန်းတို့၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၆-၈-၂၀၂၂ရက် နံနက် ၆နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဘသိန်း
## [မြန်မာ့လေကြောင်းကော်ပိုရေးရှင်း(ငြိမ်း)]
## အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အမှတ်(၈၉)၊ အောင်မင်္ဂလာလမ်းနေ ဦးသိန်းမောင်၊ ဒေါ်ရီတို့၏သား၊ ဦးမြသိန်း၏ ညီ၊ ဦးမြင့်သန်း၊ ဦးသိန်းထွန်းတို့၏ အစ်ကို၊ ဒေါ်စန်းစန်း၏ ချစ်ခင်ပွန်း၊ မချိုချိုဦး၏ ဖခင် ဦးဘသိန်း [မြန်မာ့လေကြောင်းကော်ပိုရေးရှင်း(ငြိမ်း)]သည် ၆-၈-၂၀၂၂ (သောကြာနေ့) ည ၉:၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၈-၂၀၂၂ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးကြီး(ဟောင်း)စန်းပွင့်
## အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ တော်ဝင်လမ်း၊ အမှတ်(အေ-၃)နေ (ဦးလှဒင်-ဒေါ်ပြုံး) တို့၏သား၊ (ဒေါ်ဖြူဖြူ)၏ ခင်ပွန်း၊ ဒေါက်တာမေစန်းပွင့်၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီးသည် ၇-၈-၂၀၂၂(စနေနေ့) နံနက် ၁:၀၆နာရီတွင် (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း ဒါယကာကြီး
## ဦးထွန်းလင်း (ခ) Michael (၆၂)နှစ်
### Director FOCUS LOGISTICES MYANMAR Co.,Ltd
### Ex.Master Mariner CD-12 (I.M.T)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် (၁) သရက်တောလမ်းနေ (ဦးဘထွန်း)-ဒေါ်တင်တင်အေးတို့၏သားကြီး၊ ဒေါ်ချိုချိုကျော်၊ ဒေါ်ခိုင်ဇာဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်လဲ့လဲ့ထွန်း-ဦးငွေဝင်း (Buffalo, NY USA)၊ ဒေါ်စန္ဒာထွန်း၊ ဦးမင်းမော်ထွန်း-ဒေါ်နီလာတို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ မဇင်မေလင်း-Jeffreyson Liu၊ မအိသက်လင်း၊ မအိသဲလင်း၊ မအေးသင်းလင်း၊ မမေပညာထွန်းလင်းသာ၏ ချစ်လှစွာသောဖခင် ဦးထွန်းလင်း (ခ) Michaelသည် ၁-၈-၂၀၂၂ (တနင်္ဂနွေနေ့) နံနက်၁၀:၂၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂-၈-၂၀၂၂ (တနင်္လာနေ့)တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၇-၈-၂၀၂၂ (စနေနေ့)တွင် (သာသနာ့ဂုဏ်ရည်ကျောင်းတိုက်)၌ ရက်လည်ဆွမ်းကျွေးတရားတော်နာ ပြုလုပ်ပြီးဖြစ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ လမ်း ဒါယကာကြီး
## ဦးထွန်းမြင့်
## အသက်(၅၅)နှစ်
### အငယ်တန်းအင်ဂျင်နီယာ(၂)
### ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ဘုမ္မာ(၁၁)လမ်း၊ အမှတ်(၃၅၀)နေ ဒေါ်ဘော်ဘင်အောင်၏ ချစ်လှစွာသောခင်ပွန်း၊ ရဲမြင့်အောင်၊ မသံသာဇင်တို့၏ ချစ်လှစွာသော ဖခင်ကြီးသည် ၆-၈-၂၀၂၂ (သောကြာနေ့) နံနက် ၁၁:၃၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ ဒါယိကာမကြီး
## ဒေါ်ကြင်မစိမ်း(မြောင်းမြ)
## အသက်(၉၀)

မြောင်းမြမြို့(ကွယ်လွယ်) မြစန္ဒာရပ်ကွက်၊ အမှတ်(၂၄) နေ (ဦးမှန်သိန်း-ဒေါ်ကျင်ရွှေ)တို့၏ သမီးချွေးမ၊ မြောင်းမြမြို့ (တပင်ချောင်း)နေ (ဦးရှမ်းထော်-ဒေါ်ဆိတ်ခို)တို့၏ သမီးငယ်၊ မြောင်းမြမြို့(ကွယ်လွယ်)နေ (ဦးဝမ်ဗုတ်)၏ ချစ်လှစွာသောဇနီး၊ ရန်ကုန်မြို့နေ ဦးမောင်မောင်မြင့်-(ဒေါ်မြင့်မြင့်)၊ (ဦးစိုးသိန်း)-ဒေါ်မြိုင်မြိုင်၊ ဦးချစ်စမ်းမောင်-ဒေါ်ခင်မိုးမိုးစံတို့၏ ချစ်လှစွာသော မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၁ယောက်၊ မြစ်နှစ်ယောက်တို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၆-၈-၂၀၂၂ ရက် ည ၉:၁၅ နာရီတွင် ရန်ကုန်နေအိမ်၌ (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၂၂ ရက် နံနက် ၁၁:၂၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုး၊ မိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးငွေဝင်း
## အသက်(၈၆)နှစ်
### အထက(၁)ဒေါပုံ ကျောင်းဆရာ(ငြိမ်း)
### (ဘဏ္ဍာရေးမှူး)
### ချမ်းမြေ့ရိပ်သာကျောင်း၊ ရန်ကုန်မြို့

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ ယမုံနာလမ်း၊ အမှတ်(၁၂၆)နေ (ဦးဖြူမင်း-ဒေါ်ရွှေရည်)တို့၏ သား၊ (ဦးလှရွှေ-ဒေါ်ခင်လှ)တို့၏ သားသမက်၊ ဒေါ်တင်တင်၏ ခင်ပွန်းသည် ၄-၈-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၅:၃၀ နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အလှူ့ဒါယိကာမကြီး
## ဒေါ်ဝင်းမေ(မုံရွာမြို့)
## အသက်(၇၇)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ချမ်းမြသာစည်ရပ်နေ (ဦးဘရှင်-ဒေါ်ဖွားမြစ်)တို့၏ သမီးကြီး၊ မုံရွာမြို့နေ ဦးဝင်းအောင်(စွမ်းထက်အောင် သီးနှံပွဲရုံ၊ မုံရွာမြို့)-ဒေါ်ကြည်မွှေး၊ ရန်ကုန်မြို့နေ ဦးဝင်းငွေ (MD-Myanma Ocean Win Services Co.,Ltd)-ဒေါ်ယဉ်မော်အောင်(Director-Myanma Ocean Win Services Co.,Ltd)၊ မုံရွာမြို့နေ ဦးဝင်းတင်(အောင်မြင့်မြတ်သီးနှံပွဲရုံ၊ မုံရွာမြို့)-ဒေါ်ကြင်လှ၊ ဦးဝင်းခင်-ဒေါ်ခင်အုန်းမြင့်(မူလတန်းပြ-ငြိမ်း)၊ ဦးထွန်းဝေ(မွန်းစတားဆီစက်၊ မုံရွာမြို့)-ဒေါ်ဝင်းငွေး (အလယ်တန်းပြ-ငြိမ်း)၊ ဦးအောင်ကျော်စိုး(2/O)-ဒေါ်ဝင်းကြွယ်တို့၏ ချစ်လှစွာသော အစ်မကြီး၊ တူ၊ တူမ ၁၃ ယောက်တို့၏ အဒေါ်ကြီး၊ မြေးငါးယောက်တို့၏ ဘွားဘွားသည် ၇-၈-၂၀၂၂(စနေနေ့) နံနက် ၃:၁၅နာရီတွင် မုံရွာမြို့ပြည်သူ့ဆေးရုံကြီး၌ ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ယင်းနေ့တွင်ပင် မုံရွာမြို့ ဆားကျင်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ဝင်းဝင်းမြင့်
## အသက် (၆၇)နှစ်
### ဥက္ကဋ္ဌ(မင်္ဂလာတောင်ညွန့်မြို့နယ်သဘင်အစည်းအရုံး)
### အတွင်းရေးမှူး(ဟောင်း)(မင်္ဂလာတောင်ညွန့်မြို့နယ်
### မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း)

ရန်ကုန်မြို့၊ အမှတ် (၃၅၇)၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးခင်မောင်တင့်၏ ချစ်လှစွာသောဇနီး၊ ကိုဝင်းနိုင်-မမေခင်မောင်တင့်၊ ကိုဇော်ထွေး-မဇာခြည်ခင်မောင်တင့်၊ ကိုဇော်ဝင်း-မသဇင်ခင်မောင်တင့်၊ ကိုဗိုလ်ဗိုလ်ခင်မောင်တင့်၊ မဇာနည်ခင်မောင်တင့်၊ ကိုထိန်လင်းခင်မောင်တင့်၊ ကိုသော်တာခင်မောင်တင့်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မသိမ့်ဇာခြည်ထွေး၊ မောင်အေးချမ်းမောင်၊ မောင်အောင်ဟိန်းကျော်တို့၏ ဘွားဘွားကြီးသည် ၃-၈-၂၀၂၂ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၅-၈-၂၀၂၂ရက် ညနေ ၃:၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ကျောင်း၊ ရေကန်၊ အလှူဒါယိကာမကြီး**

### ဒေါ်မြနု

### အသက်(၉၆)နှစ်

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နေ [ဦးဘအောင်(ကျောင်းဆရာ-ငြိမ်း)]၏ဇနီး၊ ရဲမှူးချုပ် မြဝင်း-ဒေါ်ငွေအေးမူတို့၏မိခင် ဒေါ်မြနုသည် ၄-၈-၂၀၂၂(ဗုဒ္ဓဟူးနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်အနိစ္စ ရောက်သွားပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်အေးမိစံ

**မြန်မာ့မီးရထား(ငြိမ်း)**

### အသက်(၇၈)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်နေ(ဦးမောင်ခင်-ဒေါ်မြကြည်)တို့၏ သမီးကြီး၊ (ဦးအောင်မြင့်)၏ ဇနီး၊ ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၃)ရပ်ကွက်၊ သံသုမာလမ်းနေ ဒေါ်ညိုညိုခင်၊ ဒေါ်မြင့်မြင့်စန်း၊ ဦးသံလွင်ဦး-ဒေါ်ရီရီမြင့် (အကြီးတန်းသတင်းထောက်၊ မြန်မာ့သတင်းစဉ်)၊ ဦးမျိုးမင်းထွန်း၊ ဒေါ်တင်မိုးခိုင်တို့၏ မိခင်ကြီး၊ မောင်ဟိန်းအေးအောင်၊ မရီနန္ဒာဖြိုး၊ မောင်မျိုးပြည့်ဦးတို့၏ အဘွား ဒေါ်အေးမိစံသည် ၇-၈-၂၀၂၂ ရက် နံနက် ၃ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၈-၂၀၂၂ ရက်တွင် ဆရာတော်၊ သံဃာတော်များအား ရက်လည်ဆွမ်းကပ်လှူမည်ဖြစ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးအောင်မြိုင်

### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(တောင်)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၁၇၃-D)နေ ဒေါ်တင်တင်၏ ခင်ပွန်း၊ ဦးအောင်သွင်ဦး၊ ဦးအောင်ကျော်ဦးတို့၏ဖခင် ဦးအောင်မြိုင်သည် ၅-၈-၂၀၂၂ ရက် နံနက် ၉နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ရဟန်း ဒါယိကာမကြီး**

### ဒေါ်စန်းမြင့်(နိဗ္ဗာန်ရွာ)

### အသက်(၇၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ နိဗ္ဗာန်ရွာနေ (ဦးသန်းမောင်-ဒေါ်ကြွေ)တို့၏ သမီး၊ သနပ်ပင်မြို့နယ်၊ မိုးခိုင်ကြီးရွာနေ (ဦးထွန်းရ- ဒေါ်ဝိုင်း)တို့၏ သမီးချွေးမ၊ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ်(၁၄/ခ)နေ ဗိုလ်မှူးလှငွေ [ရပတ(ငြိမ်း)ညွှန်ကြားရေးမှူး(DWIR-ငြိမ်း)]၏ ဇနီး၊ မောင်ဇော်မင်းဦး-မအိအိနွယ်၊ မမူမူဆွေ၊ မောင်ရဲကျော်သူ-မသက်မြတ်နိုးသူ တို့၏ မွေးသမိခင်၊ မြေး လေးယောက်တို့၏ အဘွား ဒေါ်စန်းမြင့်သည် ၇-၈-၂၀၂၂ ရက် နံနက် ၉:၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ရဲမှူး ကျော်ဇေယျ(ငြိမ်း)

### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်နေ (ဦးတင်အုန်း-ဒေါ်အမာ)တို့၏သား၊ (ဦးကြည်ဝင်း-ဒေါ်တင်ချစ်) တို့၏ သားသမက်၊ ဒုရဲအုပ်ငွေးကိုကိုဇော်-ဒေါ်စမ်းရည်နန္ဒာ၊ ဦးဖွဲ့ဇေယျတို့၏ ချစ်လှစွာသော ဖခင်၊ အမရာကိုကို၏ အဘိုး၊ [ဒေါ်ခင်လေးရီ (ဒု-ညွှန်ကြားရေးမှူး၊ စက်မှု-၂)]၏ ချစ်လှစွာသော ခင်ပွန်း ရဲမှူးကျော်ဇေယျ(ငြိမ်း)သည် ၂၃-၇-၂၀၂၂ (သောကြာနေ့) နံနက် ၉:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ဦးကျော်ဇေယျအား ရည်စူး၍ ကျန်ရစ်သူမိသားစုမှ ပြုလုပ်သော ကုသိုလ်ကောင်းမှု အစုစုတို့အား နတ်လူသာဓု ခေါ်နိုင်စေရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဒေါ်တင်တင်သန်း(ခ)တူးမာ

### အသက်(၅၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၅)ရပ်ကွက်၊ ဘိုးရာဇာလမ်း၊ အမှတ်(၃၂/က)နေ (ဦးမောင်ထွန်း)-ဒေါ်နန်းမြိုင်ခင်(ခ)အဖွားမိုးတို့၏ သမီး၊ [ဦးဇေယျာမိုးကျော် (မန်နေဂျာ-9 MILE HOTEL)]၏ ဇနီး၊ မောင်ကျော်ဇေယျာဟန်၊ မောင်ဖွဲ့ထက်နောင်၊ မောင်အောင်ကောင်းခန့်(ခ)ဂူးဂူးတို့၏ ချစ်လှစွာသော မိခင် ဒေါ်တင်တင်သန်း(ခ)တူးမာသည် ၆-၈-၂၀၂၂ (သောကြာနေ့) ညနေ ၄:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဒုတိယဗိုလ်မှူးကြီးကျော်ငြိမ်း(ငြိမ်း)

**ကြည်း/၆၅၇၈**

**ဗိုလ်လောင်းအမှတ်စဉ်(၉)**

### အသက်(၉၂)နှစ်

ကလေးမြို့နေ(ဦးကြီးမောင်-ဒေါ်အေးတင်)တို့၏သား၊ (ဦးအောင်ဇံ-ဒေါ်ညိုမိ)တို့၏ သားသမက်၊ (ဒေါ်လှမြိုင်)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးအောင်ကျော်ခိုင်-ဒေါ်ကြူကြူငြိမ်း၊ [ဗိုလ်မှူးစိုးငြိမ်း-(ငြိမ်း)]-ဒေါ်ခင်ဆွေရီ၊ (ဦးထင်အောင်ငြိမ်း)-ဒေါ်တာတာအေး၊ ဗိုလ်မှူးသော်တာငြိမ်း(ငြိမ်း)-(ဒေါ်ဒေါ်လီကိုကို)၊(ဗိုလ်မှူးဇော်တင်စိန်)-ဒေါ်လှသဇင်ငြိမ်းတို့၏ ကျေးဇူးရှင် ဖခင်ကြီး၊ အဏ္ဏဝါကျော်ခိုင်၊ အာကာကျော်ခိုင်၊ ဆုမြတ်အောင်၊ ဖွန်လေးနွယ်၊ သဲသဲနု (ခ) သဲနုဇော်၊ ဗိုလ်ကြီးကောင်းစည်သူ၊ မို့မို့ကြူခိုင်၊ သစ္စာစိုး၊ အောင်ခန့်ပိုင်၊ ခွာညိုစိုး၊ ဝင်းပပတို့၏ အဘိုး၊ မြစ် ခြောက်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၆-၈-၂၀၂၂ (သောကြာနေ့) နံနက် ၁၀:၁၅ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကလေးမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ကလေးမြို့ ဒိုးဝင်းချောင်းသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဦးအောင်စိုး ဒု/အရာခံဗိုလ်(ငြိမ်း)

**အမှတ်(၄)ပညာရေးကျောင်း**

### အသက်(၈၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာအုပ်စု၊ ကိုးလုံးကွင်းကျေးရွာ၊ မာလကာကုန်းပိုင်းနေ ဦးအောင်သင်း၊ (၃)လမ်း၊ အမှတ်(၁၇၈)နေ (ဒေါ်ခင်စိုးကြည်)၊ (ဒေါ်ခင်စိုးရီ)၊ ဦးအောင်သိုက်(ဒု/ညွှန်မှူး-ငြိမ်း)-ဒေါ်ခင်မေကြည်၊ ဦးပဋ္ဌင်းဦးသာသန၏ ခမည်းတော်၊ အရာခံဗိုလ်ကျော်တင့်-ဒုရဲမှူးကြီးကေသီထွန်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ဦးနွယ်ဦး-ဒေါ်နန္ဒာကေသီ၊ ဦးဖွဲ့ထက်အောင်-ဒေါ်ဆွေလဲ့ဦး၊ မောင်သက်ထွန်းအောင်တို့၏ အဘိုး၊ (ဒေါ်ကြည်ကြည်)၏ ခင်ပွန်း ဦးအောင်စိုးသည် ၆-၈-၂၀၂၂ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီးမှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၂၂ (ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်းဒါယိကာမကြီး**

### ဒေါ်ခင်သန်းဦး(ခ)မာဂရက်ချန်ထွန်း

**(သဒ္ဓမရံသီရိပ်သာယောဂီ)**

**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**

**ရှေ့နေချုပ်ရုံး**

### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ အမှတ်(၄၄၅-အေ)၊ ပထမထပ်၊ ကုန်သည်လမ်း၊ ဗိုလ်တထောင်မြို့နယ်နေ [ဦးချန်ထွန်း(အငြိမ်းစား အပါးတော်မြဲဝန်ထောက်၊ ရှေ့နေချုပ်ရုံး)-ဒေါ်သန်းညွန့်]တို့၏သမီးကြီး၊ [ဦးသာညွန့်(အငြိမ်းစား တိုင်းဥပဒေအရာရှိ)]၏ ချစ်လှစွာသောဇနီး၊ ဦးစိုးမြင့်ထွန်း(ရဲမှူးချုပ်-ငြိမ်း)-ဒေါ်မျိုးသွယ်(ကထိက-ငြိမ်း)၊ ဒေါ်တင်တင်ထွန်း(ဦးစီးအရာရှိ၊ တရားရုံးချုပ်-ငြိမ်း)၊ ဦးထွန်းသိန်း-ဒေါ်ရွှေခင်၊ ဦးကျော်ဝင်း(ဒုအင်ဂျင်နီယာချုပ်၊ ဆာသရ-ငြိမ်း) - ဒေါ်အေးယဉ်သန်းတို့၏ ချစ်လှစွာသော အစ်မကြီး၊ ဦးလင်းထွဋ်- ဒေါ်မေမျိုးအောင်၊ ဦးမောင်မောင်သိန်းထိုက်-ဒေါ်နှင်းသီတာ ဖြိုး၊ (ဗိုလ်ပြည့်စုံစိုး)၊ ဦးချမ်းငြိမ်းကျော်၊ ဦးခင်မောင်ထွေး-ဒေါ်မေသူအောင်၊ (မအေးမြဝင်း)၊ ဗိုလ်မှူးဖြိုးဝေအောင်-ဒေါ်ဇာလီဝင်း၊ ဦးကျော်စည်ဟိန်း-ဒေါ်အေးချစ်ချစ်ကျော်၊ မသင်ဇာဝင့်ကျော်(ရုပ်ရှင်သရုပ်ဆောင်)၊ ကိုညီဆက်ကျော်-မခင်ချိုသွယ်တို့၏ ချစ်လှစွာသောကြီးကြီး၊ မမေသက်ခိုင်၊ မောင်လင်းဇေယျာမောင်၊ မသွန်းဆက်ဝတီ၊ မောင်ဟိန်းဆောင်းရိန်းတေး၊ မသာဆက်ဝတီ၊ မဆုပီတိဦးတို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၃-၈-၂၀၂၂ ရက် ညနေ ၆ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသောကြောင့် ၄-၈-၂၀၂၂ ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ခင်ဝင်းဆွေ

**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှု(၂) ဝန်ကြီးဌာန**

### အသက်(၇၃)နှစ်

တောင်ငူမြို့နေ (ဦးညို-ဒေါ်စောရင်)တို့၏ သမီး၊ (ဦးညွန့်မောင်-ဒေါ်သန်းရှင်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံဆိပ်ကမ်း၊ (၁၁)လမ်း(စီဘလောက်)၊ အခန်း(၂၀၂)၊ တိုက် (၃၆)နေ (ဦးတင်ကို)၏ ချစ်လှစွာသောဇနီး၊ ဒေါ်ညွန့်ညွန့်ခင်၊ [ဒုတိယဗိုလ်မှူးကြီးခင်မောင်ဆွေ(ငြိမ်း)-ဒေါ်ခင်ခင်ဦ] တို့၏ ညီမ၊ ဒေါ်အေးသွဲ့အောင်(Melia Hotel)၊ (မောင်ကောင်းထက်ကို)တို့၏ ချစ်လှစွာသော မိခင်ကြီး၊ တူ/တူမ ငါးယောက်တို့၏ အဒေါ်သည် ၆-၈-၂၀၂၂(သောကြာနေ့) နံနက် ၁၀:၁၅ နာရီတွင် သဃင်္န်းကျွန်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ကမ္ဘာ့ အပူချိန် လျော့ချဖို့ အိုဇုန်းလွှာ ကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့**

---

**ဘုရား၊ ကျောင်း၊ ရဟန်း ဒါယကာကြီး**

### ဒုတိယဗိုလ်မှူးကြီး သန်းငွေ(ငြိမ်း)

**ကြည်း- ၉၇၂၄၊ OTS-29**

### အသက်(၈၄)နှစ်

မြိတ်မြို့နေ(ဦးရဖေ-ဒေါ်မြမေ)တို့၏ သားငယ်၊ (ဦးခင်မောင်ဝင်း- ဒေါ်ခင်စိန်)တို့၏ သားသမက်၊ (ဒုတိယဗိုလ်မှူးကြီးတင်အောင်-ဒေါ်ရင်ရင်ထွန်း)၊ (ဦးစိုးလွင်-ဒေါ်တင်ဦး)တို့၏ ညီမောင်၊ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၂၄)၊ သူငွေးကုန်းလမ်း ကရင်အမျိုးသားရပ်ကွက်နေ ဒေါ်ခင်စောဝင်း(မြန်မာ့လေကြောင်း-ငြိမ်း)၏ ချစ်လှစွာသော အနန္တကျေးဇူးရှင် ခင်ပွန်း၊ ဦးသီဟငွေး-ဒေါ်သန်းသန်းဝင်း၊ ဒုတိယဗိုလ်မှူးကြီး ဇော်သူအောင်-ဒေါ်ချောစုလှိုင်တို့၏ အနန္တကျေးဇူးရှင် ဖခင်ကြီး၊ မြေးလေးယောက်တို့၏ အဘိုးဖြစ်သူ ဘုရား၊ ကျောင်း၊ ရဟန်း ဒါယကာကြီး ဒုတိယဗိုလ်မှူးကြီး သန်းငွေ(ငြိမ်း)(ကြည်း-၉၇၂၄၊ OTS-29)သည် ၇-၈-၂၀၂၂ ရက် နံနက် ၁၁ : ၅၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် မင်္ဂလာဒုံစစ်သင်္ချိုင်း၌ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

### ဦးထွန်းနိုင်ကို

### ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)၊ စတသ(၂၇)

### အသက်(၅၈)နှစ်

ရှမ်းပြည်နယ်၊ ပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (လားရှိုး)၊ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးထွန်းနိုင်ကိုသည် ၇-၈-၂၀၂၂ ရက်(စနေနေ့)ညနေ ၃:၂၅ နာရီတွင် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်ရှိ အထူးကုဆေးရုံကြီး(ဝေဘာဂီ)၌ ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်၊ အပတ်စဉ်(၂၇)မှ သူငယ်ချင်းများနှင့် မိသားစုများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးထွန်းနိုင်ကို

### အသက်(၅၈)နှစ်

ရှမ်းပြည်နယ်၊ ပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (လားရှိုး)၊ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးထွန်းနိုင်ကိုသည် ၇-၈-၂၀၂၂ ရက် (စနေနေ့) ညနေ ၃:၂၅ နာရီတွင် ဝေဘာဂီဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြင့်သန်း-ဒေါ်မိမိအုန်းမိသားစု**

**ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးထွန်းနိုင်ကို

### အသက်(၅၈)နှစ်

ရှမ်းပြည်နယ်၊ ပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (လားရှိုး)၊ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးထွန်းနိုင်ကိုသည် ၇-၈-၂၀၂၂ ရက် (စနေနေ့) ညနေ ၃:၂၅ နာရီတွင် ဝေဘာဂီဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

## ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး

## ဒေါ်အုန်းဟန်(ခ)ဒေါ်သွဲ့

## အသက်(၇၀)

ရန်ကုန်မြို့နေ (ဦးအောင်စံအေး - ဒေါ်ခင်လှ)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးလှဖေ)-ဒေါ်ကျော့စိန်တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာလမ်း၊ အမှတ်(၄၂)နေ ဦးတင်ဦး၏ ဇနီး၊ ဒေါ်သင်းသင်းဦး (ခ)ဒေါ်သရဖီဦး၊ ဗိုလ်မှူးကျော်လင်း(ငြိမ်း)-ဒေါ်ကေသွယ်အောင်(လက်ထောက်ညွှန်ကြားရေးမှူး)၊ မကျော့ကျော့ခိုင်(ခ)မကျော့ကျော့တို့၏ ချစ်လှစွာသောမိခင်ကြီးသည် ၇-၈-၂၀၂၂(စနေနေ့) နံနက် ၉:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ကြေးမုံ ယနေ့ ဖတ်စရာ

**ပေါင်းစည်းညီညွတ် မိတ်ဝတ်ရင်းခံ အာဆီယံ**

စာမျက်နှာ » ၆

**အခြေခံပညာကျောင်းများအား ရက်သတ္တ(၁)ပတ် ဆက်လက်၍ ယာယီပိတ်ထားမည်ဖြစ်ကြောင်း အသိပေးကြေညာ**

စာမျက်နှာ » ၉

**ရဲစခန်းအသီးသီးတွင် ရေးဖွင့်ထားသည့်အမှုများကို ဥပဒေနှင့်အညီ ပိတ်သိမ်းခြင်း၊ရုပ်သိမ်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာချက်အပေါ် ယုံကြည်စွာဖြင့် ဆက်သွယ်လာသူများ၏ အမှုများအတွက် ဥပဒေနှင့်အညီ ပိတ်သိမ်းပေးလျက်ရှိ**

စာမျက်နှာ » ၁၄

**လူ့ဘဝကို ပျော်ရွှင်စွာဖြတ်သန်းနိုင်ဖို့ နှလုံးသားကို ဖြူစင်အောင်ထားပါ**

စာမျက်နှာ » ၂၄

## ဩဂုတ်လ ၉ ရက်နေ့မှ ၁၅ ရက်နေ့အထိအား အများပြည်သူအလုပ်ပိတ်ရက်အဖြစ် တိုးမြှင့်သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်ကြော်ငြာစာအမှတ် ၂၂၄ / ၂၀၂၁
၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၅ ရက်
( ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၇ ရက် )

**ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ပိုမိုထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် အများပြည်သူအလုပ်ပိတ်ရက် တိုးမြှင့်သတ်မှတ်ခြင်း**

အများပြည်သူအလုပ်ပိတ်ရက်အတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လိုက်နာနေထိုင်ခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကွင်းဆက်ကို ဖြတ်တောက်နိုင်ရန် တစ်ဆက်တစ်စပ်တည်း အများပြည်သူအလုပ်ပိတ်ရက်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက သုံးကြိမ်သတ်မှတ်ပေးခဲ့ပြီးဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ဆက်လက်ထိန်းချုပ်ပြီး ပုံမှန်အခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိနိုင်ရေးအတွက် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့မှ ၁၅ ရက်နေ့အထိအား(ထူးခြားသည့်အခြေအနေအရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ယင်း၏ လက်အောက်ခံ အစိုးရဘဏ်၊ ပုဂ္ဂလိကဘဏ်များမှအပ) တစ်ဆက်တစ်စပ်တည်း အများပြည်သူ အလုပ်ပိတ်ရက်အဖြစ် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေ ပုဒ်မ ၂၅ အရ တိုးမြှင့်သတ်မှတ်ကြေညာလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး



## မြဝတီ အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် မြန်မာနိုင်ငံသား ၂၀၃ ဦး ဆက်လက်ဝင်ရောက်

မြဝတီ ဩဂုတ် ၇

ထိုင်းနိုင်ငံတွင် ရောက်ရှိနေပြီး နေရပ်ပြန်လိုသည့် မြန်မာနိုင်ငံသားများအား မြဝတီမြို့ မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြန်လည်ကြိုဆို လက်ခံခြင်းကို ဩဂုတ် ၁ ရက်မှ စတင်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ၂၀၃ ဦး ဆက်လက်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❖

## ဘရာဇီးအသင်းက စပိန်အသင်းကို အနိုင်ရပြီး အိုလံပစ်အမျိုးသားဘောလုံး ရွှေတံဆိပ်ဆုဆွတ်ခူး

ဘရာဇီးအသင်းနဲ့ စပိန်အသင်းတို့ ယနေ့ညပိုင်းမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ အိုလံပစ်အမျိုးသားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ ဘရာဇီးအသင်းက စပိန်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိပြီး အိုလံပစ်ရွှေတံဆိပ်ဆုကို ရယူဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ဘရာဇီးအသင်းဟာ ပွဲကစားချိန် ၃၈ မိနစ်မှာ ရရှိခဲ့တဲ့ ပင်နယ်တီသွင်းဂိုးကို ရစ်ချာလီဆန်က ဂိုးအဖြစ်မပြောင်းလဲနိုင်ခဲ့ပေမယ့် ပွဲကစားချိန် ၄၅ မိနစ်မှာ ဒါကွန်ဟာရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင် ရရှိခဲ့ပါတယ်။ ဒါပေမဲ့ ပွဲကစားချိန် ၆၁ မိနစ်မှာ အိုယာဇာဘယ်က

စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ❍

## အထူးကဏ္ဍအချပ်ပို ၈ မျက်နှာပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်ပျိုးခင်း အထူးကဏ္ဍ အချပ်ပို ၄ မျက်နှာနှင့် လေ့လာစရာ အင်္ဂလိပ်စာ အထူးကဏ္ဍ အချပ်ပို ၄ မျက်နှာ စုစုပေါင်း အချပ်ပို ၈ မျက်နှာ ဖော်ပြပါရှိပါသည်။

ကြေးမုံ
အထူးဂျာနယ်
ဩဂုတ် ၈၊ ၂၀၂၁
(တနင်္ဂနွေနေ့)

## ဝတ္ထုတို

### ငြိမ်းချမ်းအောင် (နတ်တလင်း)

**အခန်း(၁)**

ကိုဝင်းဇော်တစ်ယောက် ဖိုတိုင်စီထားသောအုတ်ပုံကြီးကိုကြည့်ပြီး ငိုင်နေသည်။ ခပ်လှမ်းလှမ်းမှ မီးခိုးအူထွက်နေသည့် အုတ်ဖိုကြီးရဲ့အပူရှိန်က ရင်ဝကိုလာဟပ်နေသလိုလည်း ခံစားနေရသည်။ သည်အုတ်ကွင်းထဲမှာ သူအလုပ်လုပ်လာတာ အိမ်ထောင်မကျသေးခင်အချိန်ကတည်းကပဲ။ ခုအိမ်ထောင်ကျပြီးလို့ ကလေးတစ်ယောက်ရပြီးချိန်ထိ သည်ကွင်းထဲက မထွက်ရသေး။ မပြည့်စုံသော သူတို့အဖို့ ဘဝပေးအနေအထားသည် ကြမ်းတမ်းလေ၏။ အုတ်ကွင်းထဲမှာ တဲထိုးနေရပြီး မိုးရာသီမရောက်မချင်း အုတ်ရိုက်ရလေသည်။

"ပန်းပဲဆရာ ဓားကောင်းမသုံးရတဲ့ နင်ကြားဖူးလား မတင်ထွေး"ဟု ဘေးမှာထိုင်နေသော မိန်းမဖြစ်သူကို မေးလိုက်သည်။

အုတ်လုပ်ငန်းကို ကျွမ်းကျင်နိုင်နင်းသော်လည်း အုတ်ခဲတစ်ချပ်မှ မပိုင်သေး။ သူတို့ဘဝသည် အလုပ်သမားအဆင့်မျှသာ။ လူချမ်းသာများက သူတို့ရိုက်ထုတ်လိုက်သော အုတ်ချပ်များဖြင့် အိမ်ဆောက်ကာ အနေထိုင်မြင့်သလောက် ကိုဝင်းဇော်တို့ အလုပ်သမားတွေရဲ့ဘဝသည် နိမ့်ကျခဲ့သည် မဟုတ်လား။ ရွာနှင့် တစ်မိုင်ခန့်ဝေးသော အုတ်ကွင်းထဲတွင် တဲငယ်လေးထိုးကာနေရ၏။ ကိုယ်ပိုင်အိမ်ခြံမြေဟူ၍ ဘာတစ်ခုမှမပိုင်သေး။ အုတ်လုပ်ငန်းရှင်သူဌေးအတွက် မြေတူးကာ အုတ်ရိုက်ပေးရင်းနှင့် ကိုဝင်းဇော်တို့ဘဝသည် ရွံ့သာပေကျံကာ ခုထိ လူမွဲးတောင်မပြောင်သေးချေ။

**အခန်း(၂)**

အုတ်လုပ်ငန်းကို ကိုဝင်းဇော် လုပ်ကိုင်လာခဲ့သည်မှာ မွေးကတည်းကလို့ ဆိုရမလောက်။ ကလေးဘဝအချိန်ကတည်းက သည်အုတ်ကွင်းထဲသို့ မိဘများနှင့်အတူ ခြေချခဲ့သည်။ တောက်တိုမည်ရကူညီလုပ်ကိုင်ပေးရင်းနှင့် တံငါနားနီးတံငါ မုဆိုးနားနီးမုဆိုး ဆိုသလိုဖြစ်ခဲ့၏။

အုတ်ခဲတစ်ချပ်ဖြစ်ဖို့ကလည်း မလွယ်ကူ။ အရင်ဆုံး မြေတူးမြေဖန်နှင့် ပင်ပန်းလှသောအလုပ်တစ်ခု။ နောက်မှ ပုံစံခွက်နှင့်ရိုက်ကာ နေလှန်းရလေသည်။ အုတ်ခဲခြောက်သွားသော်လည်း အလုပ်မပြီးသေး။ ဖိုတိုင်စီဖွဲ့ထည့် မီးရှို့ရသေး၏။ ဒါကြောင့်လည်း အုတ်ဖိုတွေကို ရွာနှင့်အနီးအနားမှာမလုပ်ကြ။ ဖွဲ့ညှော်နံ့ကြောင့် ပတ်ဝန်းကျင်ထိခိုက်မှာ စိုးရိမ်ရသေးသည်။ ကိုဝင်းဇော်တို့ မိသားစု အုတ်ကွင်းထဲရောက်စက အလုပ်သမားသိပ်မရှိသေးချေ။ နောက်မှသာ လူသစ်တွေ ထပ်ရောက်လာခဲ့ပြီး တဲအိမ်လေးတွေများလာခဲ့သည်။ သည်အထဲတွင် မတင်ထွေးတို့မိသားစုလည်းပါခဲ့၏။ ကိုဝင်းဇော်အဖို့ နဖူးစာရွာမလည်ဘဲ အုတ်လုပ်ဖို့ မြေနယ်ရင်းဖြင့် မတင်ထွေးနှင့် ဆုံခဲ့ရသည်။

"တော် ဘာတွေတွေးနေတာလဲ" ဟူသော မတင်ထွေးရဲ့အသံကြောင့် ကိုဝင်းဇော်တစ်ယောက် အတွေးစရပ်သွားသည်။ နောက်မှ သတိဝင်ကာ ရယ်ကျဲကျဲနှင့်..


"လေထဲမှာ အုတ်ခဲတွေနဲ့တိုက်အိမ်ဆောက်နေတာပါ မိန်းမရာ"

"စိတ်ကူးယဉ်မနေစမ်းပါနဲ့ တော်ရေ၊ အိုးထဲမှာဆန်မရှိတော့ဘူး ဦးမောင်ခင်ဆီသွားပြီး နောက်ဖိုအတွက် ကြိုထုတ်ခဲ့" ဟု မတင်ထွေးကပြောပြီး ကလေးနို့ဆက်တိုက်နေသည်။ ကိုဝင်းဇော်တစ်ယောက် နောက်ဖိုအတွက် ကြိုထုတ်ဖို့ အလုပ်ရှင် ဦးမောင်ခင်ရှိရာ ရွာဘက်သို့ လေးကန်သော ခြေလှမ်းများဖြင့် လျှောက်လာခဲ့သည်။

တဲနားနီးချင်း ကိုမောင်စိန်တို့နီးချင်းနေထိုင်သူ ကိုမောင်စိန်က လှမ်းခေါ်သည်။

"ခဏနေလာခဲ့မယ် ကိုမောင်စိန်ရေ ဒါလေး လက်စသတ်လိုက်ဦးမယ်" ဟု ကိုဝင်းဇော်ပြောပြီး ပေါက်ပြားကို မြှောက်ပြလိုက်သည်။

အုတ်ရိုက်ချိန်တွင် လူသုံးယောက်ရှိမှ အလုပ်ဖြစ်သော်လည်း ကိုဝင်းဇော်က လင်မယားနှစ်ယောက်တည်းသာ နိုင်အောင်လုပ်ကြသည်။ ကိုဝင်းဇော် အုတ်ရိုက်နေချိန်တွင် မိန်းမဖြစ်သူ မတင်ထွေးက မြေလုံးလုံးပေး၏။ မြေလုံးတွေ များလာချိန်မှ ထားခဲ့ပြီး ကိုဝင်းဇော်ရိုက်ပြီးသားအုတ်ခဲတွေကို တွန်းလှည်းပေါ်တင်ကာ နေလှန်းရသည်။




မိသားစုကလည်း ဘဝတူတွေပင်။ ဝမ်းရေးအတွက် မဖြစ်မနေ လုပ်နေရသော်လည်း ကိုဝင်းဇော် အုတ်လုပ်ငန်းကို စိတ်ကုန်လှပြီ။ ပင်ပန်းတာနှင့် မကာမိလောက်အောင် ရသည့်ငွေက နည်းလွန်းလှသည်။ ဒါတောင်မှ ဈေးပိုတောင်းမိလျှင် ဖိုသူဌေး ဦးမောင်ခင်က မကြိုက်။

"ငါလည်းသူများတွေပေးတဲ့ ဈေးအတိုင်းပဲပေးတာပါ ဝင်းဇော်ရာ"ဟု အစချီကာ အပြစ်တင်သလိုပြောတတ်သည်။ ဒါကို ကိုဝင်းဇော် သဘောမကျ။ အလုပ်ရှင်နှင့် အလုပ်သမားမို့သာ ပြန်မပြောဘဲနေခဲ့သည်။ လတ်တလော အုတ်ကွင်းထဲက ထွက်ခဲ့လျှင် မိသားစုစားဝတ်နေရေးအတွက် အဆင်ပြေဖို့မလွယ်။ ဒါတွေကိုလည်း ထည့်တွက်ရသည်။ ဦးမောင်ခင်လှမ်းပေးသောပိုက်ဆံကို အိတ်ထဲထည့်ကာ နှုတ်မဆက်တော့ဘဲ ထွက်လာခဲ့သည်။

**အခန်း( ၃)**

"ဝင်းဇော်ရေ နားပါဦးဟ၊ အလုပ်က ဘယ်မှထွက်မပြေးပါဘူး၊ လာ ရေနွေးလာသောက်ဦး အကြော်သုပ်နဲ့" တဲနားနီးချင်းနေထိုင်သူ ကိုမောင်စိန်က

"နှစ်ယောက်တည်းရိုက်ရတာ ရှင်က ပိုပင်ပန်းပါတယ်၊ တခြားတစ်ယောက်လောက်အဖော်ရှာကြည့်ပါလား"

"နှစ်ယောက်တည်းလုပ်ရလည်း ဘာဖြစ်လဲမိန်းမရာ၊ကိုယ့်မိသားစုအတွက်မို့ ပင်ပန်းတယ်မထင်ပါဘူး။ တခြားသူကိုခေါ်ရင် ပိုက်ဆံကခွဲယူနေရဦးမယ်၊ ဒီတိုင်းပဲ ပြီးသလောက်လုပ်တာပေါ့" ဟု ပြောသည်။

မြေချ မြေဖန်ပြီးတော့ ကိုမောင်စိန်တို့ တဲရှိရာသို့ လျှောက်လာခဲ့သည်။ ကိုမောင်စိန်က သည်အုတ်ကွင်းထဲသို့ ရောက်လာချိန် ကိုဝင်းဇော်ထက်နောက်ကျသည်။ ပါလာသည့် မိသားစုအင်အားကလည်းမသေးလှ။ ကလေးကြီးငယ် အစုံအလင်နှင့်။

"ဟဲ့ ကလေးတွေ အရမ်းမဆော့နဲ့ တွင်းထဲပြုတ်ကျနေမယ်"ဟု ကိုမောင်စိန်ရဲ့ မိန်းမဖြစ်သူ မလှကြည်က လှမ်းအော်သည်။ ဖွဲပုံပေါ်ပြေးတက်လိုက် သဲပုံပေါ်ရောက်လိုက်နှင့် ပြေးလွှား ဆော့နေကြတာ ကစားကွင်းထဲရောက်နေသလို။

"ကိုဝင်းဇော် လာဗျာ ဒီမှာထိုင်" ဟု ကိုမောင်စိန်က ခေါ်သည်။ ရေနွေးကြမ်းတစ်ခွက်ငှဲ့ကာ အမြည်းပန်းကန်ကိုလည်း ရှေ့နားဆီတိုးပေး၏။ ပြီးမှ..

"ခင်ဗျား ဖိုထုတ်သွားတာ အဆင်ပြေလား"ဟု မေးသည်။ ကိုဝင်းဇော်လည်း ရေနွေးကြမ်းခွက်ကို လက်မှအသာချပြီး "ပိုက်ဆံကရပါတယ် ကိုမောင်စိန်ရာ လုပ်အားခ တိုးမပေးသေးတာပဲခက်တာ" ဟု ညည်းညူကာပြောလိုက်သည်။ ကိုမောင်စိန်တစ်ယောက် ဘာမှဆက်မမေးတော့ဘဲ ဆေးလိပ်သာမဲဖွာနေစဉ် မိန်းမဖြစ်သူ မလှကြည်က

"လုပ်အားခတိုးပေးရင် ကျုပ်တို့တိုက်အိမ်ဆောက် နေနိုင်မှာစိုးလို့တော်ရေ၊ ဒါကြောင့် မတိုးပေးတာ"ဟု ခနဲ့တဲ့တဲ့နှင့်ဝင်ပြောသည်။ ဒါကတော့ ဟုတ်သည်၊ အုတ်ရိုက်သမားတိုင်းက ကိုယ်ရိုက်ခဲ့သည့် အုတ်နှင့်အိမ်ဆောက်နိုင်ဖို့ စိတ်ကူးရှိကြသည်။

"ဒီည ကြွက်ထိုးသွားမလို့ ကိုဝင်းဇော် လိုက်မလား" ကိုမောင်စိန်က မေးလိုက်သည်။

"လိုက်တော့ လိုက်ချင်တယ် ဒါပေမဲ့ ကျွန်တော့်မှာ ကြွက်ထိုးစူးတော့ မရှိဘူးဗျ"

"မရှိလည်း ရပါတယ်ဗျာ၊ အဖော်အဖြစ်သာလိုက်ခဲ့ပါ၊ ရတာခွဲယူတာပေါ့ ခုရက်ထဲ ဟင်းနဲ့မစားရတာကြာပြီ၊ နေ့တိုင်း ငါးပိရည်နဲ့ပဲ နှစ်ပါးသွားနေရတာ"ဟု ကိုမောင်စိန်က ပြောသည်။

"အေးဗျာ ဒါဆိုလည်း သွားတာပေါ့"

**အခန်း ( ၄)**

စပါးရိတ်ပြီးချိန်မို့ ရိုးပြတ်ငုတ်တွေက ထိုးထိုးထောင်ထောင်။ ရိုးပြတ်တွေရဲ့ကြား လယ်ကွက်တွေက ဒီအချိန်ဆို ဆူဖြိုးလှသည်။ တစ်ကောင်ဆိုဆိုသလောက်ကို အချိန်စီးလှ၏။ ကိုမောင်စိန်ရဲ့နောက်က ကြွက်ထည့်သော အိတ်ကိုင်ရင်း မိန်းမဖြစ်သူ မတင်ထွေးရဲ့ မှာလိုက်သောစကားကို ကိုဝင်းဇော် သတိရမိ၏။ "လယ်ထဲရောက်ရင် ခြေလှမ်းတွေကိုသတိထား တော်ရေ၊ ဒီအချိန်က အမြီးရှည်ကောင်တွေပေါတယ်"ဟု ပြောသည်။ စိတ်မချသော မိန်းမဖြစ်သူရဲ့ စကားကြောင့်လည်း ကိုဝင်းဇော် ပို၍ဂရုစိုက်သွားရသည်။

"ဒီမှာ တစ်ကောင်ကောက်ဦး ကိုဝင်းဇော်" ကိုမောင်စိန်ရဲ့ စူးချက်ကြောင့် အသက်ပျောက်နေသော လယ်ကြွက်ကြီးက သွေးစက်စက်နှင့်။ အိတ်ထဲအမြန်ကောက်ထည့်ပြီး ကိုမောင်စိန်ကို မီအောင်လိုက်ရသည်။ ကြွက်ထည့်သောအိတ်က တစ်ဖက် ဓာတ်မီးတစ်ဖက်နှင့် ကိုမောင်စိန်နောက်က ခလုတ်မတိုက်မိအောင် မနည်းကြည့်လျှောက်နေရသည်။

"ကြွက်တွေတော့ မနည်းရနေပြီ ကိုမောင်စိန် ပြန်ကြမလား" ကိုဝင်းဇော်၏ အမေးကို မဖြေအားသေးဘဲ မီးကို လယ်တစ်ပတ်လည် ဝှေ့လိုက်ရင်း ကိုမောင်စိန်က "ခဏနေပါဦး ကိုဝင်းဇော်ရာ အစောကြီးရှိပါသေးတယ်ဗျ" ဟု ပြောသည်။

ညအမှောင်က နက်သည်ထက်နက်လာသည်။ ပတ်ဝန်းကျင်တစ်ခုလုံးမှာ အမှောင်ထုသာ ကြီးစိုးနေ၏။ ခပ်လှမ်းလှမ်းမှ မြင်နေရသော အုတ်ကွင်းထဲရှိ အုတ်ဖိုမီးရောင်လေးတွေကသာ တလက်လက်။

သည်အချိန်ဆို မိန်းမဖြစ်သူ မတင်ထွေးတော့ ကလေးသိပ်ရင်းနှင့် အိပ်လောက်ပြီဟု ကိုဝင်းဇော် တွေးမိသည်။ ခုည ကြွက်ထိုးလိုက်သည်ကို မတင်ထွေးက သဘောမကျပေ။ မိသားစုဝမ်းရေးအတွက်မို့သာ ပြောမရသဖြင့် လွှတ်ထားခြင်းဖြစ်သည်။ ဒါကိုလည်း ကိုဝင်းဇော် မသိ၍မဟုတ် သိသည်။ အိမ်ကိုစောစောပြန်ခဲ့မယ်လို့ မတင်ထွေး ကျေနပ်အောင် ပြောထားခဲ့သည်။

"ကျွန်တော်တို့ ဘယ်နေရာရောက်နေပြီလဲ ကိုမောင်စိန်"

"ရွာသင်္ချိုင်းကုန်းနားကို ရောက်နေတာကွ၊ ဒီနားက လယ်ကွက်တွေက ပိုကြီးတယ်လို့ ရွာကလူတွေ ပြောကြတယ်"ဟု ကိုမောင်စိန် ပြောမှ ရွာသင်္ချိုင်းကုန်းနားကို ရောက်နေမှန်း ကိုဝင်းဇော် သတိထားမိသည်။ သရဲတစ္ဆေတော့ သူတို့မကြောက်။ မြွေသာကြောက်လေ၏။ သင်္ချိုင်းထဲကို မီးတစ်ချက်ဝှေ့ကြည့်လိုက်တော့ မြေပုံမို့မို့တွေက အထင်းသား။ အုတ်ဂူဆိုတာက လက်ချိုးရေလျှင်တောင်ရသည်။ သည်ညအဖို့ ကြွက်လည်း အတော်အတန်ရပြီမို့ နှစ်ယောက်သား အိမ်ပြန်လမ်းဆီသို့ ဦးတည်လိုက်သည်။ ကိုဝင်းဇော်တစ်ယောက် ဓာတ်မီးဝှေ့ယမ်းရင်းနှင့် အုတ်ဂူတစ်လုံးကို အမှတ်မထင် မြင်လိုက်သည်။

"ကိုမောင်စိန် ဒီအုတ်ဂူကို မှတ်မိရဲ့လားဗျ"ဟု ကြည့်နေရင်းနှင့် မေးလိုက်သည်။ ကိုမောင်စိန်ကလည်း အုတ်ဂူကို ကြည့်ရင်းနှင့်

"မှတ်မိတာပေါ့ ကိုဝင်းဇော်ရာ၊ ကျွန်တော်တို့နဲ့ဘဝတူ အလုပ်သမား အေးလွင်ရဲ့ဂူပေါ့။ ဒီကောင်က သူရိုက်တဲ့အုတ်တွေနဲ့ တစ်နေ့ တိုက်အိမ်ဆောက်ပြီး နေနိုင်ရမယ်လို့ အမြဲပြောခဲ့တဲ့ကောင်ပေါ့။ ခုတော့ သူရိုက်ခဲ့တဲ့အုတ်နဲ့ သူဌေးက သူ့အတွက် ဂူတစ်လုံးဆောက်ပေးထားတယ်လေ မိုးလုံလေလုံပေါ့ဗျာ"

ကိုမောင်စိန်ရဲ့ အဖြေကြောင့် ကိုဝင်းဇော်လည်း ပြုံးမိသွားသည်။ ကြွက်ထည့်ထားသည့်အိတ်ကို သေချာကိုင်ရင်း စိတ်ထဲတွင် ကိုအေးလွင်အကြောင်းကို တွေးမိသည်။ ကိုအေးလွင်ဆိုတာ အုတ်ကွင်းထဲရှိ ဘဝတူအလုပ်သမားတစ်ယောက်။ အသောက်အစားရှိပေမယ့် အလုပ်ကိုကြိုးစားတော့ ဖိုသူဌေးက သဘောကျသည်။ အုတ်ကွင်းထဲမှာ အုတ်ရိုက်ရင်းနှင့် တစ်နေ့ တိုက်ဆောက်နိုင်ရမယ် ရည်မှန်းချက်နှင့် သေခဲ့ရသူမို့ ဖိုသူဌေးက သနားပြီး သူရိုက်ခဲ့သောအုတ်နှင့် သူ့အတွက် ဂူတစ်လုံးကို အပိုင်စားပေးခဲ့သည်။ ကိုအေးလွင်အဖြစ်ကိုကြည့်ပြီး ကိုဝင်းဇော်တစ်ယောက် အတွေးပါပါနှင့် ပြောလိုက်သည်။

"ကျွန်တော် တိုက်မလိုချင်တော့ဘူး ကိုမောင်စိန်ရေ၊ လုပ်အားခတိုးပေးတာပဲ လိုချင်တာဗျ"

"ရစေရမယ် ဖြစ်စေရမယ်ဗျာ" စကားသံတွေကြား နှစ်ယောက်သား ပြိုင်တူရယ်လိုက်ကြသည်။ သည်ညတော့ အိမ်ပြန်မျက်နှာပန်းလှခဲ့ပြီ မဟုတ်လား။

ဆောင်းပါး

# လူငယ်နှင့် ဘာသာရေး

■ ရွှေရောင်ထွဏ်း(ကန့်ဘလူ)

ကမ္ဘာပေါ်တွင် ဘာသာကြီးလေးခုရှိပါသည်။ ယင်းဘာသာကြီးလေးခုတွင် ကိုယ်ယုံကြည်ရာဘာသာတရားကို ကိုယ်စီကိုးကွယ်နေကြသည်။ ဘာသာတရားကို ယုံကြည်ကိုးကွယ်မှုမရှိဘဲ ဘာသာမဲ့နေထိုင်သော လူပုဂ္ဂိုလ်များလည်းရှိကြပါ၏။ ဘာသာတရားဟူသည် ကိုယ်ယုံကြည်ရာကို ကိုးကွယ်မှုကိုဆိုလို၏။ အချို့သော ပုဂ္ဂိုလ်များသည် အစဉ်ဆက်အားဖြင့် ကိုးကွယ်ယုံကြည်မှုမှတစ်ဆင့် မိရိုးဖလာဘာသာကို လက်ကိုင်ကျင့်သုံးနေကြသည်ရှိသလို ဘာသာတရားကူးပြောင်းနေထိုင်ကျင့်သုံးနေကြသူများလည်း ရှိကြပေသည်။ ဘယ်ဘာသာကိုးကွယ်မှုကိုပဲယူထားပါစေ မိမိတို့၏ မျိုးဆက်သစ်ကလေးငယ်များအား မိမိကိုးကွယ်နေသည့် ဘာသာတရားကို ထိန်းသိမ်းစောင့်ရှောက်ရန် လက်ဆင့်ကမ်းပေးနေသည်မှာ ဘာသာတိုင်းလိုလိုရှိကြပါ၏။ စာရေးသူသည် ဗုဒ္ဓဘာသာဝင်ဖြစ်၍ မိမိကိုးကွယ်နေသည့် ဘာသာတရားကို မျိုးဆက်သစ်လူငယ်များအား ဘာသာရေးအသိ လက်ဆင့်ကမ်းပေးရမည်။ စာရေးသူတစ်ဦးတည်း မဟုတ်ပေ။ ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်ထားသူများကလည်း မိမိတို့၏ မျိုးဆက်သစ်လူငယ်များကို ဘာသာရေးအသိ လက်ဆင့်ကမ်းပေးဝေရန်လည်း တာဝန်ရှိလှပါ၏။

မျိုးဆက်သစ်လူငယ်များကို ဘာသာရေးအသိများ လက်ဆင့်ကမ်းမျှဝေပေးရမည်။ နောက်ဘာသာရေးနှင့် ရင်းနှီးကျွမ်းဝင်အောင် ပြုလုပ်ဆောင်ရွက်ပေးရမည်။ ငယ်ရွယ်သောကာလမှစ၍ သင်ပြပြုပြင်ထိန်းသိမ်းပေးထားမှ အဆင်ပြေပါမည်။ အသက်အရွယ်ကြီးရင့်မှ သင်ပြပေးလျှင် ခက်ခဲမည်မှာ သေချာပါ၏။ ကလေးငယ်များကို ဘာသာရေးအသိပေးဝေခြင်းသည် အင်မတန်ခက်ခဲလှပါ၏။ ယနေ့ ဒါမလုပ်နှင့်ဆိုရင် နောက်ရက်လုပ်ချင်လုပ်ပါ၏။

ဘာသာရေးအသိဆိုသည်မှာ အခြေခံအားဖြင့် ညအိပ်ရာဝင်တိုင်း ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားများကို ရှိခိုးခြင်း၊ ဘုရားရှိခိုးပုံ ပုံစံကအစ လက်တွေ့ကျကျ သင်ပြပေးခြင်း၊ ဘုရားလက်ထက်က ဇာတ်တော်များဖြင့် ပြောဆိုဆုံးမပြီး ဘာသာရေးအသိကိုပေးခြင်း စသည်တို့ဖြင့် သွန်သင်ပေးရမည်။ ဇာတ်တော်ထဲတွင် ပါဝင်သည့်ကောင်းမှုကုသိုလ်လုပ်လျှင် နတ်ပြည်ရောက်ရကြောင်း၊ မကောင်းမှုအကုသိုလ်လုပ်မိလျှင် ငရဲပြည်ကျရောက်ကြောင်း အခြားသောအဖြစ်အပျက်များကိုလည်း ပြောပြဆုံးမလျက် ဘာသာရေးအသိများ လက်ဆင့်ကမ်းပေးရမည်။ တစ်ဆင့်ပြီးတစ်ဆင့် တရားထိုင်ခိုင်းခြင်း၊ ဘုန်းကြီးကျောင်းသွားသည့်အခါမျိုးတွင် ခေါ်ဆောင်သွားပြီး ကျောင်းအတွင်း ဝင်ရောက်လျှင် ဖိနပ်ချွတ်ခိုင်းခြင်း၊ ဘုရားကန်တော့ခိုင်းခြင်း၊ ကျောင်းထိုင်ဘုန်းကြီးနှင့် ရဟန်းသံဃာများတွေ့မြင်ပါက ကန်တော့ခိုင်းခြင်း၊ စကားပြောဆိုပုံ နေပုံထိုင်ပုံကစ၍ တဖြည်းဖြည်းနှင့် သင်ပေးသွားရပါမည်။ နောက်ပိုင်း သိရှိနားလည်လာသော အရွယ်ရောက်လာလျှင် ဘာသာရေးစာပေများ လေ့လာခိုင်းပြီး ဘာသာရေးအသိတရားကို ထပ်ဆင့်ပေးရန် လိုအပ်ပေသည်။ တရားထိုင်ခိုင်းခြင်း၊ ဂုဏ်တော်ပုတီးစိပ်ခိုင်းခြင်း၊ သီလဆောက်တည်ခြင်း၊ ဆွမ်းတော်ကပ်ခိုင်းခြင်း၊ ရေတော်ကပ်ခိုင်းခြင်း၊ ပန်းတော်ကပ်ခိုင်းခြင်းစသည်တို့ကို လမ်းပြပြီးဆောင်ရွက်ပေးရန် လိုအပ်ပေသည်။

ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်ထားသော မိဘများသည် မိမိတို့၏ ရင်သွေးငယ်များကို ပညာရေးအမွေတစ်ခုတင် မဟုတ်ဘဲ ဘာသာရေးနှင့်ဆက်နွှယ်သောအမွေများလည်းပေးရမည်။ ကိုယ်ကိုးကွယ်နေသည့်ဘာသာရေးအပေါ် ယုံကြည်မှုဆိုသည့် သဒ္ဓါတရားစိတ်ဖြစ်ပေါ်လာအောင် ဆောင်ရွက်ပေးခြင်း၊ ဘုရားရှင်နှင့်တကွ ဘုရားရှင်ဟောကြားထားသောတရား၊ ယင်းတရားတော်များကို ကျင့်ကြံပွားများနေသော ရဟန်းသံဃာတော်တို့အပေါ် ကိုးကွယ်ယုံကြည်လေးစားမှု၊ မိဘဆရာသမားကို ရိုသေလေးစားမှုများဖြစ်လာအောင် ဆောင်ရွက်ပေးရမည်။ သို့မှသာလျှင် မိမိတို့ကိုးကွယ်ယုံကြည်နေသော ဗုဒ္ဓဘာသာသည် မျိုးဆက်သစ်လူငယ်များ၏ လက်ထဲမတိမ်ကောမပပျောက်ဘဲ သားစဉ်မြေးဆက်ကျန်ရှိနေခဲ့မည်ဆိုသည်မှာ သေချာပါ၏။

# စိတ်ကောင်းရှိဖို့ ပထမ

■ အောင်သွေး(မြစ်သား)

“လူကို စိတ်ကဦးဆောင်သည်”ဆိုသော အချက်ကို ငြင်းမရပေ။ “လူကို စိတ်အုပ်ချုပ်သည်၊ စိတ်ကို ပညာအုပ်ချုပ်သည်၊ ပညာကို ဗဟုသုတအုပ်ချုပ်သည်။ ထို့ကြောင့် ဗဟုသုတ များများရအောင် စာအုပ်များများဖတ်ပါ” ဟု ဆရာကြီး ပီမိုးနင်းက ဆိုထားပါသည်။ ကောင်းမှုကို ပြုချင်ကလည်း ဒီစိတ်၊ မကောင်းမှုကို ကျင့်ချင်ကလည်း ဒီစိတ်ပင်။ စိတ်ကြောင့် အေးငြိမ်းချမ်းသာမှုကို ရရှိသူများရှိသလို စိတ်ကြောင့် အတိဒုက္ခ ရောက်ကြသူများလည်းရှိသည်။ တဒင်္ဂဖြစ်ပေါ်လာသော လောဘ၊ ဒေါသ၊ မောဟကို ထိန်းချုပ်နိုင်စွမ်းရှိသူများသည် ရေရှည်တွင် စိတ်ချမ်းသာမှုကို ရရှိကြသည်။ ခဏတာ ဖြစ်ပေါ်လာသော ဒေါသကို မထိန်းချုပ်နိုင်၍ စိတ်လိုက်မာန်ပါ ပြုမိသောကြောင့် မိသားစုပြိုကွဲသူများ၊ စီးပွားရေးပြိုလဲသူများ၊ ထောင်ထဲတွင် အပြစ်ကိုပေးဆပ်နေရသူများ စသည်ဖြင့် အများအပြားတွေ့မြင်ရသည်။

အဝိဇ္ဇာဖုံးလွှမ်းပြီး အမှန်၊ အမှားမခွဲခြားနိုင်သော မောဟကြောင့် မိမိ၏စိတ်ကို အလိုလိုက်အကြိုက်ဆောင်ကာ ထပ်တလဲလဲ အမှားကိုပြုကြပြီး ဒုက္ခနွံထဲ နစ်မွန်းမသိနစ်နေကြသူများလည်း ရှိသည်။ မိမိတို့၏ အတ္တလောဘစိတ်ကြောင့် ကိုယ့်ကိုယ်ကိုယ် ဒုက္ခရောက်ကြသူများရှိသလို တခြားသူများကို ဒုက္ခရောက်စေကြသည်လည်းရှိသည်။

ကျွန်တော်ရှမ်းပြည်ကို တာဝန်တစ်ခုနှင့်သွားစဉ်က တောင်ကြီး-မိုင်းကိုင်ခရီးစဉ်တွင် လေးယောက်သာ စီးနင်းလိုက်ပါရသည့် ပရိုဗောက်ကားလေးဖြင့် လိုက်ပါခဲ့သည်။ ကားဆရာသည် ခရီးသည်လေးယောက်ကို အပြည့်တင်သလို ကုန်များကိုလည်း ကားခေါင်မိုးပေါ်နှင့် ကားနောက်ထဲတွင် မတန်တဆတင်လေသည်။ အဝေးက လှမ်းကြည့်ပါက ကားနှင့်ကုန်တွင် ကုန်ကိုသာ အရင်မြင်ရသည်။ “ဖြစ်ပါ့မလား ကားဆရာရယ်”ဟု မေးသောအခါ “သွားနေကျပါ”ဟု လွယ်လွယ်လေး ဖြေသည်။

တောင်ကြီးမြို့အထွက်တွင် ယာဉ်ထိန်းရဲကတားဆီး၍ဝန်ပိုတင်သည်ဆိုကာ ယာဉ်မောင်းလိုင်စင်သိမ်းလေသည်။ မိမိမှာ ကားဆရာအတွက် စိတ်မကောင်းဖြစ်မိသလို စည်းကမ်းသိအောင် တာဝန်ကျေကျေဆောင်ရွက်သော ယာဉ်ထိန်းရဲကိုလည်း ကျေးဇူးတင်မိသည်။ အခန့်မသင့်ပါက ဝန်နှင့်အားမမျှဖြစ်ကာ ယာဉ်မတော်တဆဖြစ်ခဲ့လျှင် ကားဆရာ၏ လောဘစိတ်ကြောင့်သာ ဖြစ်လိမ့်မည်။ ထိုခရီးစဉ်တွင် ဘုရား တရား တရင်းသာ လိုက်ပါခဲ့ရသည်။

ယခုအခါ ကိုဗစ်တတိယလှိုင်းတွင်လည်း ကြားနေရသည့် သတင်းက စိတ်မချမ်းသာစရာ။ ပြဿနာက အောက်ဆီဂျင်ဖြစ်လေသည်။ အလှူရှင်များက ပရဟိတအသင်းများသို့ အောက်ဆီဂျင်အိုးများ အလုံအလောက် လှူဒါန်းကြလေသည်။ သို့သော် မလောက်မင ဖြစ်နေပြန်သည်။ အကြောင်းရင်းကို ရှာကြည့်တော့ အတ္တလောဘကို ရှေ့တန်းတင်သော လူတချို့ကြောင့် ဖြစ်လေသည်။ ၎င်းတို့သည် အောက်ဆီဂျင်အိုးများကို ငှား၍ အသုံးပြုပြီးသော်လည်း ပြန်မပေးဘဲ အိမ်တွင်အပိုသိမ်းထားကြသည်။

အမှန်တကယ် အရေးတကြီးလိုအပ်သူများ ရောက်လာသည့်အခါ အသင်းတွင် အောက်ဆီဂျင်အိုးများမရှိပေ။ ထိုအခါ မဆုံးရှုံးသင့်သော အသက်များ လူတစ်စု၏ အတ္တလောဘကြောင့် ဆုံးရှုံးရလေသည်။ မိမိတို့အသုံးမလိုတော့သော အောက်ဆီဂျင်အိုးကို လိုအပ်သူများ အချိန်မီရပါစေတော့ဟု စိတ်နှလုံးသွင်း၍ ပြန်အပ်ခြင်းကလည်း အိမ်မှာနေရင်း ပရဟိတဆောင်ရွက်ခြင်းဖြစ်လေသည်။

ထို့ပြင် အခြေခံစားသောက်ကုန်နှင့် ဆေးဝါးများရောင်းချသူတချို့သည်လည်း ကိုဗစ်ကပ်ရောဂါကိုအကြောင်းပြု၍ မိမိတို့၏ ကုန်ပစ္စည်းများကို အဆမတန် ဈေးတင်ရောင်းကြလေသည်။ ထိုအခါ အများပြည်သူမှာ တစ်ပူပေါ်နှစ်ပူဆင့်ကာ သောကရောက်ကြရလေသည်။ သင့်တင့်သော အမြတ်ရရှိရုံရောင်းပေးပါက ဝယ်ယူသူများလည်း စိတ်ချမ်းသာ၊ ရောင်းသူလည်း “ကုသိုလ်လည်းရ ဝမ်းလည်းဝ” ဆိုသလို ဈေးရောင်းရင်း ကုသိုလ်ရနေပေမည်။

မည်သူမဆို စိတ်ကောင်းမွေးမြူ၍ ကိုယ်နှင့်နှိုင်းစာ ကိုယ်ချင်းစာတရားထားပါက နေချင်စဖွယ်ကောင်းသော လူ့ဘောင်တစ်ခုဖြစ်လာမည်။

ထို့ကြောင့် မဟာဂန္ဓာရုံကျောင်းတိုက် အရှင်ဇနကာဘိဝံသ ဆရာတော်ကြီးက “စိတ်ကောင်းရှိဖို့ ပထမ”ဟု ဆိုထားပါသည်။ မှန်ပေသည်။ စိတ်ကောင်းရှိသော မိသားစု၊ စိတ်ကောင်းရှိသော လူ့အသိုက်အဝန်းသည် သာယာဝပြောပြီး ပျော်ရွှင်စရာကောင်းနေပေမည်။ စိတ်ကောင်းမရှိသော လူ့အသိုင်းအဝိုင်းသည်ကား လောဘ၊ ဒေါသ၊ မောဟမီးတို့ဖြင့် အမြဲတမ်းပူလောင်နေပေမည်။ အနာဂတ်ကို ဦးဆောင်မည့် ကလေးတို့ ပညာသင်ယူရာဌာနဖြစ်သော အခြေခံပညာကျောင်းများ၏ ဆောင်ပုဒ်ကိုလည်း “စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ”ဟု ပေးထားပါသည်။ စိတ်ဓာတ်ကိုပင် ရှေ့တန်းတင်ထားပါသည်။

လူတစ်ယောက် မည်မျှပင်တော်နေပါစေ စိတ်ဓာတ်မကောင်းပါက သူကျင်လည်ရာ ပတ်ဝန်းကျင် (သို့မဟုတ်) လူ့ဘောင်တစ်ခုသည် နှစ်သက်ပျော်ရွှင်စရာ ကောင်းမည်မဟုတ်ပေ။

အက်ရှင်မင်းသားကြီး ဂျက်ကီချမ်းက “ကြီးကြီးကျယ်ကျယ်တွေ လုပ်ဖို့မလိုဘူး ကောင်းမွန်တဲ့အရာတွေပဲ လုပ်နိုင်ဖို့ကြိုးစားပါ”ဟု ပြောပါသည်။ ထို့ကြောင့် ကျွန်တော်တို့အနေဖြင့်လည်း PPE ဝတ်စုံဝတ်ပြီး အများအကျိုးဆောင်ရွက်နေသော ပရဟိတသူရဲကောင်းများကဲ့သို့ စွမ်းစွမ်းတမံ မဆောင်ရွက်နိုင်သော်လည်း စိတ်ကောင်းမွေးပြီး ကိုယ်ချင်းစာတရားထားရုံဖြင့် တစ်ဖက်တစ်လမ်းက ပရဟိတ ဆောင်ရွက်ရာ ရောက်ပါသည်။

ကိုယ်ချင်းစာတရားဟု ဆိုရာတွင် အိန္ဒိယနိုင်ငံ၏ ဖခင်ကြီး မဟတ္တမဂန္ဒီ၏ ပြောစကားက မှတ်သားစရာကောင်းပါသည်။ သူ၏ ပြောစကားမှာ “ကိုယ်မကြိုက်တာ သူများမလုပ်စေချင်ရင် သူများမကြိုက်တာလည်း ကိုယ်မလုပ်နဲ့ ကိုယ်ချင်းစာတရားဆိုတာ အဲဒါပဲ”ဟု ဆိုထားပါ သည်။ အလွန်ထိမိသောစကားဖြစ်ပါသည်။

ထို့ကြောင့် မိမိတို့အားလုံး စိတ်ကောင်းမွေး၍ ကိုယ်ချင်းစာတရားထားကာ ကိုဗစ်ကပ်ရောဂါဘေးကို တွန်းလှန်ပြီး သာယာဝပြောသော လူ့ဘောင်သစ်တစ်ခု ဖန်တီးကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## လမြတ်ဝါခေါင်

* နံကာခေါ်ကြ ရှေးအခါ
လမြတ်ဝါခေါင်ပါ။
သိဟ်ရာသီချိန် လမြတ်ထူး
ခတ္တာပွင့်ကာဖူး။

* မြစ်ရေပြန့်ပြူး ရေဘောင်ဘင်
ချောင်းကြိုမြောင်းကြားဝင်။
သပြေသီးပင် အမှည့်များ
ဆွမ်းတော်ကပ်စို့လား။

* တို့ရဲ့ဘိုးဘွား လှူဒါန်းလာ
စာရေးတံမဲပါ။
ရိုးရာစဉ်လာ ကပ်လှူကြ
ဝါတွင်းချိန်ကာလ။

* ရှင်တော်ဗုဒ္ဓ ပွင့်ထွန်းချိန်
မေတ္တာရောင်ဝါထိန်။
သုတ်တော်ဂုဏ်ရှိန် သင်ကြားပေး
နတ်ချစ်ဓမ္မတေး။

* လပြည့်ညလေး ကာလမှာ
ဟောဖော်မိန့်ခြွေကာ။
တရားသံသာ နတ်ပျော်မွေ့
မေတ္တာအခါတော်နေ့။ ။

ရွှေတိုး-ထုံးဘို

## ဝသန်မိုးဦး ရွှင်ပျော်မြူး

မိုးဦးကျစ ဝသန်ခါ
ဝန်းကျင်စိမ်းလန်းဖြာ။
ချောင်းရေလျှံကာ ကြည်ရွှင်အေး
လယ်ပြင်ရေဖွေးဖွေး။
အုံ၊ အွမ်သံပေး ဖားသူငယ်
မြူးရွှင်သည့်ပုံနှယ်။
လယ်ကွင်းပြင်ဝယ် ဟို၊ ဒီပြေး
ဖားကောက်သူနဲ့ဝေး။
မိုးလေအေးအေး ကွေးမနေ
တောင်သူဘဝတွေ။
ပြုံးရိပ်ရွှင်ပေ မနားတမ်း
ထယ်ထိုး၊ ထွန်ယက်လှမ်း။
အပျော်စခန်း စုံလင်ညီ
မိုးဦးခါတော်မီ။
မှိုင်းမှုန်ဝေရီ မျှော်တလင့်
သွန်းဖြိုးရွာစေရှင့်။ ။

မောင်လွမ်းနောင်(ပညာရေး)

## ဝတ္ထုတို

### ကောလင်းအောင်




(၁)

"ဒီကောင် အလကားကောင်ပါကွာ.. စီးပွားရေးကို စိတ်မဝင်စား အလုပ်ကို လက်ကြောတင်းအောင် မလုပ်ချင် စာယောင်ယောင် ပေယောင်ယောင်နဲ့ သူ့ကိုယ်သူ ဘာများအောက်မေ့နေသလဲ မသိဘူး။ တောမှာနေရင် လယ်လုပ်တတ်ရမယ်၊ ထင်းခုတ်တတ်ရမယ်၊ ဒါမှ ထမင်းစားရမယ်.. ခုတော့ကွာ..ထွီး..."

အိမ်ဦးခန်းမှကြားရသော အဖေ့စကားသံကြောင့် စားလက်စထမင်းလုတ်မှာ လက်တွန့်သွား၏။ အမေ့၏ တိုးတိုး ညင်သာသောစကားသံလည်း ထွက်ပေါ်လာသည်။

"ဩော်..ကိုထွန်းရှင်ရယ်.. သားက ငယ်ပါသေးတယ်။ တော့်သားလည်း တတ်နိုင်သလောက် အိမ်အလုပ်တွေ ဝိုင်းကူလုပ်နေတာပဲဟာ။ အဖေ တစ်ယောက်အနေနဲ့ အဲဒီလောက် နင့်နင့် သီးသီးမပြောသင့်ပါဘူးတော်.."

"မင်းဘာနားလည်သလဲ မိရွှေတင်.. မင်းသား ဟိုစာကြည့်တိုက်သွားပြီး အချိန်ဖြုန်းနေတာ မင်းသိလို့လား..."

အမေသည် အဖေ့၏စကားတို့ကို တုံ့ပြန်ပြောဆိုနိုင်စွမ်း ရှိတော့ဟန်မတူ။ ကျွန်တော်ထမင်းစားနေသော မီးဖိုချောင်သို့လာ၍ ကျွန်တော့်အားနှစ်သိမ့်ပေးနေလေတော့၏။ အဖေနှင့်ကျွန်တော် ကတောက်ကဆဖြစ်တိုင်း ကြားထဲက မျက်နှာညှိုးငယ်ရသူမှာ အမေဖြစ်သည်။ အဖေဆူတိုင်း ကျွန်တော်သည် ရွာလယ်စာကြည့်တိုက်သို့သွား၍ ခံစားနေရသော ဝေဒနာကို စာဖတ်၍သာ ဆေးကြောမိသည်။ ရွာလယ်စာကြည့်တိုက်သည် ကျွန်တော်၏သောကများကို ဖြေဖျောက်ပေးသော အေးရိပ်သာကြီးတစ်ခုဖြစ်တော့၏။

အဖေသည် လယ်လုပ်၊ ထင်းခုတ်နှင့် ဘဝကို ခပ်ကြမ်းကြမ်းကျော်ဖြတ်ကြီးပြင်းခဲ့ရသူဖြစ်သည်။ ဘုန်းတော်ကြီးကျောင်းပညာရေးနှင့် ကြီးပြင်းလာရသူဖြစ်၍ ခေတ်အမြင်ခေတ်အတွေး အဖေ့မှာ ရှိဟန်မတူ။ သို့ကြောင့်သာ ကျွန်တော် စာဖတ်ခြင်း၊ စာကြည့်တိုက်သွားခြင်း၊ သူငယ်ချင်းများနှင့် စာပေအကြောင်း ဆွေးနွေးခြင်းတို့ကို ကန့်ကွက်သည်ဟု လူငယ်စိတ်နှင့် တွေးထင်မိခဲ့၏။ အတွေးအခေါ်မတူသော အဖေနှင့်ကျွန်တော့်ကြားတွင် ဆက်ဆံရေးသည် အေးစက်လာခဲ့တော့သည်။

(၂)

ကျွန်တော်၏ ရည်မှန်းချက်မှာ ဆယ်တန်းအောင်ပြီးလျှင် ပညာရေးကောလိပ်တက်၍ ကျောင်းဆရာလုပ်မည်ဟု ရည်ရွယ်ထားခဲ့သည်။ ကျောင်းဆရာလုပ်မည့်သူသည် အထွေထွေဗဟုသုတနှင့် ပြည့်စုံ၍ စိတ်ထားမွန်မြတ်ရမည်။ သို့မှသာ ကလေးများကို ပြုစုပျိုးထောင်နိုင်မည်ဖြစ်သည်။ သို့ကြောင့် ကျွန်တော်သည် အချိန်ရသမျှ စာအုပ်စာပေများကို လေ့လာလိုက်စားဖတ်ရှုခဲ့လေ၏။

တစ်နေ့ ကျွန်တော်ရွာလယ်စာကြည့်တိုက်မှပြန်လာသည်။ ဗိုက်ဆာ၍ မီးဖိုချောင်ဝင်သောအခါ ထမင်းဝိုင်းတွင် ထမင်းစားနေကြသောအဖေနှင့်အမေ့ကိုတွေ့ရသည်။ ကျွန်တော်လည်း ထမင်းစားရန် လက်ရေဆေး၍ ခေါင်းလေးငုံ့ရင်း ထမင်းဝိုင်းမှာ ထိုင်လိုက်သည်။

"ခွေးသား.. အခြေအမြစ်မရှိတဲ့ကောင်.. မင်းစာဖတ်နေလို့တော့ တို့ထမင်းစားရမှာမဟုတ်ဘူး။ အေး.. ပြောထားမယ်နော် မင်းကိုရွာကျောင်းပြီးအောင်တော့ ကျောင်းထားပေးမယ်။ ပြီးရင် ကျောင်းထွက်လယ်လုပ်ငန်းဝင်ရမယ်။ လယ်သမားသား လယ်သမားဖြစ်ရမှာပေါ့ကွာ..."

ကျွန်တော်သည် ထမင်းကိုသာ ငုံ့၍စားနေမိသည်။ သို့သော် စိတ်က လွင့်ပျံ့နေ၏။ ခေါင်းတွေထူပူနေ၏။ အမေသည် အဖေ့ကိုတစ်လှည့် ကျွန်တော့်ကို တစ်လှည့်ကြည့်၍ မျက်ရည်စို့နေရှာသည်။ ကျွန်တော်သည် ရင်ထဲမျိုသိပ်မထားနိုင်၍ အဖေ့အား စကားစပြောလိုက်၏။

"အဖေ.. ကျွန်တော်စကားတစ်ခွန်း ပြောပါရစေ"အဖေကား မျက်ထောင့်နီကြီးနှင့်။

"ကျွန်တော်ဆယ်တန်းအောင်သည်အထိ ကျောင်းနေချင်တယ်အဖေ။ ပြီးတော့ ပညာရေးကောလိပ်တက်ပြီး ကျောင်းဆရာလုပ်ချင်တယ်"

"ဘာကွ.. မင်းလုပ်စာ ဘယ်နှပြားရှိလို့ မင်းကကျောင်းဆက်တက်ချင်ရတာလဲ။ ငါပြောထားပြီးသားနော် ရှစ်တန်းအောင်သည်အထိထားပေးမယ်။ ဟိုဘက်တက်ချင်သပဆိုရင်လည်း မင်းဟာမင်း ဘယ်လိုတက်တက်.."

"အို..ကိုထွန်းရှင်ကလည်း..."

"မင်းတိတ်တိတ်နေ မိရွှေတင်..."

အဖေကလှမ်းဟန့်လိုက်၍ အမေ့၏ စကားသည် မဆုံးလိုက်ပါ။ အဖေ့၏ ခက်ထန်မာကြောသော စကားတို့သည် ကျွန်တော့်၏နှလုံးသားကို ပြင်းထန်စွာ ရိုက်ခတ်စေ၏။ ကျွန်တော်သည် ထမင်းဝိုင်းမှထလိုက်သည်။

အဘယ်ကြောင့်များ အဖေသည် ကိုယ့်သားပညာတတ်ဖြစ်ရေးကိုအားမပေးသလဲဟု တွေးမရအောင်ဖြစ်နေ၏။ ပူနွေးတုန်ရီသော အမေ့လက်တစ်စုံ ပခုံးပေါ်ရောက်လာမှ ကျွန်တော့်အတွေးများ ရပ်တန့်သွားသည်။ အမေသည် ကြင်နာရီဝေသော မျက်လုံးများဖြင့် ကျွန်တော့်အားကြည့်ကာ စကားစလိုက်သည်။

"သား..လူလေးစိုးနိုင်..စိတ်မပျက်နဲ့နော်။ ပြီးတော့ မင်းအဖေကိုလည်း ဖွဲမယူနဲ့။ ဟိုတုန်းက မင်းအဖေဟာပညာရေးကို အားပေးချီးမြှောက်သူကွဲ့.."

ကျွန်တော်သည် အံ့သြစွာနှင့် အမေ့ကို မော်ကြည့်မိ၏။

"ဟုတ်တယ်လူလေး..တကယ်တော့ မင်းအဖေဟာ သူ့ညီမတင်တင်လှကို နာကြည်းပြီး စိတ်ဒဏ်ရာရသွားတယ်နဲ့ တူပါရဲ့။ သူပဲ မင်းဒေါ်ဒေါ်ကို ဆယ်တန်းအောင်ပြီး ဘွဲ့ရတဲ့အထိ ထားပေးခဲ့တာ.."

"ဟုတ်ကောဟုတ်ရဲ့လား အမေရယ်.."

"ဟုတ်တာပေ့ါလူလေးရယ်။ မင်းဒေါ်ဒေါ် တင်တင်လှက ဘွဲ့လည်းရ အလုပ်လည်းရတော့ အိမ်ကိုပြန်မကြည့်ဘူး။ ယောက်ျားနောက် ကောက်ကောက်ပါအောင်လိုက်တော့တာပဲ။အဲဒီကတည်းက မင်းအဖေဟာ ပညာရေးကိုခါးခါးသီးသီး ဖြစ်ပြီး ရေပေါ်စီအလုပ်လို့ပဲ သတ်မှတ်ထားတော့တယ်.."

(၃)

အကြောင်းစုံကို အမေရှင်းပြမှ အဖေ့စိတ်ကို ကျွန်တော်နားလည်လာတော့၏။ အဖေသည် တောမှာမွေး တောမှာကြီးပြီး တောအလုပ်လုပ်ရ၍ အသိပညာမရှိ၍သာ ကျွန်တော့်ပညာရေးလမ်းကို ပိတ်ဆို့သည်ဟု တစ်ချိန်က တွေးခဲ့မိသည်။ ကျွန်တော့် အတွေးများ မှားခဲ့လေပြီ။ အမေက ဆက်ပြောသည်။

"သား..လူလေး..ရှေ့ရေးကို တွေးပြီး စိတ်ဓာတ်ကျမနေနဲ့နော်။ မင်းဒေါ်ဒေါ် တင်တင်လှက မင်းကို မြို့က သူတို့အိမ်မှာ နေခိုင်းပြီး ကျောင်းထားပေးမယ်လို့ အမေ့ကို အကြောင်းကြားထားတယ်။ အမေလည်း သားအတွက်ဆိုပြီး ငွေတိုးလေးတွေ ချေးပေးထားတာရှိသေးတယ်။ ငါ့သားကို ပညာတတ်ကြီးဖြစ်အောင် ကျောင်းထားပေးမယ်နော်.."

မမျှော်လင့်သော အမေ့၏စကားကြောင့် ကျွန်တော့်မှာအံ့သြရသည်။

"ဗျာ..အမေတကယ်ပြောတာနော်.."

"တကယ်ပေ့ါလူလေးရယ်.."

ကျွန်တော်သည် အမေ့ကိုဖက်ပြီး ဝမ်းသာလွန်း၍ ပီတိမျက်ရည်များပင် ကျလာတော့၏။

ရွာကျောင်းတွင် ရှစ်တန်းအောင်ပြီး ကိုးတန်း၊ ဆယ်တန်းကို မြို့ကဒေါ်ဒေါ့်အိမ်တွင်နေ၍ ကျောင်းဆက်တက်ခွင့်ရသည်။ ဝမ်းကွဲညီမဖြစ်သူ နန်းဖြူသည်လည်း အတန်းတူဖြစ်၍ အဖော်ရ၏။ ကျောင်းပိတ်ရက်များတွင် ကျွန်တော်တို့မောင်နှမ နှစ်ယောက်သည် ရွာကိုအလည် ပြန်ကြသည်။ ထိုအခါမျိုးတွင် အဖေသည် သူ့တူမကို မျက်လုံးရွဲကြီးများနှင့် ကြည့်နေတတ်သည်။

ကျွန်တော်သည် ကိုးတန်း၊ ဆယ်တန်းကို မြို့ကျောင်းတွင် အောင်ပြီးနောက် ရည်မှန်းထားသလို ပညာရေးကောလိပ်ကို ဆက်တက်သည်။ ပညာရေးကောလိပ် တစ်နှစ်တက်ပြီးသောအခါ အတန်းပြဆရာအဖြစ် ရွာကျောင်းမှာပင် စာသင်ဖြစ်သည်။ ကျောင်းစိမ်း ကျောင်းဖြူဝတ်၍ ကျောင်းရှိရာလမ်းသို့ ဦးတည်သွားနေသော ကျွန်တော့်ကို ပီတိများနှင့်အိမ်ခြံပေါက်ဝမှကြည့်နေသူမှာ အမေပင်ဖြစ်တော့၏။

တစ်နေ့ ကျွန်တော်ကျောင်းက ပြန်လာချိန်ဖြစ်သည်။ အမေသည်ဆီးကြို၍ ဝမ်းသာမျက်ရည်များဝေ့နေ၏။

"ငါ့သား..စိုးနိုင် အမေလူလေးကို ပြောစရာရှိတယ်.."

"ဗျာ..ဟုတ်ကဲ့.. ပြောလေအမေ.."

"မင်းအဖေပေ့ါ.. မင်းအဖေလေ.."

"အဖေ ဘာဖြစ်လို့တုန်းအမေ.."

"ငါ့သား နံနက်က အဖြူအစိမ်းလေးဝတ်ပြီး ကျောင်းသွားတုန်းကပေ့ါ။ မင်းအဖေ အိမ်တံခါး နောက်ကွယ်ကနေ ချောင်းကြည့်နေတယ်.."

"ဗျာ..ဟုတ်လားအမေ.."

"ဟုတ်ပ့ါတော်..အမေက.. ဗျို့..ကိုထွန်းရှင် ဘာလုပ်နေတာတုန်းလို့မေးလိုက်တော့ ရှက်ကိုးရှက်ကန်းနဲ့ ထွက်သွားလေရဲ့..."

အဖေသည် သူ့သားကျောင်းဆရာလောင်းလေးကိုကြည့်၍ ကျေနပ်နေဟန်ရှိ၏။ စကားများလွန်ထား၍သာ ထုတ်ပြောဖို့ ဝန်လေးနေဟန်တူ၏။ အဖေနှင့် ကျွန်တော့်ကြားက အေးစက်နေသည့် ဆက်ဆံရေးကို ကျွန်တော်ပြန်လည်အသက်သွင်းရပေမည်။ ဟိုတုန်းက လူငယ်စိတ်နှင့် အဖေ့အပေါ် အထင်မှားမှုများကိုလည်း တောင်းပန်ရပေဦးမည်။

(၄)

သီတင်းကျွတ်လ ရောက်သောအခါ ကျွန်တော်တို့ ငွေဖျိုင်းနားရွာ စာသင်ကျောင်းလေးတွင် ဆရာကန်တော့ပွဲကျင်းပသည်။ကျွန်တော်တို့ ဆရာ ဆရာမများ ပိုက်ဆံစု၍ ကလေးများကို ကြက်သားဆန်ပြုတ်ကျွေးမွေး၏။ ဆရာ ဆရာမများနှင့် တပည့်များအားလုံး ပျော်ရွှင်လျက်ရှိကြသည်။ ကျွန်တော်သည် ကန်တော့ခံအဖြစ် ဦးဂျမ်းပုဆိုးတစ်ကွင်းနှင့် စားစရာအချို့ကို ရရှိသည်။ အိမ်သို့ရောက်သောအခါ ရလာသော ပုဆိုးနှင့်အဖေ့ကို ကန်တော့မည်ဟု စိတ်ကူးထားသည်။

ညနေ ကျောင်းဆင်းသောအခါ တက်ကြွသော ခြေလှမ်းများနှင့် အိမ်သို့ပြန်ခဲ့၏။အဆင်သင့်ပင် အဖေနှင့်အမေကို အိမ်ရှေ့ကွပ်ပျစ်တွင် တွေ့ရသည်။ ကျွန်တော်သည်ရလာသော ဦးဂျမ်းပုဆိုးနှင့် စားစရာများကို လင်ပန်းနှင့်ထည့်၍ အဖေနှင့်အမေထိုင်နေသော ကွပ်ပျစ်တွင် တင်ထားကာ မြေကြီးပေါ်တွင် ဒူးထောက်၍ထိုင်လိုက်သည်။ အဖေနှင့်အမေသည် အံ့သြစွာနှင့်ကျွန်တော့်ကိုကြည့်နေသည်။

"အဖေနှင့်အမေကို သားကန်တော့ပါရစေ။ ပြီးတော့သားလေ အဖေ့ကို တောင်းပန်ချင်တယ်။ အဖေ့အပေါ်မှာ ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးနှင့် ပစ်မှားမိတာရှိရင် ခွင့်လွှတ်ပေးပါအဖေ.."

အဖေသည်ကျွန်တော့်အား တွေတွေကြီးလုပ်၍ ငေးစိုက်ကြည့်နေ၏။မျက်ဝန်းမှာ မျက်ရည်များ ဝေ့တက်နေ၏။ ပြီးမှ စကားသံထွက်လာသည်။

"ငါ့သား...လူလေး.. တကယ်တော့ ငါ့သားမှာ အပြစ်မရှိပါဘူးကွာ။ အဖေကသာ သားရဲ့ပညာရေးကို ကန့်ကွက်ဖျက်ဆီးမိတဲ့ကြီးမိုက်ကြီးပါကွာ.."

အဖေသည်မျက်ရည်များကို ထိန်းထားနိုင်ဟန်မတူတော့။ ပါးပြင်ပေါ်မျက်ရည်များ စီးကျနေလေပြီ။

"တကယ်တော့.. ငါ့သားက အဖေ့ကို ခွင့်လွှတ်ရမှာကွ။ ငါ့ကိုခွင့်လွှတ်ကြပါကွာ။ မိရွှေတင် ငါ့ကိုခွင့်လွှတ်ပါဟာ။ အဖေဟာ ဟိုတုန်းကပညာရေးကို အားပေးခဲ့သူပါ။ မင်းအဒေါ်တင်တင်လှကို စိတ်နာပြီးအဖေဟာ ပညာရေးကိုမယုံဘဲ ဖြစ်သွားတယ်။ ခုတော့အဖေနားလည်သွားပါပြီ။ ငါ့သား အဖြူအစိမ်းဝတ်ပြီး ကျောင်းသွားတာ၊ ကလေးတွေနဲ့ရယ်မောပျော်ရွှင်စွာ စာသင်နေတာကိုမြင်ရတော့ အဖေသားအတွက်ဂုဏ်ယူတယ်ကွာ.."

"သားတို့အဖေ့ကို ဖွဲမယူပါဘူး အဖေရယ်။ အဖေ့ကြောင့် သားခံပြင်းစိတ်ဖြစ်ပြီးကြိုးစားခဲ့လို့ သားခုလိုအောင်မြင်မှုတွေရလာတာပါ အဖေ.."

"အေးကွာ..ဒီရှေ့ပညာရေးနဲ့ ပတ်သက်တာဆို သားလုပ်ချင်တာပြော အဖေကူညီမယ်။ ပြီးတော့ ရွာလယ်စာကြည့်တိုက်ကိုလည်း စာအုပ်အသစ်တွေပြန်ဝယ်ပြီး မွမ်းမံကွာ။ လိုတဲ့ငွေအဖေအားလုံး တာဝန်ယူတယ်။ တို့ရွာကလူငယ်လေးတွေ အသိပညာနဲ့ ပြည့်စုံတဲ့လူတွေဖြစ်အောင် ငါ့သားက ကြိုးစားပြီး ဦးဆောင်ပေးကွာ..."

"ဟုတ်ကဲ့ပါအဖေ..အဖေဖြစ်စေချင်သလို သားတို့ရွာက လူငယ်လေးတွေ အသိပညာမြင့်မားတဲ့လူတွေဖြစ်အောင် ကိုယ့်ရပ် ကိုယ့်ရွာ ကိုယ့်နိုင်ငံရဲ့ အားကိုးအားထားပြုရတဲ့ လူတွေဖြစ်အောင် ..သား အကောင်းဆုံးကြိုးစားပြီး ပညာလမ်းဖွင့်ပေးပါ့မယ် အဖေ..."

ထို့နောက် အဖေသည် ကျွန်တော့်ကို ကန်တော်မင်းကျောင်းဆရာတော်ဘုရား၏ကဗျာလေးနှင့် ကိုးကား၍ဆုံးမစကားပြောသည်။

"ငါ့သားရေ..ကန်တော်မင်းကျောင်း ဆရာတော်ဘုရားက...ကောင်းမှုမြတ်နိုး ကောင်းအောင်ကြိုး၍... ကောင်းကျိုးကိုယ်၌တည်စေမင်း လို့ ဆုံးမထားတော်မူတယ်ကွဲ့.. ငါ့သားလည်း အဖေတို့ရွာလေးကိုကောင်းကျိုးပြုဖို့ ကောင်းမှုကိုမြတ်နိုးရမယ်။ အမြဲတမ်းလည်း ကောင်းအောင်ကြိုးစားရမယ်။ ပြီးတော့ ကောင်းကျိုးတွေကို ကိုယ့်မှာတည်စေပြီး အများကိုလည်း ကောင်းအောင်လမ်းပြပေးရမယ်နော်..."

"သားကြိုးစားပါ့မယ်အဖေ.."

ထိုနေ့က ကျွန်တော်တို့အိမ်လေးသည် ခါတိုင်းနှင့်မတူဘဲ ကျက်သရေအဖြာဖြာနှင့် ပြည့်စုံနေ၏။ အဖေနှင့် ကျွန်တော့်ကိုကြည့်ကာ ပြုံးပျော်ကျေနပ်နေသူကတော့ အမေပင်ဖြစ်တော့၏။ ကျွန်တော်သည် ကန်တော်မင်းကျောင်းဆရာတော်ဘုရား၏ ကဗျာထဲကလို ကောင်းမှုမြတ်နိုး ကောင်းအောင်ကြိုး၍ ကောင်းကျိုးကိုယ်၌တည်အောင် ကြိုးစားမည်ဟု သန္နိဋ္ဌာန်ချလျက် .....။ ။

ကြေးမုံ
အထူးဂျာနယ်

ဆောင်းပါး

# ဖယောင်းရုပ်လေးများကရေးသော သမိုင်းစာမျက်နှာများ

■ ယင်းမာ

လူတွေဟာကိုယ့်သမိုင်းကိုယ်ရေးတယ်လို့ ပြောတတ်ကြပါတယ်။ ကျွန်မတို့ ဆရာ ဆရာမတွေရဲ့သမိုင်းကိုတော့ တပည့်တွေက ပုံဖော်ပေးပါတယ်။ "ဘယ်ဆရာက မွေးထုတ်ပေးလိုက်တဲ့ ကလေးကတော့ တော်လိုက်တာ"။ "ဒီကလေးကတော့ ဆိုးမှာပေါ့ သူ့ဆရာမက ငယ်ငယ်က ဘယ်လိုပုံသွင်းပေးလိုက်တာ" စတဲ့ စကားတွေက တပည့်တွေကိုလေ့ကျင့်ပျိုးထောင်ပေးနေတဲ့ ဆရာ ဆရာမတွေရဲ့ သမိုင်းစာမျက်နှာတွေပါပဲ။ တပည့်တွေဆိုတာ လိုရာပုံသွင်းယူလို့ရတဲ့ ဖယောင်းရုပ်လေးတွေပါ။ ဆရာ ဆရာမတွေလက်ထဲမှာ လိုချင်တဲ့ပုံစံကို ပုံဖော်ယူလို့ရပါတယ်။ ကိုယ်ပုံဖော်ယူလိုက်တဲ့ အရုပ်လေး လှပကောင်းမွန်နေမယ်ဆိုရင် ကိုယ်ရေးနေတဲ့ သမိုင်းကြောင်းက ကောင်းမွန်နေလို့ပါပဲ။ အကယ်၍ ကိုယ်ပုံဖော်လိုက်တဲ့အရုပ်လေးမှာ အပြစ်အနာအဆာ ရှိနေမယ်ဆိုရင်တော့ ကိုယ်ရေးနေတဲ့သမိုင်းကြောင်းက လိုအပ်ချက်တွေရှိ နေသေးလို့ပါပဲ။

တပည့်တွေဆိုတာ ဆရာ ဆရာမတွေကို တုန်နေအောင်ကြောက်ဖို့မလိုပါဘူး။ ပွင့်လင်းမြင်သာနေတဲ့ ဒီခေတ်ထဲမှာ ဒီအရာက ပိုပြီးလိုအပ်ပါတယ်။ တပည့်တွေက ဆရာ ဆရာမကို ချစ်ခင်လေးစားနေမယ်ဆိုရင် ကိုယ်ချပေးချင်တဲ့လမ်းကြောင်းမှာ သူတို့ကောင်းကောင်းလျှောက်ပါလိမ့်မယ်။

ဆရာ ဆရာမတိုင်းမှာ တပည့်တွေကို စေတနာမရှိတဲ့ဆရာ ဆရာမရယ်လို့မရှိပါဘူး။ ဒါပေမဲ့ တစ်ခါတစ်ရံမှာ စေတနာအမှားလေးတွေမှားတတ်ကြပါတယ်။ "ငါ့တပည့်ဟာ ငါ့တစ်ယောက်ထဲကိုပဲကြောက်ရမယ်၊ ချစ်ရမယ်၊ ရိုသေရမယ်" အဲဒီလိုပုံစံအသွင်းခံရတဲ့ကလေးဟာ သူ့အတန်းပိုင်ဆရာမတစ်ယောက်တည်းကိုပဲ ဆရာလို့ထင်တတ်ပါတယ်။ ကျန်တဲ့ ဆရာ ဆရာမကို သူတို့စိတ်ထဲမှာ သူတို့ဆရာ ဆရာမလို့ မသတ်မှတ်တတ်ပါဘူး။ ဒါမျိုးကမဖြစ်သင့်ပါဘူး။ ကျွန်မတို့မြန်မာလူမျိုးတွေမှာ ကြီးသူကိုရိုသေ ရွယ်တူကိုလေးစား ငယ်သူကိုသနားဆိုတဲ့ ယဉ်ကျေးမှုဓလေ့ထုံးတမ်းကောင်းတွေရှိပါတယ်။ ဒါ့ကြောင့်လည်း ဒီဓလေ့ထုံးတမ်းကောင်းတွေကို သိနားလည်ဖို့ စာရိတ္တနဲ့ ပြည်သူ့နီတိသင်ခန်းစာကို ထည့်သွင်း သင်ကြားပေးနေရခြင်းဖြစ်ပါတယ်။ ကလေးတွေရင်ထဲမှာ ငယ်စဉ်ကတည်းက အဲဒီအလေ့အကျင့်ကောင်းတွေ စွဲမြဲသွားအောင် ဆရာ ဆရာမတွေက လက်တွေ့သင်ကြားပေးရမှာဖြစ်ပါတယ်။ စာအဖြစ်သင်ကြားပေးခြင်းထက် ရင်ထဲ နှလုံးသားထဲမှာ စွဲမြဲပြီး သိနားလည်သွားစေမယ့် အသိကို ရအောင်သင်ပေးရမှာဖြစ်ပါတယ်။

ကလေးတွေကို စာချည်းပဲအချိန်ပြည့်သင်နေလို့ အဆင်မပြေပါဘူး။ ဆရာခိုင်းလို့သာလုပ်နေရပေမယ့် သူတို့ဦးနှောက်ထဲမှာ အသိပညာက ရမသွားပါဘူး။ စာသင်ချိန်တစ်ချိန်ပြီးတိုင်း သူတို့စိတ်ဝင်စားတဲ့ အရာလေးတွေကို ပေးလုပ်စေခြင်းအားဖြင့် သူတို့ရဲ့စိတ်ကိုကြည်လင်လန်းဆန်းသွားစေပြီး နောက်ထပ်သင်ခန်းစာအတွက် သင်ယူဖို့အဆင်သင့်ဖြစ်စေပါတယ်။

ကလေးတွေမှာ သူတို့ကိုယ်ပိုင်အရည်အချင်းလေးတွေရှိတတ်ပါတယ်။ တချို့ကလေးက ပန်းချီဆွဲရတာနှစ်သက်တတ်သလို တချို့ကလေးက သူတို့စိတ်ကူးဉာဏ်လေးနဲ့ပုံဖော်ရေးသားရတဲ့ စာရေးခြင်းကို နှစ်သက်တတ်ပါတယ်။ တချို့ကလေးက သစ်ပင်စိုက်ရတာဝါသနာပါသလို တချို့ကလေးက စာဖတ်ရတာဝါသနာပါပါတယ်။ တစ်ခါတစ်ရံမှာ ဆရာ ဆရာမတွေက စာကိုချည်းသင်မနေဘဲ သူတို့နှစ်သက်တဲ့ အလေ့အကျင့်လေးတွေ လုပ်ကိုင်စေခြင်းအားဖြင့် သူတို့ရဲ့စိတ်ကူးဉာဏ်လေးတွေကို ဖွင့်ပေးစေချင်ပါတယ်။ သူတို့စိတ်ကူးပုံဖော်ထားတဲ့အရာလေးတွေကိုလည်း ချီးမွမ်းပေးသင့်ပါတယ်။ ဆုပေးခြင်း၊ အမှတ်တရလေးများပေးခြင်းဖြင့် တပည့်တို့ရဲ့ စိတ်ကူးဉာဏ်လေးများကို လမ်းဖွင့်ပေးသင့်ပါတယ်။

ဆရာ ဆရာမတွေဆိုတာ တပည့်တွေနဲ့ တစ်သီးတစ်သန့်စီနေလို့မရပါဘူး။ အထူးသဖြင့် မူလတန်းကိုသင်ရတဲ့ ဆရာ ဆရာမတွေက ပိုပြီးလိုအပ်ပါတယ်။ တပည့်နဲ့ဆရာ ရောရောနှောနှော လက်ပွန်းတတီးအပြန်အလှန် လေးလေးစားစားချစ်ချစ်ခင်ခင်နဲ့ သင်ယူတဲ့သင်ခန်းစာက ဆရာကနေ ဒါရေး ဒါဖတ် ဒါလုပ်ဆိုပြီး သင်ပေးတဲ့သင်ခန်းစာထက်ပိုပြီးထိရောက်မယ်ထင်ပါတယ်။ အဲဒီလိုဖြစ်ဖို့ဆရာ ဆရာမတွေဟာ စိတ်ရှည်ရပါမယ်။ ကလေးတွေကိုချစ်တတ်ရပါမယ်။ တပည့်တွေဆိုတာ လူတန်းစားအသီးသီး၊ အလွှာအသီးသီးကနေ လာကြတဲ့ကလေးတွေပါ။ အဲဒီကလေးတွေကို တစ်သွေးတည်း တစ်သားတည်း တစ်ရောင်တည်းမြင်ပြီး တန်းတူဆက်ဆံရပါမယ်။ ကလေးတွေဟာ စိတ်ခံစားလွယ်တတ်ကြသလို အမှတ်သည်းခြေလည်းကြီးတတ်ကြပါတယ်။ သူတို့အမြင်မှာ ဆရာ ဆရာမအပေါ်ကွဲပြားတဲ့အမြင် မရရှိစေချင်ပါဘူး။ ကလေးအားလုံး ဆရာ ဆရာမအပေါ် လေးစားချစ်ခင်နေသင့်ပါတယ်။ ကြောက်လို့ချစ်တာရိုသေတာထက် ဆရာ ဆရာမအပေါ် ရင်းနှီးကျွမ်းဝင်ပြီး လေးစားချစ်ခင်မှုရှိတာက ပိုပြီးတန်ဖိုးရှိပါတယ်။

ဆရာ ဆရာမတွေဟာ မိမိတပည့်တွေကို အတ္တစိတ်ကင်းပြီး ပရစိတ်ရှိစေဖို့ မွေးမြူပေးရပါမယ်။ ဖိနှိပ်ခံရလွန်းတဲ့ကလေးဟာ အတ္တစိတ်တွေများတတ်ပါတယ်။ လွတ်လပ်ပျော်ရွှင်စွာ စာသင်ကြားရတဲ့ကလေးကတော့ ပရစိတ်တွေကိန်းအောင်းနေတတ်ပါတယ်။ ဒါကြောင့် ကလေးတွေကိုပူလောင်တဲ့ အတ္တစိတ်တွေ မရရှိစေဘဲ လွတ်လပ်ပျော်ရွှင်စွာ အားလုံးနဲ့ရင်းနှီးချစ်ခင်ပူးပေါင်းဆောင်ရွက်တတ်တဲ့ ကလေးများဖြစ်အောင် ပြုစုပျိုးထောင်သင့်ပါတယ်။

အရာရာထူးချွန်ထက်မြက်တဲ့ ကလေးဖြစ်ဖို့ဆိုတာ စာကိုချည်းတော်နေလို့မရပါဘူး။ ယခု လက်ရှိပညာရေးစနစ်အရပြောရရင် ကလေးများဟာ ကာယ ဉာဏ စာရိတ္တ မိတ္တ ဘာဂ ဆိုတဲ့ ဗလငါးတန်နဲ့ ပြည့်စုံတဲ့ပညာရေးကို ရရှိကြရမှာဖြစ်ပါတယ်။ ဒါကြောင့် တပည့်ငယ်လေးတွေကို ဗလငါးတန်နဲ့ ပြည့်စုံတဲ့တပည့်လေးတွေဖြစ်ဖို့ ပြုစုပျိုးထောင်ရမှာဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့ပြောချင်တာက ဆရာ ဆရာမတွေရဲ့သမိုင်းကြောင်းကို ကလောင်ကိုင်ပြီးရေးနေကြတာ တပည့်တွေဆိုတာပါပဲ။ ကိုယ့်သမိုင်းကြောင်း ကောင်းမကောင်းဆိုတာ ကိုယ်ပြုစုပျိုးထောင်နေတဲ့ တပည့်တွေရဲ့လက်ထဲမှာရှိနေတယ်ဆိုတာ ကျွန်မတို့ ဆရာ ဆရာမများ သိထားရမှာဖြစ်ပါတယ်ရှင်။ ။

■

## ကိုဗစ်ကာကွယ်ဆေးထိုးကြစို့

ကိုဗစ်ရောဂါ ကင်းဖို့လေ
စည်းကမ်းရှိစွာနေ။
ကူးစက်မှုတွေ ပပျောက်ရေး
ထိုးကြကာကွယ်ဆေး။
ရောဂါကင်းဝေး စိတ်ချမ်းသာ
လူမှုစီးပွားရှာ။
ကြည်နူးပျော်စွာ ဆောင်ရွက်ကြ
နေ့စဉ်လူ့ကိစ္စ။
ဘိုးဘွားမိဘ ကျန်းမာရန်
ဦးစားပေးထိုးနှံ။
ခုခံအားတွေ အမှန်တိုး
ကာကွယ်ဆေးအကျိုး။
အမြင်ဆိုးများ ရှောင်စေချင်
ယခုချိန်ခါတွင်။
ကျန်းမာဖို့ပင် သတိထား
အားရှိအောင်ကွယ်စား။
တို့တိုင်းရင်းသား ရွှေညီကို
ကိုဗစ်ကင်းစေလို့။
ဗိုင်းရပ်စ်ပိုးကို တိုက်ထုတ်ဖို့
ကာကွယ်ဆေးထိုးစို့။ ။

မောင်ကြည်လင်
(ရွှေကြိုးကြာ)

## ပရဟိတ လူစွမ်းကောင်းများ

ကိုယ့်အသက်ကို မငဲ့ကွက်
အများအတွက် အကျိုးဆောင်။
စေတနာ မေတ္တာနှလုံး
သီကုံးချည်နှောင်။
ပရဟိတ အလင်းရောင်
ခွင်းအမှောင် ကြိုးစား။
တန်ဖိုးဝင် လူသားအဖြစ်
ထုဆစ်လှုပ်ရှား။
အကြင်နာ နှလုံးသား
အပြုံးများက အေးမြပေ။
အားငယ်သူ ဝိုင်းကူဖေးတဲ့
နွေးထွေးမှုတွေ။
အချိန်မရွေး ထမ်းရွက်နေ
ကောင်းမှုဖွေ ဆောင်ရွက်။
လူသားတွေ သုခပြည့်ဖို့
ပျော်မွေ့ရွှေ့ဆက်။
ပရဟိတ မြင့်မြတ်စွာ
ကရုဏာ စိတ်ဓာတ်ထား။
ထာဝစဉ် အပူမလွှမ်းတဲ့
လူစွမ်းကောင်းများ။

ဖြိုးထက် (ရေစကြို)

## တောရွာအလှ စာစီသ

ချစ်စရာ နှစ်ဖက်ပါး
သနပ်ခါးနဲ့ ယဉ်ပါပေ။
မြင်သူတွေ သဘောကျ
တောကပျိုမေ။
မြန်မာ့အလှ တင့်တယ်စေ
ရိုးရာအမွေ ထိန်းသိမ်းကြ။
ချိတ်ထဘီ ရွှေရင်ဖုံးနဲ့
အပြုံးချိုမြ။
ကျေးတောရွာ သဘာဝ
ပကာသန မရှိပြီ။
ရောက်ဖူးသူ လူအများ
သိထားကြသည်။
စိတ်ထားတို့ ဖြူစင်ကြည်
တွဲလက်ညီ လွန်အေးချမ်း။
စေတနာ သဒ္ဓါထက်လို့
နွေးထွေးလက်ကမ်း။
ရွာအလယ် ကန်ပတ်လမ်း
လျှောက်လှမ်းခဲ့ ဇာတာ။
ရေအိုးတွေ ကိုယ်စီပိုက်
ပျိုတစ်သိုက်လာ။
တိမ်တောက်တဲ့ ညနေမှာ
လှနေရှာ ပျိုမေများ။
နေညိုချိန် ပန်းချီတစ်ချပ်လို့
ထင်ဟပ်တင်စား။ ။

မောင်လူစိုး

# လေ့လာစရာ အင်္ဂလိပ်စာ

ကြေးမုံ
အထူးကဏ္ဍ
ဩဂုတ် ၈၊ ၂၀၂၁ (တနင်္ဂနွေနေ့)

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြု လေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် စာမျက်နှာအချပ်ပို လေးမျက်နှာဖြင့် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grade 6 (စနစ်သစ်)

ယခင်အပတ်က Unit:3 Lesson:1 Talking about your city အကြောင်း ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာ Unit:3 Lesson:2 At the market အကြောင်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။

### Unit 3 Lesson 2: At the market (ဈေးမှာ)

- shops in a market
- different kinds of food
- going shopping

**Shops in a market**

**(1) Look at the pictures. Write down what the shop is and what thing we can buy there.**

ရုပ်ပုံများကိုကြည့်ပြီး ဘာဈေးဆိုင်ဖြစ်သလဲနှင့် ဘာဝယ်ယူနိုင်သလဲဆိုတာ ချရေးပြပါ။

| | | |
|---|---|---|
| meat | fish and prawns | dolls and toys |
| food and household items | fruits and vegetables | flowers |

(1) 
This is a butcher's.
We can buy meat.

(2) 
This is a _____.
We can buy _____.

(3) 
This is a _____.
We can buy _____.

(4) 
This is a _____.
We can buy _____.

(5) 
This is a _____.
We can buy _____.

(6) 
This is a _____.
We can buy _____.

**(2) Make a shopping list of at least five things.**

ဈေးဝယ်စာရင်းပြုစုပါ။ အနည်းဆုံးပစ္စည်းငါးမျိုးပါရမည်။

(a) My shopping list is

- chicken ကြက်သား
- fish ______
- potatoes ______
- flowers ______
- garlic ______

(b) My shopping list is

- _____ ဝက်သား
- _____ ပုစွန်
- _____ ကြက်သွန်နီ
- _____ ကစားစရာအရုပ်ကား
- _____ ဆီ

(c) My shopping list is

- _____ အမဲသား
- _____ ဆိတ်သား
- _____ ပဲ
- _____ ပန်းသီး
- _____ ကြက်ဥ

(3) ဈေးဝယ်စာရင်းတွင်ပါသည့် ပစ္စည်းများကို မည်သည့်နေရာတွင် ဝယ်ရမလဲဆိုသည်ကို Student A နဲ့ Student B အပြန်အလှန် အမေး၊ အဖြေလေ့ကျင့်ပါ။ အောက်ဖော်ပြပါဝါကျများကို လိုအပ်သလို အသုံးပြုပါ။

Excuse me, where can I buy …? (တစ်ဆိတ်လောက်.. … ဘယ်နေရာမှာ ဝယ်နိုင်သလဲ။)

| | |
|---|---|
| Where can I buy …? | (… ဘယ်နေရာမှာ ဝယ်နိုင်သလဲ။) |
| Where can I get ..? | (… ဘယ်နေရာမှာ ဝယ်နိုင်သလဲ) |
| (get = buy အတူတူပါပဲ။) | |
| I need to buy …. | (… ငါဝယ်ချင်တယ်။) |
| What about …? | (… လည်းလိုချင်တယ်။) |
| Thank you. | (ကျေးဇူးတင်ပါတယ်။) |
| You can buy it/ them at the …. | (… မှာ ဝယ်နိုင်ပါတယ်။) |
| At the…. | (…မှာဝယ်နိုင်ပါတယ်။) |
| I'm sorry. I don't know. | (ဝမ်းနည်းပါတယ်။ ကျွန်တော် မသိလို့ပါ။) |
| You're welcome. | (ရပါတယ်။) |
| It's my pleasure. | (ကူညီရတာ ပျော်စရာပါပဲ။) |

1. A: Excuse me, where can I buy chicken?
   B: At the butcher's.
2. A: Excuse me, where can I buy fish?
   B: ______________.
3. A: Excuse me, where __________?
   B: ______________.
4. A: Excuse me, ______________?
   B: ________________?
5. A: Excuse me, _______?
   B: ____________.

(လာမည့်အပတ်တွင် Lesson 3: Where is it? သင်ခန်းစာအကြောင်း ဖော်ပြပါမည်)

## Grade 7 (စနစ်သစ်)

ယခင်အပတ်က Unit:2 Lesson 3: What an annoying habit! တွင် ဖော်ပြထားသည့် Present Simple နှင့် Present Continuous Tense တို့ကို ရှင်းပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ adverbs of frequency (ကြိမ်နှုန်းပြ ကြိယာဝိသေသန)နဲ့ always with Present Continuous Tense အကြောင်းကို ရှင်းပြသွားမှာ ဖြစ်ပါတယ်။

### Adverbs of frequency (ကြိမ်နှုန်းပြကြိယာဝိသေသန)

ကြိမ်နှုန်းပြ ကြိယာဝိသေသနဆိုတာ လုပ်ရပ်တစ်ခုကို ဘယ်နှကြိမ်၊ ဘယ်နှခါ လုပ်ဆောင်သလဲဆိုတာကို ဖော်ပြပါတယ်။

ဥပမာ။ ။ **He <u>always</u> gets up early morning.**
**(သူ နံနက်တိုင်း အိပ်ရာ အမြဲတမ်း စောစောထသည်။)**
**They <u>sometimes</u> go to the library.**
**(သူတို့ တစ်ခါတစ်ရံ စာကြည့်တိုက်သွားတယ်။)**
**She goes shopping <u>twice a month</u>.**
**(သူ တစ်လနှစ်ခါ ဈေးဝယ်ထွက်တယ်။)**

အထက်ပါဥပမာတွေကိုလေ့လာကြည့်မယ်ဆိုရင်ကြိမ်နှုန်းပြကြိယာဝိသေသနတွေကို ရေးသားရာမှာ generally(ယေဘုယျအားဖြင့်) ဖော်ပြတာနဲ့ exactly (အတိအကျ)ဖော်ပြတာဆိုပြီး နှစ်မျိုးတွေ့မြင်နိုင်ပါတယ်။

**ယေဘုယျအားဖြင့်ဖော်ပြသော ကြိမ်နှုန်းပြ ကြိယာဝိသေသနများ**

| | | |
|---|---|---|
| always | (အမြဲတမ်း) | 100% |
| usually | (များသောအားဖြင့်) | 90% |
| normally | (သာမာန်အားဖြင့်) | 80% |
| often | (မကြာခဏ) | 70% |
| sometimes | (တစ်ခါတစ်ရံ) | 30% |
| rarely | (ရံဖန်ရံခါ) | 10% |
| hardly ever | (ကြုံတောင့်ကြုံခဲ၊ ရှားရှားပါးပါး) | 5% |
| never | (ဘယ်တော့မှ) | 0% |

**မှတ်သားရန်။** ။ယေဘုယျအားဖြင့်ဖော်ပြသော ကြိမ်နှုန်းပြကြိယာဝိသေသနများကို ဝါကျများတွင် ထည့်သွင်းရေးသားရာတွင် Helping Verb, Verb to be တို့၏ အနောက်၊ Main Verb ၏အရှေ့တွင် ထားရသည်။

ဥပမာ။ She <u>is</u> <u>always</u> late. (Verb to be ရဲ့အနောက်)
<u>I've</u> <u>often</u> been to the US. (Helping Verb ရဲ့အနောက်)
You <u>must</u> <u>never</u> play after a big meal. (Helping Verb ရဲ့အနောက်)
I <u>usually</u> <u>walk</u> to school. (Main Verb ရဲ့အရှေ့)
She <u>hardly ever</u> <u>drinks</u> tea. (Main Verb ရဲ့အရှေ့)

**အကြိမ်အရေအတွက်ကို အတိအကျဖော်ပြသော ကြိမ်နှုန်းပြ ကြိယာဝိသေသနများ**

every… (every day/ week/ month/ year/ Friday/ weekend)
once a … (day/ week/ month/ year)
three times a … (day/ week/ month/ year)
four times a …. (day/ week/ month/ year)

**မှတ်သားရန်။** ။အကြိမ်အရေအတွက်ကို အတိအကျအားဖြင့်ဖော်ပြသော ကြိမ်နှုန်းပြကြိယာဝိသေသနများကို ဝါကျများတွင် ထည့်သွင်းရေးသားရာတွင် ဝါကျ၏နောက်ဆုံးတွင် ထားရသည်။

ဥပမာ။ He runs round the park **<u>every day</u>**.(စာကြောင်းရဲ့ နောက်ဆုံး)
I play tennis **<u>once a week</u>**. (စာကြောင်းရဲ့ နောက်ဆုံး)
She drinks milk **<u>once a day</u>**. (စာကြောင်းရဲ့ နောက်ဆုံး)
I play football **<u>every evening</u>**. (စာကြောင်းရဲ့ နောက်ဆုံး)
Mother cooks something special for us **<u>every weekend</u>**. (စာကြောင်းရဲ့ နောက်ဆုံး)

**(1) Put the words in brackets ( )in the right place in these sentences.**

1.Father works late at the office. (sometimes)
2.Ko Ko plays golf. (twice a month)
3.I eat Monhinga for breakfast. (every day)
4.We watch the TV. (usually)
5.My father gives me pocket money. (once every two days)

**(2) အောက်ပါဝါကျများကို အင်္ဂလိပ်လိုရေးပါ။**

၁။ မေမေ နံနက်တိုင်း အိပ်ရာစောစောထသည်။ (get up/ every morning)
၂။ ဖော်လေး ညတိုင်း နွားနို့တစ်ခွက်သောက်သည်။ (drink/ every night)
၃။ မောင်မောင် သောကြာနေ့တိုင်း ဒီကိုလာသည်။ (come here/every Friday)
၄။ ကျွန်တော် နေ့တိုင်း အိမ်စာလုပ်သည်။ (do homework/every day)
၅။ ညီမလေး နေ့တိုင်း သတင်းစာဖတ်သည်။ (read/ every day)

### Always with Present Continuous Tense

အမြဲတစေ စွဲမြဲလုပ်ဆောင်သည့် လုပ်ရပ်တစ်ခုခုကြောင့် စိတ်အနှောင့်အယှက်ဖြစ်စေသောအခါတွင် Present Continuous Tense (am, is, are + Ving) ကို always နဲ့တွဲသုံးရသည်။

ဥပမာ။ He **<u>is always using</u>** my computer. (သူက ငါ့ကွန်ပျူတာကို အမြဲတမ်းသုံးနေတော့တာပဲ။)

ဥပမာ။ My father **<u>is always watching</u>** a football match on TV. (ဖေဖေကလည်း ဘောလုံးပွဲပဲ ကြည့်နေတော့တာပဲ။)

ဥပမာ။ Mother **<u>is always cooking</u>** fish. (မေမေကလည်း ငါးဟင်းပဲချက်နေတော့တာပဲ။)

လေ့ကျင့်ခန်းဖြေဆိုပါ။

**(1) Write a sentence for each picture. Use the present continuous with "always".ရုပ်ပုံတစ်ခုစီအတွက် "always" အသုံးပြုပြီး ဝါကျတစ်ကြောင်းစီရေးပါ။**

(1) 
Ko Gyi is ______________.

(2) 
He is ________________.

(3) 
Zaw Zaw is ____________.

(4) 
Ma Ma is _____________.

(5) 
They are ______________.

(6) 
Aung Aung is _________.

**(2) Rewrite the sentences in the right order.**

1.Uncle/ always/ is / watching the TV.
2.Teacher Kyaw/ always / is/ giving us homework.
3.Father/ always / is / us/ scolding.
4.Ma Lay/ always / is / looking at/ in the mirror/ herself.
5.My brothers / are/ playing football/ always.

**(လာမည့်အပတ်တွင် Lesson:4 What do you usually do at weekends? အကြောင်းဖော်ပြသွားပါမည်)**

## Grade 8 (စနစ်ဟောင်း)

အရင်အပတ်က Wh မေးခွန်းဖြေဆိုနည်းတွေထဲက Where, When မေးခွန်းတွေကို ရှင်းပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Why မေးခွန်းအကြောင်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။

### (8) Why မေးခွန်းကို ဖြေဆိုတဲ့အခါ

ဘာကြောင့်လဲ။ အကြောင်းပြချက် (သို့မဟုတ်) ရည်ရွယ်ချက်ကိုမေးတဲ့ မေးခွန်းဖြစ်တဲ့အတွက် ကိုယ်ဖြေမယ့်အဖြေက **အကြောင်းပြချက်လား** သို့မဟုတ် **ရည်ရွယ်ချက်ပြလား**ဆိုတာ သေချာစဉ်းစားရပါမယ်။

**အကြောင်းပြချက်အဖြေဆိုရင်**

* because/ as/ since/ for + Subject Verb (သောကြောင့်)

* because of/ due to/ on account of/ owning to + Noun/Ving

ပုံစံနဲ့ဖြေရပါတယ်။

ဥပမာ။ Father scolded us. We didn't do any housework.

ဖေဖေ ကျွန်တော်တို့ကို ဆူပူကြိမ်းမောင်းတယ်။ ကျွန်တော်တို့က အိမ်အလုပ်တွေမလုပ်ခဲ့ဘူး။

**မေး။ ဖေဖေဘာကြောင့် ကျွန်တော်တို့ကို ဆူပူကြိမ်းမောင်းတာလဲ။**

**ဖြေ။ ကျွန်တော်တို့ အိမ်အလုပ်တွေ မလုပ်ခဲ့လို့။**

အဖြေက အကြောင်းပြချက်ဖြစ်ပါတယ်။ ဒါကြောင့် အထက်မှာပေးထားတဲ့ အတိုင်း ပြန်ဖြေရမယ်။

အဖြေက Subject Verb ပါတဲ့ဝါကျ ဖြစ်နေတော့ because/ as/ since/ for ကြိုက်တာနဲ့ဖြေဆိုနိုင်ပါတယ်။ ဒါကြောင့်

e.g. Father scolded us <u>because we didn't do any housework</u>. ဆိုပြီးဖြစ်သွားပါတယ်။

ဥပမာ။ He didn't buy that house. It was very expensive.

သူအဲဒီအိမ်ကို မဝယ်ခဲ့ဘူး။ အဲဒီအိမ်က ဈေးကြီးတယ်။

**မေး။ သူအဲဒီအိမ်ကို ဘာလို့ မဝယ်ခဲ့တာလဲ။**

**ဖြေ။ ဈေးကြီးလို့။**

အဖြေက အကြောင်းပြချက်ဖြစ်ပါတယ်။ ဒါကြောင့် အထက်မှာဖော်ပြတဲ့အတိုင်း because/ as/ since/ for Subject Verb (or) because of/ due to/ on account of/ owning to + Noun/Ving ကြိုက်တာနဲ့ ဖြေဆိုနိုင်ပါတယ်။

အဖြေမှာ Subject Verb ဝါကျဖြစ်တဲ့အတွက်

because/as/since/for it was very expensive. ဆိုပြီးဖြေဆိုနိုင်ပါတယ်။

e.g. He didn't buy that house <u>because it was very expensive</u>. ဆိုပြီးဖြစ်သွားပါတယ်။

နောက်ပုံစံတစ်မျိုးဖြစ်တဲ့ because of / due to/ on account of/ owning to + Noun/ Ving တို့နဲ့ဖြေရင် အဖြေက Noun form/ Ving (verbal noun) တွေ ဖြစ်ရပါမယ်။

ဥပမာ။ He didn't buy that house <u>because of its high price</u>.

သူအဲ့ဒီအိမ်ကို မဝယ်ခဲ့ပါဘူး။ ဘာလို့ဆိုရင် ဈေးကြီးလို့ဖြစ်ပါတယ်။ အဓိပ္ပာယ်က အတူတူပဲ။ ဖြေပုံဖြေနည်းကွာတယ်။ အောက်ပါဝါကျနှစ်ကြောင်းကို လေ့လာကြည့်ပါ။

e.g. He didn't buy that house <u>because it was very expensive.</u>

He didn't buy that house <u>because of its high price</u>.

ဥပမာနောက်တစ်ခု လေ့လာကြည့်ပါ။

ဥပမာ။ Aung Aung did not go to school. He was ill.

အောင်အောင် ကျောင်းမသွားဘူး။ သူနေမကောင်းဖြစ်နေတယ်။

**မေး။ အောင်အောင် ဘာလို့ ကျောင်းမသွားတာလဲ။**

**ဖြေ။ သူနေမကောင်းဖြစ်လို့။**

ဆရာတို့ အဖြေကို ပုံစံနှစ်မျိုးစလုံးနဲ့ ဖြေဆိုကြည့်ပါမယ်။

ပုံစံ (၁) Aung Aung did not go to school <u>because he was ill</u>. (Verb to be+ Adjective ပုံစံ)

ပုံစံ (၂) Aung Aung did not go to school <u>because of his illness</u>. (ပိုင်ဆိုင်မှု+နာမ်)

**ဥပမာ။ The headmaster awarded the students. They are outstanding.**

ပုံစံ (၁) The headmaster awarded the students <u>because they are outstanding.</u>

ပုံစံ (၂) The headmaster awarded the students <u>because of their hard work.</u>

**လေ့ကျင့်ခန်းများဖြေဆိုပါ။**

Choose "**because**" or "**because of**".

1. I came here _____ I want to talk to you.
2. Sorry! I am late ____ the traffic.
3. She got the best grades ____ she had worked hard.
4. Ko Ko had a terrible accident ____ he was driving fast.
5. He couldn't run ____ his old age.
6. The meeting was postponed ____ the bad weather.
7. She left early ____ she was tired.
8. Their new product didn't sell well ____ its poor quality.
9. I couldn't attend the meeting ____ I was very ill.
10. Soe Soe moved to Nay Pyi Taw ____ her job.

အဖြေက အကြောင်းပြချက်မဟုတ်ဘဲ **ရည်ရွယ်ချက်ပြဆိုရင်**

- ❍ to / in order to/ so as to V1
- ❍ so that/ in order that Subject Verb (modal verb) ပုံစံနဲ့ ဖြေဆိုရပါတယ်။

ဥပမာ။ Ma Ma brought a rose flower to school. She would give it to her class teacher.

မမက ကျောင်းကိုနှင်းဆီပန်းယူလာတယ်။ သူက အတန်းပိုင်ဆရာမကိုပေးမယ်။

**မေး။ မမ ဘာလို့ ကျောင်းကို နှင်းဆီပန်းယူလာတာလဲ။**

**ဖြေ။ သူ့အတန်းပိုင်ဆရာမကို ပေးမလို့။**

အဖြေက ရည်ရွယ်ချက်ပြ ဖြစ်ပါတယ်။ ဒါကြောင့် **to/ in order to/ so as to + V1** ပုံစံနဲ့ဖြေ (သို့မဟုတ်) **in order that / so that Subject Verb (modal verb)** ပုံစံ ကြိုက်နှစ်သက်ရာဖြေဆိုနိုင်ပါတယ်။

ပုံစံ (၁) Ma Ma brought a rose flower to school <u>to give it to the class teacher</u>.

ပုံစံ (၂) Ma Ma brought a rose flower to school <u>so that she would give it to the class teacher</u>.

ဥပမာ။ I went to my aunt's house. I would invite them to my birthday.

အဒေါ်အိမ်ကို သွားခဲ့တယ်။ သူတို့ကို ကျွန်တော့်မွေးနေ့ဖိတ်မလို့။

**မေး။ ဘာလို့ အဒေါ်အိမ်ကို သွားခဲ့တာလဲ။**

**ဖြေ။ သူတို့ကို ကျွန်တော့်မွေးနေ့ဖိတ်မလို့။**

ပုံစံ (၁) I went to my aunt's house <u>to invite them to my birthday</u>.

ပုံစံ (၂) I went to my aunt's house <u>so that I would invite them to my birthday</u>.

**လေ့ကျင့်ခန်းများဖြေဆိုပါ။**

Choose "in order to" or "so that".

1. I have started an English course ___ improve my English skill.
2. Father turned off the radio ___ he could concentrate on his work.
3. I went to bed early ___ wake up early.
4. We all put on our jackets ___ keep warm.
5. I took my digital camera with me ___ I could take photos during my trip.
6. I have opened the window ___ let some fresh air in.
7. I called you ___ invite you to my birthday.
8. Many people leave their countries ___ have better lives.
9. My brother worked so hard ___ he could pass his exams.
10. I waited for an hour ___ I could meet her.

(ဆက်လက်ဖော်ပြပါမည်)

## Grade 9 (စနစ်ဟောင်း)

အရင်အပတ်က Past Perfect Tense အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Future Tense အကြောင်း ဖော်ပြသွားမှာဖြစ်ပါတယ်။

### Simple Future Tense (will + V1)

အနာဂတ်တွင် လုပ်ဆောင်မည့်ကိစ္စရပ်များကို ကြိုတင်ဖော်ပြ ပြောဆိုရာတွင် Simple future tense (will + V1) ကိုသုံးသည်။ **"လိမ့်မယ်"** ဟု ဘာသာပြန်ရသည်။ (ယခုရှိတဲ့ သတင်းအချက်အလက်အပေါ်မူတည်ပြီး အနာဂတ်တွင် ဘာလုပ်မယ်၊ ဘာမလုပ်ဘူးဆိုပြီး ဆုံးဖြတ်ချက်ချမှတ်သည်။)

ဥပမာ။ I will go to Bagan tomorrow. (မနက်ဖြန် ကျွန်တော်ပုဂံသွားမယ်။)

We **will meet** again. (ငါတို့ထပ်တွေ့ကြမယ်။)

I **will try** again. (ကျွန်တော် ထပ်ကြိုးစားမယ်။)

She **will come** to your birthday. (မင်းမွေးနေ့ပွဲကို သူလာလိမ့်မယ်။)

**အထက်ပါဝါကျတွေဟာ စကားပြောတဲ့အချိန်မှာမှ လုပ်ဆောင်ဖို့ကို ဆုံးဖြတ်ချက်ချမှတ်တဲ့ ဝါကျတွေဖြစ်ပါတယ်။ ဒါကြောင့် will +V1 နဲ့ရေးရပါတယ်။**

**မှတ်ချက်။ I/We ဆိုရင် shall နဲ့သုံးလေ့ရှိပါတယ်။ အခု modern English မှာတော့ I/We ကိုလည်း will နဲ့သုံးနေကြပါပြီ။ (I/We shall = I/We will)**

**Forms**

| | | |
|---|---|---|
| **Positive form** | – | I/We/You/They/He/She/It <u>**will play**</u> tennis. |
| **Negative form** | – | I/We/You/They/He/She/It <u>**will not play**</u> tennis. |
| **Question form** | – | **Will** I/We/You/They/He/She/It **play** tennis? |
| **Negative short form** | – | **will not = won't** |

**(Subject အနည်းကိန်းရော အများကိန်းပါ will သုံးရပါတယ်။)**

**Time expressions (အချိန်ညွှန်းကိန်း)**

**Tomorrow မနက်ဖြန် , tonight ဒီည, in an hour တစ်နာရီအတွင်း, next week လာမည့်အပတ်မှာ, soon မကြာမီ**

**လေ့ကျင့်ခန်းများဖြေဆိုပါ။**

**(1) Translate the following into English.**

1. သူတို့ မနက်ဖြန် ဒီကိုလာလိမ့်မယ်။ (come here) ________________________.
2. ကျွန်တော်တို့ သူတို့ကို ကူညီကြမယ်။ (help them) ________________________.
3. သူ မကြာမီ စာကျက်လိမ့်မယ်။ (study his lessons) ________________________.
4. သူ ဒီကားကို လာမည့်အပတ်မှာ ဝယ်လိမ့်မယ်။ (buy) ________________________.
5. သူတို့ တစ်နာရီအတွင်းမှာ ထွက်ခွာကြလိမ့်မယ်။ (leave) ________________________.

(2) Fill in the blanks with the **<u>Simple Future tense</u>** of the verbs in brackets.

1. He ___ (not wait) for us tomorrow.
2. She ___ (stay) home this afternoon.
3. We ___ (not play) badminton next Wednesday.
4. We ___ (go) to the party tomorrow night.
5. She ___ (accept) this job.
6. I ___ (tell) you the whole story tomorrow.
7. Father ___ (buy) a new car next month.
8. Min Maung ___ (come) here in a few minutes.
9. ___ she ___ (sell) her old car next month?
10. ___ you ___ (read) this book again?

### (Be) going to + V1 (တော့မည်)

အနာဂတ်တွင် လုပ်ဆောင်မည့် ကိစ္စရပ်များကို ဖော်ပြပြောဆိုရာတွင် (be) + going to V1 ကို သုံးသည်။ **"တော့မည်"**ဟု ဘာသာပြန်ရသည်။ လုပ်ဆောင်မည့်ကိစ္စရပ်နှင့်ပတ်သက်ပြီး ကြိုတင်ဆုံးဖြတ်ထားပြီးဖြစ် သို့မဟုတ် စီစဉ်ထားပြီးဖြစ်သည်။ လုပ်ဆောင်ဖို့၊ ဖြစ်ပျက်ဖို့ သေချာသည်။

ဥပမာ။ I <u>am going to buy</u> that house. (ကျွန်တော်အဲဒီအိမ်ကို ဝယ်တော့မယ်။)

We <u>are going to fell down</u> this mango tree. (ကျွန်တော်တို့ ဒီသရက်ပင်ကို ခုတ်လှဲချတော့မယ်။)

She <u>is going to visit</u> us tomorrow.

(သူ ငါတို့ဆီမနက်ဖြန်လာလိမ့်မယ်။) **သေချာမှုရှိတဲ့သဘော**

We <u>are going to have fish</u> for dinner tonight. (ကျွန်တော်တို့ ဒီညစာကို ငါးဟင်းစားကြတော့မယ်။) **ကြိုတင်စီစဉ်ထားတဲ့သဘော**

**Forms**

| | | |
|---|---|---|
| Positive form | – | I **am going to play** football on weekends. |
| | | We/You/They **are going to swim** this evening. |
| | | He/She/It **is going to arrive** here late. |
| Negative form | – | I **am not/ I'm not** going to play football on weekends. |
| | | We/ You/ They **are not/ aren't** going to swim this evening. |
| | | He/ She/ It **is not/ isn't** going to arrive here late. |
| Question form | – | **Am I going to play** football on weekends? |
| | | **Are** we/you/they **going to swim** this evening? |
| | | **Is** he/she/it **going to arrive** here late? |

- **Will V1 – အနာဂတ်လုပ်ဆောင်ဖို့ အခုမှ ဆုံးဖြတ်ချက်ချမှတ်။**
- **(be) going to V1–အနာဂတ်လုပ်ဆောင်ဖို့အခုအချိန်မတိုင်မီကတည်းက ဆုံးဖြတ်ချက်ချမှတ်ပြီးသား၊ ကြိုတင်စီစဉ်ပြီးသား၊ သေချာမှုရှိ။**

**ဥပမာ။ ရုတ်တရက် ဖုန်းထမြည်လို့ ဖုန်းကိုင်ဖို့ သွားတယ်ဆိုရင် will V1 နဲ့ ရေးရမယ်။**

e.g. I <u>will answer</u> the phone.

ဒီလိုမဟုတ်ဘဲ ဖုန်းမလာခင်ကတည်းက ဖုန်းလာရင်ကိုင်ဖို့ ဘေးမှာ ထိုင်စောင့်နေတယ်ဆိုရင် (be) going to V1 နဲ့ရေးရပါတယ်။

e.g. I <u>am going to answer</u> the phone.

**လေ့ကျင့်ခန်းများဖြေဆိုပါ။**

(1) Write out these sentences using the "**going to**" form of the verbs in brackets.

1. I ___ (visit) my grandpa next month.
2. Mother ___ (fly) to the UK next Sunday.
3. They ___ (see) a show tonight.
4. Look out! The tree ___ (fall).
5. Mother ___ (buy) a new watch for my birthday.

**(လာမည့်အပတ်တွင် Future Continuous tense and Future Perfect tense အကြောင်းဖော်ပြပါမည်)**

## Grade 10 (စနစ်သစ်)

အရင်အပတ်က Unit 3: Zero(သုည) အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Unit 4: Painting (ပန်းချီရေးဆွဲခြင်း)အကြောင်း ဖော်ပြသွားမှာ ဖြစ်ပါတယ်။

### Unit 4 : PAINTING (ပန်းချီရေးဆွဲခြင်း)

ပန်းချီရေးဆွဲရတာကို ကြိုက်နှစ်သက်သလား။ သားတို့၊ သမီးတို့ရော ပန်းချီဆွဲတော်သလား။ ပန်းချီရေးဆွဲရတာ လွယ်ကူတယ်လို့ရောထင်သလား။ လွယ်ကူတယ်လို့ ဘာကြောင့်ထင်တာလဲ။ မလွယ်ကူဘူးလို့ရော ဘာကြောင့်ထင်ရတာလဲ။ ဒီမေးခွန်းတွေကို ဖြေဆိုနိုင်ဖို့အတွက် ပန်းချီရေးဆွဲခြင်း အကြောင်းကို လေ့လာကြည့်မယ်နော်။

ပန်းချီဆိုတာ အရောင်တွေအသုံးပြုပြီး ရေးဆွဲရတဲ့အနုပညာတစ်ခု ဖြစ်သလို အလွန်ရှေးကျတဲ့ ပညာရပ်တစ်ခုလည်းဖြစ်တယ်။ ဥရောပ တောင်ပိုင်းမှာရှိတဲ့ လိုဏ်ဂူတွေထဲမှာတွေ့ရတဲ့ ပန်းချီလက်ရာတွေဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၇၅၀၀၀ နဲ့ ၁၅၀၀၀ ကြားမှာ ရေးဆွဲခဲ့တယ်လို့ ယူဆရတယ်။ အဲဒီခေတ်ကာလကို ဆရာတို့ လူ့သမိုင်းမှာ ကျောက်ခေတ်လို့ သတ်မှတ်ခဲ့တယ်။ အဲဒီခေတ်ကာလက လူတွေဟာ ကိရိယာတန်ဆာပလာတွေနဲ့ လက်နက်တွေကို ကျောက်တွေနဲ့ ရွေဆစ်ထုလုပ်ပြီး အသုံးပြုခဲ့ကြတယ်။

ပန်းချီရေးဆွဲခြင်းမှာ အမျိုးအစား ငါးမျိုးရှိတယ်။ ရေဆေးပန်းချီ၊ ဆီဆေးပန်းချီ၊ နံရံဆေးပန်းချီ၊ နံရံပန်းချီနဲ့ အင်္ဂတေပန်းချီတို့ ဖြစ်ပါတယ်။

ရေဆေးပန်းချီကို ဆေးရောင်ခြယ်တွေနဲ့ ရေနဲ့ရောစပ်ပြီးထွက်လာတဲ့ အရောင်တွေကိုသုံးပြီး စာရွက်ပေါ်မှာ ရေးဆွဲရတယ်။ ဆီဆေးပန်းချီကို ဆီဆေးအရောင်တွေကိုသုံးပြီး ရွက်ဖျင်စပေါ်မှာရေးဆွဲရတယ်။ နံရံဆေးရေးပန်းချီကို ခြောက်သွေ့တဲ့နံရံပေါ်မှာ အရောင်မျိုးစုံသုံးပြီးရေးဆွဲရတယ်။ အဲဒီအရောင်တွေကို ရေ၊ ကြက်ဥအနှစ်နဲ့ကော်ရောစပ်ပြီး ဖော်စပ်ကြတယ်။ နံရံပန်းချီကို နံရံတစ်ခုရဲ့ ခြောက်သွေ့တဲ့အင်္ဂတေပေါ်မှာ ရေဆေးကို စုတ်ချက်ဆွဲပြီး ရေးဆွဲရတယ်။ အင်္ဂတေပန်းချီကိုတော့ စိုစွတ်တဲ့ နံရံပေါ်မှာ ရေဆေးကို စုတ်ချက်မြန်မြန်လေး ရေးဆွဲရတယ်။

ပန်းချီဆရာအများစုက စိတ်ပျော်ရွှင်မှုရဖို့ ပန်းချီရေးဆွဲကြတယ်။ အချို့ကျတော့ အသက်မွေးဝမ်းကျောင်းအတွက်ပေါ့။ အချို့ပန်းချီဆရာတွေက နေဝင်ချိန်အလှ ဒါမှမဟုတ် ကျေးလက်ဒေသအလှတို့ကို ဦးစားပေးရေးဆွဲကြတယ်။ အချို့ကျတော့ ပုံတူပန်းချီကို ရေးဆွဲရတာ နှစ်သက်ကြတယ်။ အင်္ဂတေပန်းချီနဲ့ နံရံပန်းချီတွေဟာ ဘာသာတရားနဲ့သက်ဆိုင်တဲ့ အကြောင်းအရာတွေကို ဖော်ပြကြတယ်။ သမိုင်းဝင်နဲ့ မျိုးချစ်စိတ်ဓာတ်ထက်သန်စေတဲ့ အကြောင်းအရာတွေကိုလည်း ဖော်ပြကြတယ်။ စေတီပုထိုးတွေမှာမြင်တွေ့ရတဲ့ ပန်းချီကားအများစုဟာ နံရံပန်းချီအမျိုးအစားတွေဖြစ်ပါတယ်။ အဲဒီပန်းချီကားတွေက ဗုဒ္ဓဝင်ထဲက ဇာတ်လမ်းဇာတ်ကွက်တွေကို သရုပ်ဖော်ပြကြတယ်။

ပန်းချီရေးဆွဲနည်း အမျိုးအစားတွေထဲက စိတ္တဇပန်းချီနဲ့ ကျူဘစ်ဆင်လို့ခေါ်တဲ့ ဂျီသြမေတြီပုံတွေနဲ့ ရေးဆွဲတဲ့ပန်းချီတွေဟာ စိတ်ဝင်စားဖို့ကောင်းပါတယ်။ ဘာလို့လဲဆိုရင် သူတို့က သမားရိုးကျပန်းချီရေးဆွဲနည်းတွေကနေ မူကွဲထွက်နေလို့ပဲ ဖြစ်ပါတယ်။ စိတ္တဇပန်းချီကို ၁၉၄၀ ပြည့်နှစ်အတွင်းက နယူးယောက်မြို့မှာ စတင်ရေးဆွဲခဲ့တယ်။ ဒီပန်းချီအမျိုးအစားဟာ အလွယ်တကူသိနိုင်တဲ့ပုံရိပ်တွေမပါဘဲ ရေးဆွဲထားတဲ့ ပန်းချီမျိုးဖြစ်ပါတယ်။ ဒီပန်းချီမှာ သမားရိုးကျပုံစံတွေနဲ့ အကန့်အသတ်တွေကို လိုက်နာမှုမရှိဘူး။ မူကွဲထွက်ပြီး ရေးဆွဲထားတဲ့ ပန်းချီတစ်မျိုးဖြစ်ပါတယ်။

ဂျီသြမေတြီပုံတွေနဲ့ ရေးဆွဲတဲ့ပန်းချီက ခေတ်သစ်ပန်းချီရေးနည်းတစ်မျိုး ဖြစ်ပါတယ်။ ဒီပန်းချီအမျိုးအစားကို စပိန်ပန်းချီဆရာကြီး ပါဘလိုပီကာဆိုက စတင်တီထွင်ရေးဆွဲခဲ့တာပါ။ ဒီပန်းချီအမျိုးအစားမှာ ဂျီသြမေတြီပုံတွေကိုသုံးပြီး တစ်ခုနဲ့တစ်ခု ထပ်နေတဲ့ပုံစံတွေ၊ ဖောက်ထွက်နေတဲ့ပုံစံတွေကို ရေးဆွဲကြတယ်။ များသောအားဖြင့်ကတော့ ရေးဆွဲနည်း နှစ်မျိုးရှိတယ်။ ပန်းချီဆရာပေးချင်တဲ့ အကြောင်းအရာကို သိနိုင်ဖို့ခဲယဉ်းတယ်။

လူသိများတဲ့ပန်းချီရေးဆွဲနည်း ငါးမျိုးအပြင် နောက်ထပ်တစ်မျိုးကတော့ ဂရပ်ဖတီလို့ခေါ်တဲ့ အမျိုးအစားပဲဖြစ်ပါတယ်။ ဒီအမျိုးအစားက လူမြင်ကွင်းမှာရှိတဲ့ မျက်နှာပြင်တစ်ခု ဒါမှမဟုတ် နံရံတစ်ခုပေါ်မှာ ကျွမ်းကျင်လှတဲ့ဖန်တီးမှုပုံစံတစ်ခုကို ရေးဆွဲတဲ့နည်းပဲဖြစ်ပါတယ်။ ခွင့်ပြုချက်တွေလည်း မတောင်းခံဘဲနဲ့ရေးဆွဲကြပါတယ်။ များသောအားဖြင့် ဒီပန်းချီအမျိုးအစားတွေကို မြေအောက်ရထားတွေ၊ ဘတ်စ်ကား၊ မြေအောက်လိုဏ်ဂူ၊ စာတိုက်သေတ္တာတွေ၊ တယ်လီဖုန်းသေတ္တာတွေနဲ့ အဆောက်အအုံနံရံတွေမှာ တွေ့မြင်နိုင်ပါတယ်။

ဂရပ်ဖတီ ပန်းချီအမျိုးအစားတွေဟာ အနုပညာတစ်ခုလား၊ စိတ်အနှောင့်အယှက်ဖြစ်မှုတစ်ခုလားဆိုတဲ့ စကားရည်လုပွဲတွေကတော့ လက်ရှိအချိန်အထိ ရှိနေဆဲပါပဲ။ အချို့နိုင်ငံတွေမှာဆိုရင် နံရံတွေပေါ်မှာ ဒီလိုရေးဆွဲတာဟာ ပြစ်မှုမြောက်တယ်။ အချို့နိုင်ငံတွေမှာတော့ ပန်းချီဆရာတွေဟာ သီးသန့်နေရာတစ်ခုမှာ ရေးဆွဲကြတယ်။ ဥပမာပြောရရင် တရုတ် (တိုင်ပေ)မှာ ဂရပ်ဖတီဇုန် ဆိုပြီး နေရာသတ်မှတ်ပေးထားတယ်။ ဒီပန်းချီအမျိုးအစားဟာ မြို့ကြီးတစ်ခုအတွက် မရှိမဖြစ်အရေးပါတယ်လို့ ထင်မြင်ကြတယ်။ ဂရပ်ဖတီ ပန်းချီသာမရှိရင် ခေတ်မီတဲ့မြို့ရဲ့အလှလည်း ပေါ်လွင်မှုရှိမှာ မဟုတ်ဘူးလို့ ယူဆကြပြန်တယ်။

**Comprehension exercises**

**I. Complete each sentence below with a word or phrase from the reading passage.**

1. Painting is the art of drawing in _____s.
2. The Palaeolithic Age is the early _____ Age.
3. The people of that age used tools and weapons made only of ____.
4. There are _____ common kinds of painting.
5. ____ is done on canvas, using oil colours.
6. Tempera painting is done with colours made from pigments mixed with water, ___ and glue.
7. ____ portray religious, historic or patriotic themes.
8. ___ can be mostly seen on the structures around pagodas.
9. ___ and ___ are different from the conventional style of painting.
10. ____ was invented by the Spanish artist Pablo Picasso.

Ans:

*1. colours; 2. Stone; 3. stone; 4. five; 5. Oil painting; 6. egg yolk; 7. Frescos and murals; 8. Mural paintings; 9. Abstract expression and cubism; 10. Cubism;*

**II. Answer the questions.**

1. What is painting?
2. Where were the first paintings found?
3. What did the people of the Stone Age make tools and weapons of?
4. How many kinds of painting are there in common? What are they?
5. What do we need to do oil painting?
6. What paintings portray religious, historic or patriotic themes?
7. What painting depicts the many significant events in the life of the Lord Buddha?
8. Why are abstract expressionism and cubism interesting?
9. When and where is abstract expressionism firstly found?
10. What kind of painting is cubism?

Ans:

*1. Painting is the art of drawing in colours.*
*2. The first paintings were found in the caves of southern Europe.*
*3. The people of the Stone Age made tools and weapons of stone.*
*4. There are five kinds of painting in common. They are water-colour painting, oil painting, tempera painting, mural painting, and fresco painting.*
*5. We need some canvas and oil colours to do oil painting.*
*6. Frescos and murals portray religious, historic or patriotic themes.*
*7. Murals depict the many significant events in the life of the Lord Buddha.*
*8. Abstract expressionism and cubism are interesting because they do not follow the conventional style of painting.*
*9. Abstract expressionism was firstly found in New York in the 1940s.*
*10. Cubism is a modern art in painting, in which there are geometric shapes and forms that may overlap and penetrate one another.*

(ဆက်လက်ဖော်ပြပါမည်)

## Grade 11 (စနစ်ဟောင်း)

အရင်အပတ်က Unit 2 : Too Much Knowledge Maketh Fools အကြောင်းကို ရှင်းပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ လေ့ကျင့်ခန်းများ ဖော်ပြသွားမှာ ဖြစ်ပါတယ်။

### Unit 2: TOO MUCH KNOWLEDGE MAKETH FOOLS

**(ယခင်အပတ်မှ အဆက်)**

**လေ့ကျင့်ခန်းများဖြေဆိုပါ။**

**Question No. I**

**(A) Write the correct word or words to complete each sentence.**

1. Once upon a time, the four youths _____ under the famous professor Disaparmauk of Taxila.
2. Each of them came of a _____ from a different country.
3. Their different _____ were music and dancing; medicine, astrology and philosophy.
4. After the four youths _____ for three years, they were considered proficient in their respective subjects.
5. The time came to say good-bye to their professor and return to their respective parents after they _____ for three years.
6. As a parting gift, the professor gave them a cooking pot and some _____.
7. As the professor's _____ gift to his students, he gave them a piece of advice.
8. Unless they have _____ to act suitably to the time and circumstance of a situation, they may have to go hungry.
9. As they did not _____their great teacher meant, they looked at one another, but said nothing.
10. They set forth on their journey home after they _____ their professor.
11. After they _____ for a number of days, they ran out their dry rations.
12. The four youths felt how thoughtful their great teacher _____.
13. The different tasks _____ carried out in order to get a decent meal.
14. The rice was to _____ by the man of music and dancing.
15. _____ is clarified butter.
16. _____ looked around in the market for some time and found that nothing suited him.
17. The philosopher packed _____ in a green leaf.
18. The climbing _____ is quite a different matter.
19. Each began to realize how and why he had failed in _____ his lot.
20. The wisdom of the parting _____ given to them by their great teacher dawned upon them.

**(B) Answer each question in one sentence.**

1. Where did the four youths study?
2. What were the subjects the four youths studied?
3. When did they leave for home?
4. What did they do before they left for home?
5. What did the professor give them?
6. What was the final gift given by the professor to the youths?
7. Why did the professor give the four youths a cooking pot and some grain?
8. What was the professor's advice?
9. What did the youths do when they didn't understand the advice?
10. Why did the astrologer wait instead of climbing down from the tree?
11. Why did the medico come back without buying any meat or fish?
12. Why did the man of music and dancing start dancing when he heard the bubbling noise of the boiling rice?
13. Why was it easy for the astrologer to climb up the bael tree?
14. In order to get a decent meal, what was the man of music and dancing to do and what was the philosopher to do?
15. Why did the four youths fail to carry out the different tasks?

**Question No. III**

**Choose the appropriate word(s) to complete the sentences.**

1. Now it is time to ___ our plan.
(A) carry out (B) carry on (C) carry forward
2. He became a ___ in English and Japanese.
(A) proficient (B) talented (C) skillful
3. An ___ is a person who can tell you about your future.
(A) astrology (B) astrological (C) astrologer
4. I'll ___ I am worried.
(A) admit (B) confess (C) disclose
5. We upgraded our computer to make it ___ to our needs.
(A) suit (B) suitable (C) suitably
6. It is easier to climb up a mountain than to climb ___ .
(A) down (B) over (C) onto
7. This is a proof of ____ theory.
(A) Philosopher (B) philosophy (C) philosophical
8. My sister is ten years ____ than me.
(A) young (B) youth (C) younger
9. The ____ of today are leaders of tomorrow.
(A) young (B) youth (C) younger
10. My parents are retired and in a good ____.
(A) situation (B) condition (C) state
11. Love makes all hard hearts ____.
(A) gentle (B) mild (C) tender
12. ____ your things. We are going to leave.
(A) Pack (B) Packing (C) Packed
13. I have a good ____ of smell.
(A) sense (B) intellect (C) wisdom
14. He is ____ for his music.
(A) famous (B) prominent (C) outstanding
15. That is very ____ of you.
(A) attentive (B) thoughtful (C) considerate

(လာမည့်အပတ်တွင် အဖြေများဖော်ပြပါမည်)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ အချပ်ပိုစာမျက်နှာများတွင် ဖော်ပြထားသည့် ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် အချပ်ပိုစာမျက်နှာများကို ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# အင်္ဂလိပ်စာဖတ်စွမ်းရည်မြှင့်တင်ရေးကဏ္ဍ

အင်္ဂလိပ်စာလေ့လာသူများ စာဖတ်စွမ်းရည် တိုးတက်စေရန် ရည်ရွယ်ပြီး စာဖတ်စွမ်းရည်မြှင့်တင်ရေးကဏ္ဍကို ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါသည်။ စာဖတ်ခြင်းဖြင့် ဗဟုသုတလည်း ရရှိနိုင်သလို အင်္ဂလိပ်စာဝေါဟာရများ၊ သဒ္ဒါအသုံးအနှုန်းများ၊ စာရေးနည်းပုံစံများကို လေ့လာနိုင်မည်ဖြစ်ပါသည်။ စာဖတ်အားနည်းသူများပါ လေ့လာသိရှိနိုင်ရန် အင်္ဂလိပ်-မြန်မာ ဘာသာနှစ်မျိုးဖြင့် ဖော်ပြထားပါသည်။ စာပိုဒ်များကို ရွေးချယ်ရာတွင်လည်း စာဖတ်သူများ စိတ်ဝင်စားဖွယ်ရှိသော အကြောင်းအရာများကို ဦးစားပေး ရွေးချယ်ထည့်သွင်းဖော်ပြသွားမည်ဖြစ်ပါသည်။

ယခုအချပ်ပိုစာမျက်နှာတွင် စာဖတ်စွမ်းရည်မြှင့်တင်ရေးကဏ္ဍအတွက် **Global Warming** အကြောင်းကို ဖော်ပြထားပါသည်။ စာပိုဒ်ဖတ်ပြီးပါက နားလည်နိုင်စွမ်းမည်မျှရှိသလဲဆိုသည်ကို သိရှိနိုင်ရန် လေ့ကျင့်ခန်းများကို ဖြေဆိုနိုင်ပါသည်။

## Global Warming

Global warming is the temperature of Earth's surface, oceans and atmosphere going up. Average temperatures today are about 1 degree Celsius (1.8 degree Fahrenheit) higher than before the Industrial Revolution, which happened around 1850. The most noticeable change because of this increase in temperature is the melting of ice caps all around the world. Sea level is rising steadily because of continental ice melting into the sea. Many cities will be partly flooded by the ocean in the 21st century.

Among the greenhouse gases, the increase of carbon dioxide (CO2) in the atmosphere is the main cause of global warming. When people burn fossil fuels like coal, oil and natural gas this adds carbon dioxide into the air. When people cut down many trees (deforestation), this means less carbon dioxide is taken out of the atmosphere by those plants.

As the Earth's surface temperature becomes hotter the sea level becomes higher. This is partly because water expands when it gets warmer. It is also partly because warm temperatures make glaciers and ice caps melt. The sea level rise causes coastal areas to flood. Weather patterns are changing. Deserts will probably increase in size. Colder areas will warm up faster than warm areas. Strong storms may become more likely and farming may not make as much food.

To reduce global warming we can do to reduce the contribution of greenhouse gases to the atmosphere. Therefore, the solutions that we can reduce global warming are reducing gasoline, electricity and our activities that cause global warming.

Another way to reduce global warming is recycle. Recycle can reduce garbage by reusing plastic bags, bottles, papers or glass. If all this is being reused, human can reduce deforestation and help save environment. Trees will help to improve the temperature on earth.



## ကမ္ဘာကြီးပူနွေးလာခြင်း

ကမ္ဘာကြီးပူနွေးလာခြင်းသည် ကမ္ဘာ့မျက်နှာပြင်၊ ပင်လယ်သမုဒ္ဒရာများနှင့် လေထုတို့၏ အပူချိန်မြင့်တက်လာခြင်းကို ဆိုလိုသည်။ ယနေ့ခေတ်ကာလ ပျမ်းမျှအပူချိန်သည် ၁၈၅၀ ပြည့်နှစ် စက်မှုတော်လှန်ရေးကာလမတိုင်မီ အချိန်ကထက် ၁ ဒီဂရီစင်တီဂရိတ် (၁ ဒသမ ၈ ဒီဂရီဖာရင်ဟိုက်) မြင့်တက်လာသည်။ ယင်းသို့ အပူချိန်မြင့်တက်လာခြင်းသည် ကမ္ဘာတစ်ဝန်းရှိ ရေခဲတောင်များ အရည်ပျော်ကျခြင်းကို အဓိကဖြစ်ပေါ်စေသည်။ ရေခဲတောင်များ ပင်လယ်အတွင်းသို့ အရည်ပျော်ကျလာခြင်းကြောင့် ပင်လယ်ရေမျက်နှာပြင်သည် တဖြည်းဖြည်း မြင့်တက်လာသည်။ ၂၁ ရာစုအတွင်း ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုကြောင့် ကမ္ဘာတစ်ဝန်းရှိ မြို့ကြီးအများအပြားသည် ရေကြီးရေလျှံမှုများနှင့် ရင်ဆိုင်နေရသည်။

ဖန်လုံအိမ်ဓာတ်ငွေ့များရှိသည့်အနက် လေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက်တိုးပွားလာခြင်းသည် ကမ္ဘာကြီးပူနွေးခြင်း၏ အဓိကအကြောင်းရင်းခံဖြစ်သည်။ ရုပ်ကြွင်းလောင်စာများဖြစ်သည့် ကျောက်မီးသွေး၊ လောင်စာဆီနှင့် သဘာဝဓာတ်ငွေ့များ မီးလောင်ကျွမ်းခြင်းသည် လေထုအတွင်းသို့ ကာဗွန်ဒိုင်အောက်ဆိုက်ကို ထုတ်လွှတ်စေသည်။ ထို့ပြင် သစ်ပင်များခုတ်ထွင်ရှင်းလင်းခြင်း (သစ်တောပြုန်းတီးခြင်း)သည်လည်း လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက် တည်ရှိနေမှုကို တွန်းအားပေးရာရောက်သည်။ အဘယ်ကြောင့်ဆိုသော် သစ်ပင်များသည် လေထုအတွင်းရှိ ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူပြီး အောက်ဆီဂျင်ကို ထုတ်လွှတ်ပေးသောကြောင့် ဖြစ်သည်။

ကမ္ဘာ့မျက်နှာပြင်ပေါ်ရှိ လေထုပူလာလေလေ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လေလေပင်ဖြစ်သည်။ ကမ္ဘာ့မျက်နှာပြင်လေထု ပူပြင်းလာပါက ပင်လယ်အတွင်းရှိရေများလည်း ပိုမိုကျယ်ပြန့်လာသည်။ ပင်လယ်ရေမျက်နှာပြင်မြင့်လာသည့်အတွက် ကမ်းရိုးတန်းဒေသများ၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်စေသည်။ ရာသီဥတုဖြစ်စဉ်များလည်း ဖောက်ပြန်လာသည်။ သဲကန္တာရများ၏ အရွယ်အစားမှာ ကြီးမားလာသည်။ အေးသောနေရာဒေသများသည် ယခင်ပူနွေးသော နေရာဒေသများထက် ပိုမိုပူနွေးမှုမြန်ဆန်လာသည်။ မုန်တိုင်းတိုက်ခတ်မှုများလည်း များပြားလာသည့်အတွက် စားနပ်ရိက္ခာ စိုက်ပျိုးရန်ပင် ခက်ခဲမှုများရှိလာသည်။

ကမ္ဘာကြီးပူနွေးလာမှုပြဿနာကို ဖြေရှင်းရန် လေထုအတွင်းသို့ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုကို လျှော့ချပစ်ရန် လိုအပ်သည်။ ထို့ကြောင့် လောင်စာဆီသုံးစွဲမှု၊ လျှပ်စစ်မီးသုံးစွဲမှုနှင့် ကမ္ဘာကြီးပူနွေးလာမှုကိုဖြစ်စေသည့် လုပ်ဆောင်ချက်များကို လျှော့ချပစ်ရမည်။

နောက်ထပ်နည်းလမ်းတစ်ခုသည် ပလတ်စတစ်အိတ်များ၊ ပုလင်းများ၊ စက္ကူများနှင့် ဖန်ထည်ပစ္စည်းများကို ပြန်လည်သုံးစွဲခြင်းပင်ဖြစ်သည်။ ယင်းသို့ လုပ်ဆောင်ခြင်းဖြင့် သစ်တောပြုန်းတီးမှုကို ကာကွယ်ရာရောက်ပြီး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရာရောက်သည်။ ထို့ပြင် သစ်ပင်များကို စိုက်ပျိုးခြင်းသည်လည်း ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ကျစေသည်။

**Choose a or b or c or d.**

1. **What is global warming?**
   a. A very hot summer
   b. The long–term rise in the average temperature of the Earth's climate system
   c. A short period of hot weather
   d. Making something warm or hot
2. **What causes global warming?**
   a. Sea level
   b. Trees and plants
   c. Greenhouse gases
   d. Glaciers and ice caps
3. **This adds carbon dioxide into the air when people**
   a. grow plants
   b. use water
   c. burn fossil fuels
   d. cut down trees
4. **Water expands when it gets**
   a. colder
   b. cooler
   c. warmer
5. **To reduce global warming, we can**
   a. drive cars every day
   b. grow trees
   c. deforest
   d. save environment

Ans: 1. b; 2. c; 3. c; 4. c; 5. b;

# အင်္ဂလိပ်စာစွမ်းရည်တိုးတက်ရေးကဏ္ဍ

ယခုအပတ်တွင် အသုံးများသော နေရာပြဝိဘတ်များနှင့် နမူနာဝါကျများကို ဆက်လက်ဖော်ပြသွားပါမည်။

**Preposition of place (နေရာပြဝိဘတ်)**

**(ယခင်အပတ်မှအဆက်)**

**below အောက်မှာ**

e.g. There is a calendar **below** the clock on the wall.

**beside ဘေးမှာကပ်လျက်**

e.g. Our school is **beside** the bookstore.

**between ကြားမှာ**

e.g. Our house is **between** the supermarket and the school.

**by အနီးမှာ (near ထက်ပိုနီး)**

e.g. He lives in the house **by** the river. (မြစ်နားက အိမ်မှာ သူနေတယ်။ မြစ်ထဲက ရေတွေကို လှမ်းမြင်နိုင်တဲ့အခြေအနေ)

**close to အနီးမှာ**

e.g. Our house is **close to** the supermarket.

**in front of အရှေ့မှာ**

e.g. They are standing **in front of** their houses.

**inside အတွင်းဘက်မှာ**

e.g. The passengers moved down **inside** slowly.

**into အတွင်းသို့**

e.g. We went **into** the room to talk.

**next to ဘေးမှာကပ်လျက်**

e.g. Our house is **next to** the supermarket.

**off အမိုးအတွယ်မဲ့ ကင်းကွာ**

e.g. The cat jumped **off** the roof.

**on အပေါ်မှာ**

e.g. We should get **on** the bus.

**onto အပေါ်သို့ (ရွေ့လျားမှုရှိ)**

e.g. The cat jumped **onto** the roof.

**opposite မျက်နှာချင်းဆိုင်**

e.g. Our house is **opposite** the bookstore.

**out of ထွက်ခွာရာပြ**

e.g. The cat jumped **out of** the window.

**outside အပြင်ဘက်**

e.g. Can you wait **outside**?

**over အပေါ်မှာ (ရွေ့လျားမှုရှိ)**

e.g. The cat jumped **over** the wall.

**through တစ်လျှောက် (ဖြတ်သန်းပြီး)**

e.g. We shouldn't walk **through** the forest.

**to/ towards သို့/ ဆီသို့**

e.g. Can you come **to** me?

e.g. We ran **towards** the monastery.

**under အောက်မှာ (ကြမ်းပြင်ထိ)**

e.g. The cat is **under** the table.

**up အပေါ်သို့**

e.g. He went **up** the hill.

လေ့ကျင့်ခန်းများဖြေဆိုပါ။

**(1) Fill in the blanks with the correct prepositions of place.**

1. My mother is ___ the kitchen. (on/ in/ behind)
2. Our cat likes sleeping with me ___ the bed. (between/ on/ in front of)
3. I'm waiting for my friend ___ her house. (in front of/ under/ on)
4. We are playing a game _ I am hiding ___ the door. (on/ under/ behind)
5. I like sitting ___ my mum and my dad on the sofa. (under/ in/ between)
6. Can you swim ___ water? (in front of/ under/ next to)
7. My teddy (ဝက်ဝံရုပ်) is ___ my doll. (next to/ between/ in)
8. The postman is ___ the door. (on/ in / at)
9. I read the story ___ the newspaper. (on/ in/ up)
10. I live in a house ___ the sea. (of/ by/ to)
11. Who was shouting ___ the room? (at/ in/ on)
12. The bus is ___ the end of the street. (in/ at/ on)
13. The picture is ___ the wall. (under/ in/ on)
14. The desks are ___ the blackboard in the class. (above/ opposite/ between)
15. The lamp is ___ the table. (in/ above/ on)
16. The book is ___ the mug and the pen. (in/ between/ on)
17. There is a bench ___ my house. (on/ in front of/ under)
18. There are mango trees ___ the house. (in/ on/ behind)
19. There is a museum ___ the school. (in/ opposite/ under)
20. The mouse is ___ the cats. (on/ between/ above)
21. The books are ___ my schoolbag. (above/ in/ between)

(ဆက်လက်ဖော်ပြပါမည်)